


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

ကျွန်တော့်အနေနှင့် မြစ်ဝကျွန်းပေါ်သားတစ်ယောက် ဖြစ်သည်နှင့်အညီ မြစ်ဝကျွန်းပေါ်နှင့် ပတ်သက်သည့် အရပ်ဓလေ့များအကြောင်းကို စိတ်ဝင်စားပါသည်။

အထူးသဖြင့် မြစ်ဝကျွန်းပေါ်အရပ်ဒေသများမှ ထူးခြားဆန်းကြယ်သောအကြောင်းအရာများကို ပို၍စိတ်ဝင်စားမှု ရှိပါ သည်။

မြန်မာနိုင်ငံ နေရာဒေသ အနှံ့အပြားတွင် ထူးခြားဆန်းကြယ်လှသော အကြောင်းအရာများစွာတို့ ရှိကြသည်။

ထို့အတူ မြစ်ဝကျွန်းပေါ် အရပ်ဒေသများမှာလည်း များစွာရှိသည်။

ယခုအခါမှသာ သစ်တောများ ပြုန်းတီးသွားပြီဖြစ်သော ကြောင့် အချို့နေရာအတော်များများမှာ လယ်ကွင်းများအဖြစ် ပြောင်းလဲသွားသော်လည်း လွတ်လပ်ရေး မရမီ ရှေ့ပိုင်းကာလ များကမူ မြစ်ဝကျွန်းပေါ် နေရာအတော်များများတွင် သစ်တော ကြီးများက နေရာယူထားခဲ့ပေသည်။

ကျွန်တော့်အနေနှင့် မိမိမွေးဖွားကြီးပြင်းခဲ့သော အရပ် ဒေသများအကြောင်းကို ရေးသားလျှင် များစွာလက်တွေ့ကျလှ ပါသည်။

ထို့ပြင် ထိုအရပ်ဒေသများမှာ ဖြစ်ပျက်ခဲ့ဖူးသော ထူး ခြား ဆန်းကြယ်သောအကြောင်းအရာများကို ရေးသားရလျှင် တော့ ပို၍လက်တွေ့ကျလှပေသည်။

အဘယ့်ကြောင့်ဆိုသော် မိမိပိုင်နိုင်ကျွမ်းကျင်သည့် အကြောင်းအရာများဖြစ်သောကြောင့်ပင်ဖြစ်၏။

အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဘက်မှ မိကျောင်းနှင့် ပတ် သက်သည့် အကြောင်းအရာများကို ရေးသားရာတွင် အသေး စိတ်ဲ ရေးသားနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော်ကိုယ်တိုင် မိကျောင်း ဖမ်းသမားများနှင့် ထိတွေ့ရင်းနှီးခဲ့ဖူးသောကြောင့်ဖြစ်ပါသည်။ ယခုရေးသားသော "ရွှေလောင်းကိုးစီး ငွေလောင်းကိုးစီး" ဝတ္ထုရှည်မှာ တစ်ချိန်က ကျွန်တော် မွေးဖွားကြီးပြင်းခဲ့ရာ မော်လမြိုင်ကျွန်းမြို့တစ်ဝိုက်တွင် ဖြစ်ပျက်ခဲ့ဖူးသော ဖြစ်ရပ်မှန် အချို့ကို အခြေပြုပြီး ကျွန်တော့်စိတ်ကူးဖြင့် ဝတ္ထုရှည်တစ်ပုဒ်ဖြစ် အောင် ချဲ့ထွင်ရေးသားခဲ့ခြင်းဖြစ်ပါသည်။

(၁၉၅၀) ခုနှစ်ဝန်းကျင်တဝိုက်မှာ မွေးဖွားကြီးပြင်းခဲ့သူ မှန် သမျှ ရွှေလောင်းကိုးစီး ငွေလောင်းကိုးစီးအကြောင်းကို ကြား ဖူးကြပါသည်။

ထိုနှင့် ပတ်သက်သောအကြောင်းအရာများမှာ (ဖြစ်ရပ် မှန် အဖြစ်အပျက်များ) ယခု ကျွန်တော်ရေးသားသည်ထက်

www.burmeseclassic.com

ပိုမို ဆန်းကြယ်လှပါသည်။

တစ်ဆက်တည်း ကျွန်တော် မူလတန်းကျောင်းသား အရွယ်မှာ နေခဲ့သော "နေရှင်နယ်ကျောင်း" မှ ကျောင်းနေဘက်များ၊ တန်းမြင့်ကျောင်း(ယခု အထက-၁)မှ ကျောင်းနေဘက် သူငယ်ချင်းများနှင့်၊

မော်ကျွန်းမြို့တွင် (၁၉၇၅) ခုနှစ်နောက်ပိုင်း စာပေ လုပ်ငန်းများ လုပ်ခဲ့စဉ်ကာလတလျှောက် ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေများအားလုံးကို သတိတရရှိရင်းနှင့် ဤဝတ္ထုကို ရေးသားခဲ့ခြင်းဖြစ်ပါကြောင်း...

ကျွန်တော့်စာဖတ်ပရိသတ်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းမှု ရှိကြပါစေဟု ဆုတောင်းမေတ္တာ ပို့သပေးလိုက်ပါ သည်။

စာဖတ်သူများ၏မေတ္တာရိပ်အောက်မှ...

တိုးဝတ္တ

# ဒသယနုလက်ဆောင်

➢ လူဆိုသည်မှာ မျှော်လင့်ချက်များစွာတို့ဖြင့်
အသက်ရှင်နေကြသည်မှာ မှန်ပါသည်။
သို့သော်လည်း...မျှော်လင့်နေရုံသက်သက်နှင့်တော့
အချစ်နှင့် အောင်မြင်ခြင်းအပါအဝင်
မည်သည့်အရာကိုမှ ရနိုင်မည်မဟုတ်ပေ။

➢ နေပြင်းပြင်းပူနေသောအချိန်မှာ
မိုးရွာလျှင် ပျော်ရွှင်ကြသည်။
မိုးရွာနေသောရက်များလာလျှင်လည်း
နေရောင်ခြည်ကို တမ်းတကြပြန်သည်။
ဆန္ဒနှင့်သဘာဝကို သဟဇာတဖြစ်ဖို့တော့
နေတတ်အောင် ကြိုးစားသင့်ပါသည်။

➢ အခြားသူများအတွက်
အကောင်းဆုံးပေးနိုင်သည့်လက်ဆောင်မှာ
"စေတနာ" ပင်ဖြစ်သည်။
စေတနာကို အခြားသူများကိုပေးခြင်းကြောင့်
မိမိပြန်ရသည့်အကျိုးကျေးဇူးများပါသည်။

www.burmeseclassic.com

## ဒဿနလက်ဆောင်

- ပန်းပွင့်များသည်
  သာယာသောဂီတသံကို နှစ်သက်ကြသည်။
  လူများကတော့ ချိုသာသောစကားသံကြောင့်
  နှစ်ဦးနှစ်ဖက် အကျိုးရှိကြသည်။

- အတတ်ပညာကြောင့် သဘာဝတရားကို
  တိုးတက်စေသည်။
  အနုပညာကြောင့် သဘာဝတရားကို လှပစေသည်။
  အသိပညာကြောင့် မိမိဘဝသာမက
  အခြားသူများ၏ဘဝကိုပါ သာယာချမ်းမြေ့စေပါသည်။

- လှိုင်းတံပိုးထန်သော ပင်လယ်ပြင်တွင်
  ရွက်လှေအား တက်မဖြင့် ထိန်းပေးရသည်။
  ခက်ထန်ကြမ်းတမ်းသော ဘဝခရီးလမ်းတွင်
  အသိပညာဖြင့် ထိန်း၍
  ကြိုးစားအားထုတ်မှုများဖြင့် ကျော်ဖြတ်ကြရသည်။

## ဒဿနလက်ဆောင်

- မိုးရေစက်များသည်
  ပန်းပွင့်ပေါ်မှ ပုံးထားသော အလွှာချပ်ကို ဖယ်၍
  ပန်းများကို ပွင့်စေသည်။
  အချစ်သည်
  ပုံးကွယ်ထားသော ဟန်ဆောင်မှုများကို
  အလွယ်တကူ ဖယ်ရှားနိုင်စွမ်းရှိသည်။

- အချစ်သည် ချစ်နေရုံနှင့် မပြီးသေးပေ။
  ဘဝအတွက် လက်တွဲသွားမည်ဟု
  ဆုံးဖြတ်ချက်မျိုး မဖြစ်ပေါ်မချင်း
  နေရောင်ခြည် မလာခင် တွေ့ရသော
  မြူနှင်းအချစ်မျိုးသာ ရှိနေပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အမှာစာ

အခန်း(၁) ကူးတို့ခဖြင့်ဆိုက်ကားခ ပေးသောသရဲ

အခန်း(၂) ဥစ္စာရှာသူတို့ဥစ္စာရနိုင်သောနေရာ

အခန်း(၃) ပုဏ္ဏကကုန်းမှချောက်ချားဖွယ်ရာများ

အခန်း(၄) ပုဏ္ဏကကုန်းမှအစာလာတောင်းသည့် ပရလောကသား

အခန်း(၅) ရေအောက်မှဘီလူးပေါ်ခြင်း

အခန်း(၆) ထူးဆန်းလှသောအသက်လုပွဲများ

အခန်း(၇) သိုက်ဆရာများထွက်ပြေးရသောည

အခန်း(၈) ဦးဇန်ကောင်းနှင့်တွေ့ရခြင်း

အခန်း(၉) သိင်္ဂီရနိမိတ်ပုံများပေးလော

အခန်း(၁၀) ကျိန်စာသင့်နေသောနေရာနှင့်ကြမ္မာဆိုး

အခန်း(၁၁) ရေနန်းရွှေစင်မှအစောင့်ပေလော

အခန်း(၁၂) အညတြဘဝမှဆန်စက်ပိုင်ရှင်ဘဝရောက်ရခြင်း

အခန်း(၁၃) သေမှန်းမသိသေးသည့်ဘဝခြားနေသူများ

အခန်း(၁၄) ပရလောကမှအကူအညီပေးသူများ

အခန်း(၁၅) ရာဇဝင်တိုင်အလွမ်း

အခန်း(၁၆) ရေနန်းရွှေစင်စေတီတော်

အခန်း(၁၇) ရွှေလောင်းကိုးစီးငွေလောင်းကိုးစီး


BURMESE CLASSIC .com



## အခန်း(၁)

# ကူးတို့ခဖြင့် ဆိုက်ကားခ ပေးသောသရဲ

ရေပတ်လည် ဝန်းရံလျက်ရှိနေသော ကုန်းမြေကို 'ကျွန်း' ဟု ခေါ်ဝေါ်ခဲ့ကြသည့်အတိုင်း အရှေ့အနောက်တောင်မြောက် လေးဘက်လေးတန် ရေပတ်လည် ဝန်းရံနေသောမြို့ကိုလည်း မော်လမြိုင်ကျွန်းဟု ခေါ်ဝေါ်ခဲ့ကြသည်။

အချို့ကတော့ မော်လမြိုင်မြို့ ရှိနှင့်နေသောကြောင့် 'ကျွန်း' ထပ်ထည့်ပြီး မော်လမြိုင်ကျွန်းဟု ခေါ်ဝေါ်လေသလားဟု ထင်စရာရှိပေသည်။

မော်လမြိုင်ကျွန်းမြို့သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီတိုင်း၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်အတွင်း ပါဝင်သည်။

မော်လမြိုင်ကျွန်းမြို့နယ် ရုံးစိုက်ရာမြို့လည်းဖြစ်သည်။ မြို့တည်ထောင်ကာစတွင်တော့ လူဦးရေ မများလှပေ။ ရှေးခေတ်မှတ်တမ်းများအရ (၁၉၅၀)ခုနှစ်ဝန်းကျင်က မြို့ပေါ်တွင် နေထိုင်သူ ရှစ်သောင်းကျော် ကိုးသောင်းနီးပါးခန့်သာ ရှိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းဟုသာ မြို့အမည် အပြည့်အစုံ ရှိသော်လည်း မြို့ခံများနှင့် စာရေးဆရာများကတော့ 'မော်ကျွန်း' ဟုသာ ခေါ်ဝေါ်သုံးစွဲကြသည်။

မော်ကျွန်းအမည်တပ်ပြီး စာရေးဆရာအမည် ခံယူထားသူများလည်း ရှိပေသည်။

"ရွှေကျွန်းရီလေး၊ မော်ကျွန်းစိုးမြင့်၊ မောင်ခိုင်လတ်(မော်ကျွန်း)၊ မင်းနန်(မော်ကျွန်း)၊ အောင်ခိုင်လင်း(မော်ကျွန်း)"

စသော ကလောင်ရှင်များ ပေါ်ထွက်ခဲ့သည်။

တစ်ချိန်က (၁၉၇၈-၂၀၀၀)မဂ္ဂဇင်းစာမျက်နှာများပေါ်မှာ 'အောင်ခိုင်လင်း(မော်ကျွန်း)' ဟူသောကလောင်အမည်ကို ယူ၍ ရေးခဲ့သော ကျွန်တော်ပင်လျှင် လုံးချင်းဝတ္ထုပေါင်း(၂၀၀)ကျော်အထိ ရေးသားအောင်မြင်ခဲ့ပေသည်။

လုံးချင်းဝတ္ထုများတွင် 'တြိစက္က' ဟူသော ကလောင်အမည်ကို အမိကထား၍ ရေးသားခဲ့ခြင်းဖြစ်ပေသည်။

ဒီနေရာမှာ ကျွန်တော်၏အောင်မြင်မှုကို ဖော်ပြ၍



BURMESE CLASSIC .com



မဟုတ်ပါဘဲ မော်ကျွန်းမြို့နှင့် ပတ်သက်သောအကြောင်းများကို ဖော်ပြလိုသောကြောင့်သာဖြစ်ပါသည်။

မော်လမြိုင်ကျွန်းမြို့သည် ဧရာဝတီမြစ်၏မြစ်ခွဲတစ်ခုဖြစ်သော ရာဇူတိုင်မြစ်နှင့် တုံးလုံချောင်းတို့ ဆုံရာ ကျွန်းငယ်တစ်ခုပေါ်၌ တည်ရှိလေသည်။

မှတ်တမ်းများအရ အလျားနှစ်မိုင်၊ အနံတစ်မိုင်ခွဲခန့် အကျယ်အဝန်းသာ ရှိသည်။

မော်လမြိုင်ကျွန်းမြို့သည် ဆန်စပါး အဓိက ထွက်သည့် မြစ်ဝကျွန်းပေါ်အရပ်တွင် တည်ရှိသောကြောင့် ဆန်စပါးများစွာ ထွက်သည်။

ဆန်စပါး အထွက်ကောင်းလှသောကြောင့် မြစ်ကမ်းတလျှောက်တွင် စပါးကြိတ်ခွဲသော ဆန်စက်ပေါင်းများစွာ ရှိသည်။

ရှေးကပင် ဆန်စက်ပေါင်း(၁၈)လုံးခန့်ရှိသည်။

ဆန်စပါးလုပ်ငန်းအပြင် ထင်းလုပ်ငန်း၊ ငါးပုဇွန် လုပ်ငန်းများလည်း များစွာတွင်ကျယ်လှသည်။

မြို့ကို ရေပတ်လည် ဝန်းရံနေသောကြောင့် အခြားမြို့နယ်များနှင့် ဆက်သွယ်ရာတွင် ရေလမ်းခရီးကိုသာ အားပြုကြရသည်။

မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်၊ မြောင်းမြ၊ ညောင်တုန်း၊ လှိုင်ဘုန်းမြို့များသို့ ပြည်တွင်း ရေကြောင်းသင်္ဘောများနှင့် ပုဂ္ဂလိက ပြေးဆွဲနေသော သင်္ဘောများလည်း ရှိသည်။ ထောင်



www.burmeseclassic.com

www.burmeseclassic.com



များ မပေါ်ခင်က ဘိုကလေးမြို့သို့ နေ့ချင်းပြန် ပြေးဆွဲပေးသော တစ်ထပ်သင်္ဘောများ ရှိခဲ့သည်။

မော်လမြိုင်ကျွန်းမြို့သည် ဗြိတိသျှတို့ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများကို သိမ်းယူခဲ့သော ခရစ်နှစ်(၁၈၈၀)ပြည့် နှစ်နောက်ပိုင်းမှ မြို့အဖြစ် ပေါ်ထွန်းလာခဲ့သော မြို့တစ်မြို့ဖြစ်သည်။

ရှေးအခါကမူ ကြိမ်လုပ်ငန်း လုပ်သူများ၊ သင်ဖြူးဖျာ ယက်သော သင်စခန်းများအဖြစ်သာ ရှိခဲ့သည်။

ရွာငယ်ရွာစုကလေးများအသွင်ဖြင့် စတင်နေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ကြိမ်ခုတ်သူများ၊ သစ်ခုတ်သူများနှင့် ငါးဖမ်းသူများ စုဝေးနေထိုင်ခဲ့ကြရာမှ တဖြည်းဖြည်းနှင့် ရွာငယ်ကလေးများ ဖြစ်လာကြခြင်းဖြစ်သည်။

ထိုအချိန်က ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေ မရှိလှဘဲ ကနစိုသစ်တောများ ရှိနေသေးသည်။

ယခုအခါ ကူးတို့လှေဖြင့် ကူးရသော တုံးလှဲချောင်းသည်ပင် မကျယ်ဝန်းလှသေးဘဲ သစ်တုံးကို လှဲပြီး တံတားအဖြစ် အသုံးပြုခဲ့သောကြောင့် 'တုံးလှဲချောင်း' ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါမှာတော့ ကမ်းပါးများ ရေတိုက်စားမှုကြောင့် အတော်ကျယ်ဝန်းနေချေပြီ။

ကျွန်တော်တို့ငယ်စဉ်ကပင် တုံးလှဲချောင်း တစ်ဖက်





ကမ်းနှင့်တစ်ဖက်ကမ်း နီးနီးပင် ရှိပေသေးသည်။

တစ်နေ့သ၌ ကြိမ်စခန်းသို့ ကျားဝင်လာပြီး အဖွားအိုတစ်ယောက်ကို ကျားဆွဲသွားလေသည်။

သစ်တောထူထပ်သောကြောင့် ကျားအပါအဝင် တောတိရစ္ဆာန်များ ရှိနေသေးရာ ထိုကဲ့သို့ တောတွင်းမှ ကျားက ရွာသို့ ဝင်လာပြီး ဆွဲသွားခြင်းဖြစ်သည်။

သို့ကြောင့် ကျန်လူများက ထိုနေရာမှာ ဆက်မနေဝံ့ကြတော့သဖြင့် သူကြီးဦးစော်ကဲက ကမကထ ပြုကာ ရွာ၏ အနောက်ဘက်သို့ ရွှေ့ပြောင်းကြလေသည်။

နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် လူဦးရေ တိုးပွားလာခဲ့ရာ (၁၈၉၉)ခုနှစ်တွင် မြို့အသွင် ပြောင်းလဲလာခဲ့လေသည်။

ကျွန်းပေါ်တွင် ဖုံးအုပ်နေသော တောများကို ခုတ်ထွင်ရှင်းလင်းပြီး မြို့တည်ခဲ့ကြခြင်းဖြစ်သည်။

နောက်ပိုင်း လယ်ကွင်းများကိုလည်း ထိုကဲ့သို့ပင် တောများ ခုတ်ထွင်ရှင်းလင်းပြီး တည်ထောင်လာခဲ့ကြရခြင်း ဖြစ်ပေသည်။

ရာဇူတိုင်မြစ်ကမ်းတစ်လျှောက်မှာ ရှိသောတောများကို ခုတ်ထွင်ရှင်းလင်း၍ လယ်တည်ကာ လုပ်ကိုင်ကြသူများတွင် ဦးချင်းနှင့်ဒေါ်လှဝင်းတို့ ဇနီးမောင်နှံလည်း ပါဝင်ခဲ့ပေသည်။

ဂင်းတို့လင်မယားမှာ ဖျာပုံမြို့မှ ပြောင်းရွှေ့လာကြသူများဖြစ်ပြီး နောက်တစ်ချိန်တွင် မြန်မာနိုင်ငံတွင် ထင်ရှားကျော်



www.burmeseclassic.com

www.burmeseclassic.com



ကြားသော သူဌေးကြီးဦးချင်း၊ သူဌေးကတော် ဒေါ်လှဝင်းဘ၀သို့ ရောက်ခဲ့ကြပေသည်။

၎င်းတို့နှင့် ပတ်သက်သော စိတ်ဝင်စားဖွယ်ရာကောင်းသော အကြောင်းများကိုလည်း ရှေ့အခန်းများ ရောက်လျှင် အလျဉ်းသင့်သလို ဖော်ပြပေးပါမည်။

မော်လမြိုင်ကျွန်းမြို့ ဖြစ်လာပြီးနောက် (၁၈၉၅)ခုနှစ်တွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် ပထမဦးဆုံး ဈေးကို တည်ဆောက်ခဲ့သည်။

(၁၉၃၁)ခုနှစ်တွင် မြို့မကျောင်းကို ဆောက်သည်။ ရှေးက တန်းမြင့်ကျောင်းဟု ခေါ်ပြီး ယခုတော့ အထက်တန်းကျောင်းဟု ခေါ်ဝေါ်ခဲ့ကြသည်။

(၁၉၅၅)ခုနှစ်တွင် ရှေးအခါကဲ့သို့ ကော်မတီ မဟုတ်တော့ဘဲ မြူနီစပယ်အဖွဲ့ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ရှေးအခါက မြို့နေလူများမှာ ကရင်တိုင်းရင်းသားတို့ များသည်။

ခရစ်ယာန်ဘာသာဝင် အနည်းငယ် ရှိသည်။

နောက်ပိုင်း ကုလားနှင့်တရုတ်လူမျိုးများ ရောက်လာကြကာ မြို့၏အချက်အချာကျသောနေရာများ၌ နေရာယူလျက် စီးပွားရေးများ လုပ်ကိုင်ကြသည်။

မြို့အမည်ကို မော်လမြိုင်ကျွန်းမြို့ဟု ခေါ်တွင်ခဲ့သော အကြောင်းမှာ ရှေးအခါက မြို့၏အရှေ့ဘက်တွင် မော်လမြိုင်ပန်းပင်များ ထူထပ်စွာ ပေါက်ရောက်ပြီး မြို့တည်ထားသော





ကျွန်းမြေကို ရေပတ်လည် ဝန်းရံနေသောကြောင့် 'မော်လမြိုင်ကျွန်းမြို့' ဟု ခေါ်တွင်ခဲ့ကြောင်း ရှေးမှတ်တမ်းများ၌ ဖော်ပြထားသည်။

(၁၉၅၀)ပြည့်နှစ် မတိုင်မီကတည်းကပင် မော်လမြိုင်ကျွန်းမြို့ပေါ်တွင် လူနေအိမ်ခြေ ထက်ဝက်ခန့် ရှိပြီး ကျန်ထက်ဝက်ခန့်မှာ ဘုရားမြေ၊ ကျောင်းမြေများနှင့် ဘုရားကြီးများ၊ ကျောင်းတိုက်ကြီးများ ရှိခဲ့သည်။

ထိုအထဲတွင် သူဌေးကြီးဦးချင်း၊ ဒေါ်လှဝင်းတို့ တည်ဆောက်လှူဒါန်းခဲ့သော 'မဟာဝတ္ထုကံတိုက်ကျောင်း' လည်း အပါအဝင်ဖြစ်ပေသည်။

ရှေးအခါက တာဝတိံသာဘုရားလမ်း နောက်ပိုင်းမှာ ဘုရားပရိဝုဏ်၊ ကျောင်းပရိဝုဏ်များသာ ရှိပြီး လူနေအိမ် မရှိတော့ပေ။ ထိုနောက်ဘက်မှ (၁၃)လမ်းက ပတ်သွားပြီး လူသွားလူလာ အသုံးပြုခြင်း မဟုတ်ဘဲ အသုဘ ချရာတွင်သာ အသုံးပြုကြလေသည်။ ထိုအနောက်ဘက်မှာတော့ လယ်ကွင်းများသာ ရှိပြီး မြောက်ဘက်ပိုင်းမှာ မော်ကျွန်းသုသာန် ရှိခဲ့သည်။

ကျွန်တော်ရေးသောအကြောင်းအရာများမှာ (၁၉၄၅-၅၀)ခုနှစ်ဝန်းကျင်အချိန်လောက်ကဖြစ်ပြီး ယခုအချိန်လောက်မှာတော့ သုသာန်နယ်မြေက အခြားနေရာ ရောက်ချင်လည်း ရောက်နေလောက်ပေပြီ။

နောက်ပိုင်းမှာတော့ (၁၃)လမ်းအနောက်ဘက်မှ ရှိသော လယ်ကွက်များကို မြို့ကွက်ရိုက်ကာပြီး မြို့သစ်တည်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့သည်။

အရှေ့နှင့်အနောက် သွယ်တန်းထားသော အောင်ရိပ်သာ လမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းမကြီးနှစ်လမ်းကို အခြေပြုပြီး ဖြတ်လမ်းများ သွယ်တန်းထားခြင်းဖြစ်သည်။

ကျွန်တော်မှတ်မိသလောက်တော့ ထိုလမ်းအမည်များမှာ ပန်းအမည်ပေးထားသည့်လမ်းများဖြစ်သည်။

အင်ကြင်းမြိုင်လမ်း၊ ပိတောက်ရွှေဝါလမ်း၊ စံပယ်လမ်း၊ ဒေါနလမ်း၊ ဇီဇဝါလမ်း စသောအမည်များဖြစ်သည်။

အနောက်ဘက် မြို့ပတ်လမ်းကိုတော့ 'ယမုံနာလမ်း' ဟု အမည်ပေးခဲ့ကြသည်။

ထိုအကြောင်းအရာများမှာ နှစ်ပေါင်းလေးဆယ်ကျော် ငါးဆယ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ယခုအချိန်မှာတော့ အပြောင်းအလဲများစွာ ရှိနေပေလိမ့်မည်။

မြို့သစ်တည်ထောင်ကာစက ထိုနေရာများမှာ ပြောင်းရွှေ့နေထိုင်သူများကို 'ကွက်သစ်နေသူများ' ဟု ခေါ်ဝေါ်ကြသည်။

မြို့သစ်တည်ကာစက အောင်ရိပ်သာနှင့် ဗိုလ်ချုပ်လမ်းမကြီးနှစ်လမ်းမှာပင် မြေသားလမ်းများဖြစ်သောကြောင့် မိုးအခါ ရောက်လျှင် ရွှံ့ဗွက်များကြားမှာ သွားကြလာကြရသည်။

ဖြတ်လမ်းများမှာတော့ မြေသားလမ်းပင် မဖို့ကြရသေးသောကြောင့် သစ်ပေါင်းသားတံတားထိုး၍ သွားလာကြရလေသည်။





လယ်ကွက်များဖြစ်သောကြောင့် မိုးရာသီ ရောက်လာလျှင် ရေဝင်လာပြီး ငါးအလွန်ပေါသည်။

တံတားပေါ်မှ ကြည့်လျှင် အောက်မှာ ကူးခတ်သွားလာနေသော ငါးရံ့၊ ငါးခူ၊ ငါးပြေမ စသော လယ်ငါးများကို တွေ့ရသည်။

ဝါသနာပါသူများက ငါးမျှားတံများဖြင့် ငါးမျှားကြသည်။ ပြောင်းရွှေ့ကာစက နွေရာသီဖြစ်သောကြောင့် အရိပ်မရှိဘဲ အပူဒဏ် ခံကြရပြီး မိုးရာသီ ရောက်လာသောအခါ ရွှံ့ထဲရေထဲမှာ သွားလာကြရသောကြောင့် များစွာစိတ်ညစ်ကြသော်လည်း တစ်နှစ်၊နှစ်နှစ်ကြာပြီး နေသားကျသွားသောအခါမှာတော့ အဆင်ပြေသွားကြသည်။

ထိုရပ်ကွက်သစ်တွင် နေသူများမှာ မြို့ထဲသို့ သွားလိုလျှင် ဗိုလ်ချုပ်လမ်းနှင့် ဆက်ထားသော (၅)လမ်းမှ သွားကြသည်။ အောင်ရိပ်သာဘက်ခြမ်းမှ နေသူများကတော့ ဇင်းလမ်း၊ ထိပ်နှင့်တည့်တည့်မှာ ရှိသော ကြေးဆင်းတုဘုရားနှင့် ကျောက်ဆင်းတုဘုရားကြား၊ ဘုရားကြီးကျောင်းတိုက်နံဘေးမှပင် လမ်းအဖြစ် အသုံးပြု၍ သွားလာကြရသည်။

ရှေးအခါက မော်ကျွန်းမြို့တွင် ရုပ်ရှင်ပြသော ရုပ်ရှင်ရုံ နှစ်ရုံရှိလေသည်။

မြိုင်မာလာ ရုပ်ရှင်ရုံနှင့် ပတ္တမြားမျက်ရှင်ရုံတို့ဖြစ်သည်။ ရုပ်ရှင်ရုံများမှ လူကြိုက်များသော ရုပ်ရှင်ကားများမှာ ရှော ပါသောဇာတ်ကားများနှင့် ရာဇဝင်ဇာတ်ကား၊ သိုက်သမိုင်းဇာတ်


www.burmeseclassic.com

www.burmeseclassic.com

ကားများဖြစ်သည်။

အများအားဖြင့်တော့ သိုက်သမိုင်းဇာတ်ကားများ ပြသလျှင် လူဝင်များလေသည်။

ကလေးတစ်မတ်၊ လူကြီးငါးမူးသာ ရုံဝင်ခ ယူသော်လည်း လူတိုင်း ရုပ်ရှင်မကြည့်နိုင်ကြပေ။

လက်ဖက်ရည်တစ်ခွက် တစ်မတ်၊ ဆန်တစ်ပြည် တစ်ကျပ်၊ ငါးသေတ္တာတစ်ဗူး တစ်ကျပ်၊ ကုလားမခြင်းဆွဲ နို့ဆီတစ်ဗူး တစ်ကျပ်၊ ဘဲဥတစ်လုံး ဆယ်ပြား၊ ဆယ်လုံး တစ်ကျပ်၊ ငါးတစ်ပိဿာ တစ်ကျပ်၊ ပုဇွန်တစ်ပိဿာ တစ်ကျပ်၊ ဆီတစ်ဆယ်သား သုံးဆယ့်ငါးပြား၊ ရေနံဆီတစ်ပုလင်း ပြား(၃၀)၊ ခေါက်ဆွဲကြော်တစ်ပွဲ တစ်မတ်သာ ပေးရသော ခေတ်ကာလတွင် ပိုက်ဆံငါးမူးမှာ ထမင်းတစ်နပ် စားနိုင်သောအချိန်မို့ တော်ရုံနှင့် ရုပ်ရှင်မကြည့်နိုင်ပေ။

ရုပ်ရှင်ကား ကောင်းမှသာ သွားရောက်ကြည့်ကြသည်။

ယောကျ်ားနှင့်ကလေးများက ရွှေဘ၊ တင်ညွန့် ပါဝင်သော ဇာတ်ကြမ်းကားများကို နှစ်သက်ပြီး အမျိုးသမီးများက ငိုရသော သိုက်သမိုင်းကားများကို သဘောကျကြလေသည်။

ရှေးအခါက အခြားရုပ်ရှင်ပွဲများ ပြသောအခါတွင် တီးဝိုင်းဖြင့်သော်လည်းကောင်း၊ ဆိုင်းဝိုင်းဖြင့်သော်လည်းကောင်း ကြော်ငြာညှော့ခံလေ့ရှိကြသော်လည်း သိုက်သမိုင်းဇာတ်ကားများ ပြပြီဆိုလျှင်တော့ ထူးထူးခြားခြားဖြစ်အောင် ပြုလုပ်ကြလေသည်။





ရုပ်ရှင်ရုံနှစ်ရုံ ရှိသည်အနက် နှစ်ရုံစလုံးမှာ သိုက်သမိုင်းကား အပြိုင်တင်ပြီဆိုလျှင်တော့ တစ်ရုံနှင့်တစ်ရုံ အပြိုင်အဆိုင် ကြော်ငြာကြလေသည်။

ရှေးအခါက စုန်း၊ ကဝေ၊ သရဲ၊ သိုက်ဇာတ်ကားများ ရုံတင်ပြီဆိုလျှင် ရုံရှေ့တွင် မဏ္ဍပ်ကြီးများ ထိုးပြီး နတ်ကန်နှားပွဲများ ပြုလုပ်ကျင်းပကြသည်။

နတ်ပွဲဆိုလျှင် စိတ်ဝင်စားသူ များရာ(အထူးသဖြင့် အမျိုးသမီးများ)နတ်ဝင်သူများကို သူ့ထက်ငါ အလုအယက် တိုးဝှေ့ဝင်ကြည့်ကြသည်။

ဆိုင်းဝိုင်းမှလည်း နတ်ဒိုးသံကို ကျယ်လောင်စွာ တီးမှုတ်ပေးကြသည်။

နတ်ပွဲကနေရင်းမှ နတ်ဝင်သည်များက ရုပ်ရှင်ထဲမှာ ပြသမည့်ဇာတ်လမ်းကို ဇာတ်ထုပ်သဘောမျိုး ခင်းကျင်းကပြကာ ကြော်ငြာပေးကြသောကြောင့် စိတ်ဝင်စားလာကြပြီး နတ်ပွဲတိုးကြည့်နေရာမှ တဖြည်းဖြည်းနှင့် ရုပ်ရှင်ရုံအတွင်းသို့ တိုးဝှေ့ဝင်သွားကြလေသည်။

ထိုအချိန်က စုန်း၊ ကဝေ၊ သိုက်၊ သရဲ ဇာတ်ကားများတွင် ပါဝင်ခဲ့ကြသော မင်းသား၊ မင်းသမီး ဇာတ်ပို့သရုပ်ဆောင်တို့မှာ. . .

ခင်မောင်ဇင်၊ ခင်မောင်ညွန့်၊ အေဝမ်းညွန့်မောင်၊ တင်ညွန့်၊ ရွှေဘ၊ ဒိုင်ဗင်တင်လှ၊ ရွှေကို၊ ကျော်ဖေ၊ မြင့်စိုး၊ ကြည်ကြည်ဌေး၊ မေရီမြ၊ မေမြင့်၊ ခင်ခင်ဥ၊ ခင်မကြီး၊ မြမြရီ၊ ခင်မြ၊ မေနုတို့


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြပြီး ဇာတ်ပို့များထဲတွင် စုန်းကဝေနေရာတွင် ဒေါ်မြလေးနှင့် သရဲတစ္ဆေနေရာတွင် တာတေကြီးတို့မှာ ထိုခေတ်အခါက မပါမဖြစ် သရုပ်ဆောင်များဖြစ်ခဲ့ကြသည်။

ထိုဇာတ်ကားများ ခေတ်စားစဉ်က ဦးဘဇင်၊ ဦးချစ်ဖေ၊ ဆရာရွှေ၊ အေဝမ်းညွှန့်မောင်၊ ဦးစိုးမောင်၊ မျိုးမြင့်အောင်၊ ဦးဘိုးဟန်၊ မောင်မောင်စိန် စသော ဒါရိုက်တာများ၏လက်ရာများကို အဆက်မပြတ် ကြည့်ရှုခဲ့ကြရသည်။ (၁၉၆၂)ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် 'စုန်း၊ ကဝေ၊ သရဲဇာတ်ကားများ ထုတ်လွှင့်ပြသခွင့် မပြုတော့' ဟူသော အမိန့်ကြေညာစာ ထွက်ပေါ်လာပြီးနောက်ပိုင်းမှ ထိုဇာတ်ကားများ ရပ်တန့်သွားလေတော့သည်။

ထိုမတိုင်ခင်က ထင်ရှားသောဇာတ်ကားများမှာ . . .

ပြဒါးရှင်၊ ရှင်ဖြူရှင်ညို၊ မင်းစိန်မင်းသိန်၊ ဆယ်တော်ရှင်မ၊ ရှင်မတောင်သိုက်၊ ဘိုးမယ်တက်ခါး၊ ထီးလပ်ပိုးဥ၊ မှော်ဘီမနှင်းစိန်၊ ကန်တော်မောင်နှမ၊ နှစ်ဆောင်မြိုင်၊ ရတနာနတ်မယ်၊ ရွှေချိုးဖြူ မူလာခဲ၊ ရတနာရွှေဂူ၊ ဒေးစွန်ပါသိုက်၊ ဂနိုင်းအင်းသိုက်၊

အစရှိသော ဇာတ်ကားများဖြစ်ကြလေသည်။

လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်အချိန်က မြစ်ဝကျွန်းပေါ် နယ်မြို့ကလေးများတွင် ခေတ်မီဖွံ့ဖြိုးမှု နည်းသေးပြီး အသိပညာလည်း ကွယ်ဝမှု မရှိလှသေးပါ။

အလွမ်းဇာတ်ကားများ ကြည့်ပြီး မျက်ရည်တရွှဲရွှဲ ကျနေတတ်သလို သရဲကားများ ကြည့်ပြီး ညအချိန် အိမ်သာမတက်ဝံ့





သူများ၊ တစ်ယောက်တည်း အပြင်မထွက်ဝံ့သူများလည်း ရှိကြသည်။

ထို့အတူ သိုက်စောင့်ဇာတ်လမ်းများ ကြည့်ပြီး မိမိကိုယ်တိုင် သိုက်စောင့်ဘဝမှ လာခဲ့သူဟု ထင်မှတ်သော အမျိုးသမီးများ ရှိလာကြသည်။

ရှေးက ရေးသားခဲ့သည့်အတိုင်း လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ကျော်အချိန်ကာလ မြို့ပေါ်တွင် လူနေ နည်းလှသည့် အပြင် နေရာအတော်များများမှာ ဘုရားပရိဝုဏ်၊ ကျောင်းပရဝုဏ်များသာ များသောကြောင့် နေရာအတော်များများမှာ လူသွားလူလာ မရှိသလောက် နည်းလှသည်။

မြို့သစ်များ တိုးချဲ့ပြီးနောက် မြို့မဘက်သို့ ကူးရာမှာလည်း ဘုရားကြား၊ ကျောင်းကြားများမှ သွားလာကြသူများအတွက်လည်း ထိုနေရာမှ ဖြတ်သွားဖြတ်လာ ပြုကြသောအခါ ရင်တမမနှင့် ဘုရားတ,ပြီး သွားကြလာကြရသည်။

အထူးသဖြင့် ညပွဲပြသော တစ္ဆေသရဲ၊ စုန်းကဝေ၊ သိုက်သမိုင်းကားကြည့်ပြီး အဖော်မပါဘဲ ဘုရားကြားမှ ဖြတ်ပြန်ရသူများအတွက်တော့ သည်းထိတ်ရင်ဖို စွန့်စားခန်းမျိုးပင်ဖြစ်တော့သည်။

မီးရောင်ကလည်းမရှိ၊ လူနေအိမ်ကလည်းမရှိ၊ လူကလည်း ပြတ်သည့်အပြင် ဘေးတစ်ဖက်တစ်ချက်တွင် အုံ့ဆိုင်းနေသော ဝါးပင်နှင့်သစ်ပင်များ၊ မှောင်မည်းနေသော ဘုရားတန်ဆောင်းများကြားမှ တစ်ယောက်တည်း ဖြတ်ပြန်ရသူအဖို့


www.burmeseclassic.com

www.burmeseclassic.com

ချောက်ချားဖွယ်ရာ အခြေအနေမျိုးပင်ဖြစ်တော့သည်။

ညအချိန် ဘုရားလမ်းကြားမှ ထွက်လာပြီး သိုက်သမိုင်းကား ပြနေသောရုပ်ရှင်ရုံသို့ လိုက်ပို့ပေးရန် ပြောသဖြင့် ဆိုက်ကားဖြင့် လိုက်ပို့ပေးရာ မီးရောင်ရှိသောနေရာ ရောက်တော့မှ ဦးခေါင်းမပါမှန်း သိရသောအဖြစ်မျိုး၊

ညအချိန် တစ်ယောက်တည်း ပြန်လာရာ ဘုရားလမ်းကြား ရောက်တော့မှ ဆောင့်ကြောင့်ထိုင်လျက် မျက်လုံးနီနီကြီးဖြင့် လှမ်းကြည့်နေသည်ကို တွေ့ရသဖြင့် နောက်ကြောင်းပြန်လှည့်ပြေးခဲ့ရသောအဖြစ်မျိုး၊

ဆိုက်ကားသမားတစ်ယောက်အဖြစ်ကတော့ ရယ်စရာလည်း,ကောင်း၊ ကြောက်စရာလည်း ကောင်းသည်။

နေဝင်ရီတရောအချိန် သင်္ချိုင်းရှိရာဘက်သို့ အပို့ခိုင်းသောကြောင့် လိုက်ပို့ရာ သင်္ချိုင်းနှင့် မနီးမဝေး ရောက်တော့မှ ဆိုက်ကားရပ်ခိုင်းပြီး ဆင်းသည်။

အမျိုးသမီးတစ်ဦးပင်ဖြစ်သည်။

သူမကို တင်ပြီးနင်းလာစဉ် လမ်းတလျှောက်လုံး မီးနေအနံ့လိုအနံ့မျိုးတော့ ရသလို ထင်မိသည်။

“ဆိုက်ကားခ ဘယ်လောက်လဲ”

“ငါးမူးပဲ ပေးပါ”

ထိုအခါ ငါးမူးစေ့တစ်စေ့ကို သူမပါးစပ်ထဲမှ ထုတ်ပေးသည်။ ထိုသို့ထုတ်ပေးသဖြင့် ဆိုက်ကားသမားက အံ့ဩသွားသည်။





“ခင်ဗျားဗျာ. . . ပိုက်ဆံကို ပါးစပ်ထဲမှာ ငုံထားရတယ်လို့”


“ငုံမထားလို့ ဖြစ်ပါ့မလား၊ ကျွန်မက မီးမဖွားနိုင်လို့ သေတာ သုံးရက်ရှိနေပြီ၊ ဒီနေ့မှ မသာချကြတော့ ကူးတို့ခပိုက်ဆံကို ပါးစပ်ထဲ ထည့်ပေးလိုက်ကြတာလေ”

“ဗျာ. . ”

ဆိုက်ကားသမားမှာ အကြောက်လွန်ပြီး မိမိဆိုက်ကားကိုပင် မယူနိုင်တော့ဘဲ ထိုနေရာမှ တချိုးတည်း ထွက်ပြေးခဲ့ရလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

# ဥစ္စာရှာသူတို့ ဥစ္စာရနိုင်သောနေရာ

ရောဝတီတိုင်းအတွင်းမှာ ရှိသောမြို့နယ်များမှာ အများအားဖြင့်တော့ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်ကြသည်။

ပုသိမ်၊ မြောင်းမြ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ စသော မြို့နယ်များမှာ ပင်လယ်ပိုင်းဒေသများနှင့် ဆက်စပ်နေသောနေရာများဖြစ်သည်။

ရှေးအခါက ထိုမြို့နယ်များအထိ ပင်လယ်ရေငန်ပေါက်သည်ဟု ရှေးလူများ ပြောသည်။

ယခုတော့ သစ်တောကြီးများကလည်း ပြုန်းတီးသွားပြီ


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သောကြောင့် ပင်လယ်ဒီရေလည်း မရောက်တော့ပေ။ ကျွန်တော်တို့ငယ်စဉ်ကပင် ဘိုကလေးမြို့နှင့် မော်လမြိုင်ကျွန်းမြို့အထိ ပင်လယ်ရေငန် ရောက်သေးသည်။ ထိုအချိန်ကလည်း ပြင်ဒရယ်(ပျဉ်ဒရယ်) သစ်တောကြီးဝိုင်းကြီးများက အောက်ပိုင်းဒေသတစ်ခုလုံးကို ဖုံးအုပ်ထားလေသည်။

ဗိုလ်ကလေး(ယခု ဘိုကလေး)မြို့အောက်ပိုင်းမှာ ရှိသော ဦးရှင်ကြီးနတ်ရာဇဝင်မှာ ပါသော ကျွန်းညိုကြီးဆိုသော ကျွန်းပေါ်မှာပင် ကနစိုသစ်တောကြီးများက ညို့နေအောင် ရှိနေသေးသည်။

ယခုတော့ လယ်ကွင်းများ ဖြစ်နေချေပြီ။

ထိုမျှသာမကသေးဘဲ ပျဉ်ဒရယ်သစ်တောတစ်ခုလုံး စေ့စေ့ညက်ညက် ကျေသွားပြီး ပင်လယ်ကမ်းခြေ ရောက်သည်အထိ လယ်ကွင်းများသာ ရှိပေတော့သည်။ ဘိုကလေးမြို့မှ ကဒုံဇရော ရောက်သည်အထိ လယ်ကွင်းများချည်း ဖြစ်သွားပြီး သစ်တော မမြင်ရတော့ပေ။

မော်လမြိုင်ကျွန်းမြို့နယ်ဘက်မှာ ဆိုလျှင်လည်း ထိုအတိုင်းပင် ဖြစ်ပေတော့သည်။

ရှေးအခါ ညို့နေအောင် ကာဆီးထားသော ဒီရေတောကြီးများ ပျောက်ကွယ်သွားခဲ့ကြပေပြီ။

ထို့ကြောင့်ပင် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး ပင်လယ်ဒီလှိုင်းများ တက်လာသောအခါ အတားအဆီး အကာအကွယ်ပေးမည့် ဒီရေတောကြီးများ မရှိသောကြောင့် လူနှင့် ကျွဲနွား



တိရစ္ဆာန်ပေါင်း မြောက်မြားစွာ သေကြေပျက်စီးခဲ့ရခြင်းဖြစ်သည်။

ရှေးအခါကတည်းက ယခုတိုင်အောင် မြစ်ဝကျွန်းပေါ်ဒေသများမှာ ဆန်စပါး အထွက်ကောင်းခဲ့ကြသည်။

ကိုလိုနီခေတ်ကာလကတည်းက လယ်မြေရိုင်းများကို ဖော်ထုတ်ကာ ဆန်စပါး စိုက်ပျိုးခဲ့ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဆန်စပါး စိုက်ပျိုးခြင်းဖြင့် သူဌေးကြီးဘဝ ရောက်ခဲ့ကြသူများ ရှိလေသည်။ ထိုအထဲတွင် မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံမြို့နယ်များမှ ရှေးလူများ မသိသူ မရှိခဲ့သော သူဌေးကြီးဦးချင်းဆိုသူလည်း ထိပ်ဆုံးမှ ပါဝင်ခဲ့လေသည်။ သူဌေးကြီးဦးချင်းဆိုလျှင် ဆန်စပါးလောကမှာရော အလှူအတန်း ပေးကမ်းရက်ရောသည့်နေရာမှာပါ မသိသူ မရှိသလောက် ထင်ပေါ်ကျော်ကြားခဲ့လေသည်။

မြစ်ဝကျွန်းပေါ်ဒေသများ၊ အထူးသဖြင့် မော်လမြိုင်ကျွန်းမြို့မှ ဆန်စပါးလုပ်ငန်းနှင့် ပတ်သက်သည့်အကြောင်းများကို ရေးမည်ဆိုပါလျှင် သူဌေးကြီးဦးချင်းအကြောင်းကို ချန်လုပ်ထားခဲ့၍မရပေ။

ဦးချင်းသည် မြစ်ဝကျွန်းပေါ်သားတစ်ယောက် မဟုတ်ပေ။ ရေစကြိုမြို့နယ် တောင်ကိုင်းရွာသားတစ်ဦးဖြစ်သည်။ အဖဦးချား၊ အမိဒေါ်ကြိုးတို့မှ မြန်မာသက္ကရာဇ်(၁၂၂၈)ခု၊ ဝါခေါင်လပြည့်ကျော်(၂)ရက်၊ တနင်္လာသားဖြစ်သည်။ ဦးချင်း၏ငယ်နာမည်မှာ မောင်ချင်းပင်ဖြစ်ပြီး ငယ်စဉ်က ဘုန်းတော်ကြီး


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းများတွင် ပညာပြည့်စုံအောင် သင်ယူခဲ့ပြီးနောက် (၁၃) နှစ်သားအရွယ်ခန့်ကပင် စီးပွားရှာရန်အတွက် အောက်ပြည်အောက်ရွာသို့ ဆင်းခဲ့လေသည်။

မောင်ချင်း အောက်ပြည်အောက်ရွာသို့ စွန့်စွန့်စားစား စီးပွားရှာချင်သည့်ကိစ္စကို ငယ်ဆရာဖြစ်သော တောင်ကိုင်းရွာ ဘုန်းတော်ကြီး ဦးနန္ဒိယကပါ အားပေးသည်။

သို့ကြောင့် ရှင်လောင်းကန်တော့ကြေးများမှ ငွေဆယ့်သုံးကျပ်ကို ခရီးစရိတ်အဖြစ် ပေးလိုက်လေသည်။

အစ်ကိုဝမ်းကွဲတော်သူ ကိုကောက်ရက ရေစကြိုအထိ လှည်းဖြင့် လိုက်ပို့ပေးသည်။

ထိုခေတ်အခါက ခရီးသွားသောကိစ္စမှာ လွယ်ကူသော ကိစ္စမျိုး မဟုတ်ပေ။

မော်တော်ကား မရှိ၊ သဘော်မရှိသောခေတ်ဖြစ်သောကြောင့် ကုန်းလမ်း၊ ရေလမ်းများကို လှေများ၊ လှည်းများဖြင့် သွားကြရသည်။

ရှေးအခါက စိတ်ထင်တိုင်း ခရီးမသွားနိုင်ကြပေ။ လှည်းကြုံလှေကြုံနှင့် အဆင်ပြေမှ သွားကြရသဖြင့် ခရီးဝေး သွားသူတိုင်း အိပ်ယာလိပ်နှင့် စားမြိန်ထုပ် ပါကြရလေသည်။

မောင်ချင်း ဦးစွာရောက်သောဒေသမှာ ဖျာပုံမြို့ဖြစ်သည်။ ရောက်စက ဘုန်းကြီးကျောင်းမှာပင် နေရသည်။

နောက်ပိုင်း အလုပ်လည်း ကြိုးစား၊ ရည်ရည်မွန်မွန်လည်း ရှိသော မောင်ချင်းအား လယ်ပိုင်ရှင်ကြီးဦးအင်းက





နှစ်သက်သဘောကျသဖြင့် ကိတ္တိမသားအဖြစ် မွေးစားခွင့်တောင်း၍ ခေါ်သွားခဲ့သည်။

မောင်ချင်းကလည်း သူအလိုရှိသော လယ်ယာအလုပ်များကို ကြိုးစားသင်ယူရာ ခုနစ်နှစ်ခန့် ကြာသောအခါ လယ်ယာလုပ်ငန်းကို အများနည်းတူ လုပ်နိုင်လောက်သည်အထိ ကျွမ်းကျင်လာခဲ့လေသည်။

လယ်ပိုင်ရှင်ကြီးက လုပ်ရည်ကိုင်ရည်လည်း ကောင်း၊ ရိုးသားကြိုးစားမှုလည်း ရှိသော မောင်ချင်းအား သမီးဖြစ်သူ မလှဝင်းနှင့် လက်ထပ်ပေးရုံမက ရင်းနှီးစားသောက်ရန် လယ်မြေအချို့နှင့် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာတို့ကိုပါ ခွဲပေးလိုက်သည်။

ထိုလယ်မြေများနှင့်ပင် မောင်ချင်းဘဝကို ထူထောင်ခဲ့လေသည်။

နောက်ပိုင်း ယောက္ခမ၊ မိဘများ ကွယ်လွန်သွားကြသောအခါ ၎င်းတို့၏ဆွေမျိုးများ ရှိသော မော်လမြိုင်ကျွန်းသို့ ရွှေ့ပြောင်းရန် စီစဉ်လေသည်။

ထိုအချိန်က ဖျာပုံနှင့် မော်လမြိုင်ကျွန်း ရောက်အောင် သွားဖို့ သင်္ဘောခပင် မတတ်နိုင်သောကြောင့် ဖောင်ဖွဲ့၍ ခက်ခက်ခဲခဲ လာကြရသည်။

မော်လမြိုင်ကျွန်းသည် မောင်ချင်းအား ဘဝအပြောင်းအလဲကြီး ပြောင်းလဲရန်အတွက် ဘုမိနက်သန် နေရာမှန်ပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်ကျွန်းသို့ ရောက်သောအခါ မိတ်ဆွေရင်းချာများက ဝိုင်းဝန်းအကူအညီပေးကြလေသည်။

ထိုအချိန်က ရာဇဝတ်တိုင်မြစ်ကမ်းတစ်လျှောက်မှာ တောများနှင့် မြေလွတ်မြေရိုင်း မြောက်များစွာ ရှိလေသည်။

ထိုမြေများကို မောင်ချင်းက မျက်စိကျသည်။

သို့ကြောင့် ကြေးတိုင်မြေစာရင်း၊ မြို့ပိုင်၊ နယ်ပိုင် အရေးပိုင်များထံမှ ခွင့်ပြုချက် တောင်းခံရယူပြီးနောက် မြေလွတ်မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်မြေစ,တည်သည်။

နောက်ပိုင်းမှာတော့ တောင်ကိုင်းရွာမှာ ကျန်နေခဲ့သော ညီအစ်ကိုများကို မှာကာ ပူးပေါင်းလုပ်ကိုင်လေသည်။

နောက်ပိုင်း အချို့က အညာပြန်သွားကြသောအခါ ထိုလယ်မြေများကို မောင်ချင်းအား ဈေးသက်သာစွာဖြင့် ပေးထားခဲ့ကြသည်။

ထိုအချိန်က ရာဇဝတ်တိုင်မြစ်ကမ်းတစ်လျှောက်တွင် တောရိုင်းများ ရှိနေသေးရာ ကျား၊ ဆင်၊ မြွေ စသော တောတိရစ္ဆာန်များလည်း ရှိသည်။

တောရိုင်းခုတ်သူများကို တောတိရစ္ဆာန်များဖြစ်သော ကျား၊ ဆင်၊ မြွေများနှင့် တွေ့ကြရသဖြင့် တိုက်ခိုက်ဖယ်ရှားခဲ့ရသည်များပင် ရှိသည်။

အညာနေသူများက အောက်ပြည်အောက်ရွာမှာ,မပျော်ကြပေ။

ထိုကြောင့် ၎င်းတို့ပြန်သွားသောအခါ ၎င်းတို့ တည်





ထားခဲ့သော လယ်မြေများကို မောင်ချင်းအား ဈေးချိုချိုနှင့် ပေးထားခဲ့ရာ တဖြည်းဖြည်းနှင့် လယ်မြေများ တိုးပွားလာလေတော့သည်။

နောက်ပိုင်းမှာတော့ လယ်မြေကေပေါင်း(၄၂၀၀)အထိ ပိုင်ဆိုင်သော လယ်ပိုင်ရှင်သူဌေးကြီးဘဝသို့ ရောက်ခဲ့လေသည်။

လယ်သမားမောင်ချင်းဘဝမှ မြေပိုင်ရှင်သူဌေးကြီး ဦးချင်းဘဝသို့ ရောက်လာခဲ့ချေပြီ။

ထိုအခါ မော်လမြိုင်ကျွန်းမြို့ပေါ်မှာ အိမ်ကြီးတစ်ဆောင် ဆောက်လုပ်နေနိုင်ခဲ့သည်။

မြေပိုင်ရှင်ဘဝသို့ ရောက်သောအခါ လယ်ယာမြေများကို ကိုယ်တိုင်မလုပ်တော့ဘဲ ဝေလေရာ ကုလားအလုပ်သမားများကို ခေါ်ယူငှားရမ်းလုပ်ကိုင်ခဲ့လေသည်။

နောက်ပိုင်းမှာ ရင်းနှီး၍ စိတ်ချယုံကြည်ရသည့် မိတ်ဆွေများ ရှိသည့်ရွာများတွင် စပါးကျီများ ဆောက်ပြီး စပါးကို သိုလှောင်ထားသည်။

ထိုစပါးများကို ဆန်စက်များမှာ ကြိတ်ခွဲပြီး ဆန်များရသောအခါ ရန်ကုန်မြို့အပါအဝင် အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလေသည်။

စပါးကို ဆန်စက်များတွင် ကြိတ်သောအခါ နဝေလီကြိတ်ခ,ပေးရသောကြောင့် နောက်ပိုင်းမှာ စပါးကြိတ်သော ဆန်စက်တည်ရန် ပြင်လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ဆန်စက်တည်မည့်နေရာကို ရွေးချယ်သောအခါ မော်လမြိုင်ကျွန်းအရှေ့ဘက် တစ်မိုင်ကျော်ကျော်ခန့်အကွာတွင် ရှိသော အောင်လှိုင်ချောင်းဝမှာ တည်ရန် ရွေးချယ်ခဲ့သည်။

အောင်လှိုင်ချောင်းမှာ ကျယ်သည်။ ရေစီးလည်းကောင်းသည်။ ဆန်စပါးတင်သော ကတ္တူလှေ၊ တုံကင်းလှေကြီးများ ဝင်ထွက်သွားလာနိုင်သောကြောင့် များစွာအဆင်ပြေသောနေရာလည်းဖြစ်သည်။

အောင်လှိုင်ချောင်းကမ်းမှာ ရွာရှိသည်။

ချောင်းအမည်ကို အစွဲပြုပြီး အောင်လှိုင်ရွာဟုပင် ခေါ်ကြလေသည်။

အိမ်ခြေတစ်ရာကျော်ခန့်(ရှေးအခါက ရှိသော အရေအတွက်)ရှိပြီး ဓနိခြံ၊ အုန်းခြံ၊ ကွမ်းသီးခြံ၊ ငှက်ပျောခြံ စိုက်ပျိုးခြင်းနှင့် လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

အောင်လှိုင်ချောင်းဝတွင် ဒီရေမရောက်နိုင်သော ကုန်းမြင့်တစ်ခု ရှိရာ ထိုကုန်းမြင့်ပေါ်မှာပင် အုတ် သံမံတလင်းခင်း၊ ပျဉ်ကာသွပ်မိုးသော ဆန်စက်ကြီးတစ်လုံး တည်လေသည်။ ၎င်းဆန်စက်ကြီးကို 'ပြည်လုံးချမ်းသာ ဆန်စက်ကြီး' ဟု အမည်ပေးထားခဲ့ပြီး ဆန်ထွက်လည်း အလွန်ကောင်းလေသည်။

ဦးချင်း၏ဆန်စက်မှာ ဂေါ်ရင်ဂျီကုလားများကို အသုံးပြုသည်။

စက်ဆရာအဖြစ် စက်မှုလက်မှု ကျွမ်းကျင်သော ဗမာ





လူမျိုး ကိုဘိုးအိုကို ခန့်ထားသည်။

ကိုဘိုးအိုမှာ ဦးချင်း၏အမျိုးဖြစ်ပြီး တောင်ကိုင်းရွာဇာတိဖြစ်သည်။

ဆန်စက်ကြီးကို သူဌေးဦးချင်းကိုယ်တိုင် 'ပြည်လုံးချမ်းသာ ဆန်စက်ကြီး' ဟု အမည်ပေးထားသည်။

"ပြည်လုံးချမ်းသာ ဆန်စက်ကြီး" မှာ နေ့စဉ် ဥသြသံ တညံညံ မီးခိုးတလူလူနှင့် လည်နေသည်။

ဆန်စက်မှာ ခေါ်တောကုလား အလုပ်သမားများကိုလည်း အသုံးပြုသည်။

"ပြည်လုံးချမ်းသာ ဆန်စက်ကြီး" က ဆန်အထွက်ကောင်းသည်။ ဆန်လုံးလှသည်။ လူကြိုက်များ၍ အရောင်းအဝယ် သွက်လှသည်။

ဦးချင်းသည် လယ်ပိုင်ရှင်ဘဝမှ စပါးကုန်သည်ဘဝသို့ တက်လှမ်းခဲ့သည်။

ထိုမှတဆင့် အမြင်ကျယ်လာ၍ ဆန်ကုန်သည်ဘဝသို့ တက်လှမ်းခဲ့ပြန်သည်။ သို့သော် သူ၏မူလလုပ်ငန်းများကို စွန့်ပစ်ခဲ့သည် မဟုတ်ပေ။ သူသည် ဘဝ၏လှေခါးထစ်များပမာ တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းများ တိုးချဲ့ခဲ့ခြင်းဖြစ်သည်။

သူဌေးဦးချင်းမှာ အိမ်ထောင်ရေးနှင့်စီးပွားရေးကို ထိန်းသိမ်းနိုင်သော ဇနီးမယားကောင်း ရှိသည့်အပြင် သား၊ သမီး၊ မြေးများကလည်း သိုက်သိုက်ဝန်းဝန်း ရှိသဖြင့် လုပ်ငန်းများ


www.burmeseclassic.com

www.burmeseclassic.com

တိုးချဲ့နိုင်ခဲ့ခြင်းဖြစ်သည်။

ဦးချင်းသည် လယ်တောသို့ သွားလိုက်၊ စပါးကျီများ ရှိရာ လှည့်လိုက်၊ ဆန်စက်ကြီး လည်ရာ သွားလိုက်နှင့် စနစ်တကျ စီမံအုပ်ချုပ်နိုင်သည်။

သူ့ဆန်များမှာ မြစ်ဝကျွန်းပေါ်ဒေသသာမက ရန်ကုန်၊ တောင်ငူ၊ မြေလတ်ပိုင်းအထိ တင်ပို့ရောင်းချရသည်။

ဖောက်သည်များ မနိုင်သဖြင့် နောက်ထပ်ဆန်စက် တစ်လုံး ထပ်၍တည်ရသည်။

ဆန်စက်များ၏အမည်ကို "ပြည်လုံးချမ်းသာ ဆန်စက်ကြီး" နှင့် "ပြည်လုံးချမ်းသာ ဆန်စက်လေး" ဟူ၍ ခွဲခြားထားသည်။

ဆန်စက်နှစ်လုံးဖြင့် ဆန်များ ကြိတ်ကာ ထက်၊ အောက်၊ ညာ၊ ကြေသို့ ကတ္တူလှေကြီးများ၊ တုံကင်းလှေကြီးများ အစိုးရသင်္ဘောများဖြင့် ပို့ဆောင်သည်။

ထိုသို့ပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိသည်။

ထိုအခြေအနေများက တောင်းဆိုလာသဖြင့် ဦးချင်းသည် ကိုယ်ပိုင်သင်္ဘောထောင်ရန် စဉ်းစားရပြန်သည်။

အညာသားတို့သည် နေပူကို မကြောက်၊ မိုးကိုကြောက်သည်။ ရေကို ကြောက်သည်။

ဦးချင်းမှာ အညာဇာတိဖြစ်သော်လည်း ပဝတ္တိကာလ၌ အောက်ရွာ မြစ်ဝကျွန်းပေါ်သားဖြစ်နေပြီ။

ရေအကြောင်း မိုးအကြောင်းကို ကောင်းစွာနားလည်





နေပြီ။

လှေနှင့်တက်နှင့် ရေကြောင်းခရီးသွား ကျွမ်းဝင်နေပြီဖြစ်သည်။

(၁၂၇၇)ခုနှစ်၊ ဦးချင်း အသက်(၄၉)နှစ်အရွယ်တွင် သင်္ဘော(၁)စီး ဝယ်သည်။ "မာယလေး" သင်္ဘောဟု အမည်ပေးလိုက်သည်။

ထိုကာလက ဧရာဝတီ ကုမ္ပဏီကြီးတစ်ခုသာ ရေကြောင်း သွားလာကူးသန်းရေးကို ချုပ်ကိုင်လွှမ်းမိုးထားသည်။ အင်္ဂလိပ်လူမျိုးများသာ ကြီးစိုးလျက်ရှိသည်။

ဗမာအမျိုးသား ပိုင်သောသင်္ဘော အလွန်နည်းလှသေးသည်။

ဦးချင်း၏ဆန်ရောင်းဝယ်မှုလုပ်ငန်းမှာ ပိုမိုတွင်ကျယ်လာပြီး သင်္ဘောမှာ ဂေါ်ရင်ဂျီကုလားများနှင့် ခေါ်တောကုလားများကိုသာ အသုံးပြုသည်။

ထိုစဉ်က မီးသင်္ဘောများဖြစ်၍ မီးထိုးကုလား၊ သင်္ဘောသား ကုလားတို့သည် ကြိုးကြိုးစားစား ပျော်ပျော်ပါးပါး အလုပ်လုပ်ခဲ့ကြသည်။

(၁၂၈၃)ခုနှစ်သို့ ရောက်သောအခါ သူဌေးဦးချင်းသည် သင်္ဘောကြီးတစ်စီးကို ရန်ကုန်မှာ တည်ဆောက်ပြန်သည်။

"မာယလေး" သင်္ဘောထက် ကြီးသည်။

"အောင်လှိုင်ကြီး" သင်္ဘောဟု အမည်ပေးလိုက်သည်။ ထိုသင်္ဘောကြီးဖြင့် သူ့ဆန်များကို ထက်အောက်ညာကြေ


www.burmeseclassic.com

www.burmeseclassic.com



ရောဝတီမြစ်တစ်ကြောမှာ ပို့ဆောင်ပေးသည်။ လုပ်ငန်းများ တွင်ကျယ်လာသည်။

ဦးချင်း၏သင်္ဘောများသည် ရောဝတီကုမ္ပဏီ သင်္ဘောများနှင့် အပြိုင်ပြေးဆွဲခဲ့သည်။

သူဌေးဦးချင်းက သူ၏ကျယ်ပြန့်သောလုပ်ငန်းခွင်များအတွင်း အိမ်သူအိမ်သား မိသားစုများနှင့် လုပ်ငန်းတာဝန်ရှိသူများ ရေကြောင်းသွားလာ ဆက်သွယ်မှု လွယ်ကူစေရန် "အောင်လှိုင်လေး" မော်တော်ဘုတ်တစ်စီးလည်း ဝယ်ထားသည်။

ဤသို့ဖြင့် ဒီရေ၊ မိုးရေများ ဖွေးနေသည့် မြစ်အသွယ်သွယ် ချောင်းငယ်လက်တက်တို့အကြား လှုပ်ရှားသွားလာရင်း ကြိုးပမ်းဆောင်ရွက်နေသည်။

ဦးချင်း၏စပါးလုပ်ငန်း၊ ဆန်လုပ်ငန်းတို့မှာ များစွာအောင်မြင်ကျော်ကြားခဲ့သည်။

ဦးချင်းသည် ဆန်အရောင်းအဝယ်လုပ်ငန်းကို ကျွမ်းကျင်လာသည်နှင့်အမျှ ဆန်များကို အမျိုးအစားခွဲ၍ ခေတ်မီအောင် ဂုန်နီအိတ်များတွင် ထည့်၍ ချိန်၊ ချုပ်၊ စီး၊ တပ် စနစ်တကျ ပို့သည်။

ထိုကာလက ဆန်အိတ်များမှာ (၃)တင်းဝင်အိတ်များဖြစ်သည်။ သတ်မှတ်ထားသော ပေါင်ပြည့်အာမခံနှင့် တင်ပို့ရောင်းချရသည်။

ဆန်အိတ်များတွင် "ဦးချင်း" ဟု တံဆိပ်ရိုက်ပြီး 'ငကျွဲ' ဆန်အမျိုးအစားကို ဂုန်နီအိတ်ပေါ်တွင် (ဦးချင်း၊ ကျွဲ)ဟု ရိုက်





သည်။ ကောက်ကြီးဆန်အမျိုးအစားကို(ဦးချင်း၊ ကြီး)ဟု ရိုက်သည်။ 'ငစိန်' ဆန်အမျိုးအစားကို (ဦးချင်း၊ စိန်)ဟု ရိုက်သည်။

ဝယ်ယူသောကုန်သည်များနှင့် စားသုံးသူများက 'ဦးချင်းတံဆိပ်' ပါလျှင် ကောင်းသည်၊ စိတ်ချရသည်ဟု ယုံကြည်ကြသည်။

သူဌေးဦးချင်း၏ အတွေးအမြင်တို့က ခေတ်မီသည်။ စီးပွားရေး လာဘ်မြင်သည်။

စီးပွားရေးလာဘ်မြင်၍ ဗြိတိသျှအစိုးရ အုပ်ချုပ်သောကာလဖြစ်၍ ဗြိတိသျှလူမျိုးများ ပိုင်သော ကုမ္ပဏီကြီးများကိုသူ လေ့လာခဲ့သည်။

သူဌေးဦးချင်း လေ့လာခဲ့သော နိုင်ငံခြားသား ကုမ္ပဏီများမှာ ဝါဂွမ်းအလုပ်ကို အကြီးအကျယ် လုပ်ကိုင်ခဲ့သော စတီးဘရားသားကုမ္ပဏီ၊ ဖလေဖလန်ကုမ္ပဏီ(ပြင်သစ်)၊ သစ်လုပ်ငန်းအကြီးအကျယ် လုပ်သော ဘုံဘေဘားမားကုမ္ပဏီ၊ ရေနံလုပ်ငန်း လုပ်ကိုင်သော ဘီအိုစီကုမ္ပဏီတို့ဖြစ်သည်။

ဦးချင်းက ကုမ္ပဏီကြီးများ၏စီးပွားရေးလုပ်ငန်းများကိုလည်း လေ့လာသည်။ ထိုကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင်ရန်ကြိုးစားခဲ့သည်။

ရေနံချောင်းနှင့် ချောက်တို့တွင် အခြေစိုက်သော ဘီအိုစီ ကုမ္ပဏီနှင့်လည်း ဆက်သွယ်မိသည်။

ဘီအိုစီကုမ္ပဏီက ဦးချင်း၏ဆန်များကို နှစ်စဉ်ဝယ်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးချင်း တင်ပို့သော ဆန်များမှာ သန့်စင်သည်။ စံချိန်စံညွှန်း မီသည်။ လုပ်ငန်းဆောင်ရွက်ရာတွင်လည်း တိကျမှန်ကန်၍ ယုံကြည်စိတ်ချရသဖြင့် ဘီအိုစီ အရာရှိများကလည်း ဦးချင်းကို လေးစားခင်မင်စွာ ဆက်ဆံကြသည်။

သူဌေးဦးချင်းအား လိုအပ်သော အကူအညီများ ပေးခဲ့ကြသည်။ ရေစကြိုတွင် အောင်မြေသာယာ ဘုန်းတော်ကြီးကျောင်းတိုက်များ ဆောက်ရာ၌ လိုအပ်သော မှန်ရောင်စုံများ၊ သံထည်ပစ္စည်းများ၊ ဘိလပ်မြေများကို အင်္ဂလန်မှ လွယ်ကူစွာ မှာယူတင်သွင်းပေးခဲ့သည်ဟု ဆိုပါသည်။

သူဌေးဦးချင်းက လူမှုရေးနှင့်ဆက်ဆံရေး ကောင်းမွန်သူ ဖြစ်သည့်အလျောက် အင်္ဂလိပ်အစိုးရနှင့်လည်း ဆက်ဆံရေး အဆင်ပြေသည်။

(၁၂၈၀)ခုနှစ်များဆီက ရန်ကုန်တက္ကသိုလ် ဆောက်လုပ်ရေးအတွက် ဦးချင်းက ရန်ပုံငွေများ ထည့်ဝင်လှူဒါန်းပေးခဲ့သည်ဟု ဆိုသည်။

ဦးချင်း၏သင်္ဘောများ ဧရာဝတီမြစ်ကြောများတွင် သွားလာလှုပ်ရှားနေစဉ် အစိုးရသင်္ဘောတစ်စင်းနှင့် တိုက်မိရာ နှစ်ဖက်စလုံး ဆုံးရှုံးပျက်စီးမှုများဖြစ်ခဲ့သည်။

သက်ဆိုင်ရာဌာနက အရေးယူရန် စီမံဆောင်ရွက်ခဲ့သော်လည်း သူဌေးဦးချင်း၏ ဆက်သွယ်ရေး၊ ဆက်ဆံရေးကောင်းမွန်မှုကြောင့် တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိခဲ့ပေ။

လယ်ပိုင်၊ ဆန်စက်ပိုင်၊ သင်္ဘောပိုင် သူဌေးဦးချင်းဘဝ





ရောက်သောအခါ သူဌေးဦးချင်း၏အိမ်တွင် ဝေလ၊ ဂျော့၊ အင်္ဂလိပ်သုံး ဒင်္ဂါးများ အပုံအပင် ရှိလာသည်။

ထိုဒင်္ဂါးများကို ဦးချင်းက ရှေးကလို ငွေအိုးမမြှုပ်။ အရောင်းအဝယ်ကိစ္စများတွင် လည်ပတ်အောင် သုံးခဲ့သည်။

ရောင်းဝယ်ဖောက်ကားရာတွင် ငွေဒင်္ဂါးများကို တစ်ပြားနှစ်ပြားဟူ၍ မရေတွက်နိုင်။ ထိုခေတ်က ဒင်္ဂါးထည့်နိုင်သော ဇယားငယ်များ လုပ်ထားရသည်။

ဒင်္ဂါး(၅၀၀)ပြည့်ဇယား၊ ဒင်္ဂါး(၁၀၀၀)ပြည့်ဇယားများနှင့် တိုက်၍ပေးရသည်။

ငွေဒင်္ဂါးများ ထည့်ရန် အဝတ်အိတ်ကောင်းကောင်းများ ချုပ်ထားရ၏။

အရောင်းအဝယ်၊ အပေးအကမ်း သွားလျှင် ငွေထုပ်များ ပိုက်၍ သွားရောက်ရသည်။

ထိုကာလက အာမခံ ငွေစက္ကူများလည်း ရှိသည်။

တစ်ထောင်ကျပ်တန်၊ တစ်သောင်းကျပ်တန်များ ရှိသည်ဟု ဆိုပါသည်။

ရွှေဒင်္ဂါးများလည်း သုံးရ၏။

မြင်းစီး၊ လုံ့ထိုး၊ မိတ်ထုံးဒင်္ဂါးများကိုလည်း သုံးရသည်။

ရွှေဒင်္ဂါးများကိုကား စုဆောင်းသိမ်းဆည်းရန်နှင့်အရေးကြီးသော လုပ်ငန်းရပ်များတွင်သာ သုံးရန် ထားလေ့ရှိကြသည်။

သူဌေးဦးချင်း၏ဘဝမှာ လောကအလှရတနာများဖြင့် တင့်တယ်ဝင့်ထည်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်ကျွန်းမြို့အကြောင်းကို ပြောကြမည်ဆိုလျှင် သူဌေးကြီးဦးချင်း၊ ဒေါ်လှဝင်းတို့အကြောင်းကို ပြောကြရပေသည်။

မော်လမြိုင်ကျွန်းမြို့သည် ဆန်စပါး အထွက်များသော အရပ်ဒေသဖြစ်ရာ ဆန်စပါးကြိတ်ခွဲသော ဆန်စက်များကလည်း နေရာအနှံ့အပြား၌ ရှိကြလေသည်။

ဆန်စက်များအကြောင်းကို ရေးမည်ဆိုလျှင် သူဌေးဦးချင်းအကြောင်းက ပါရမည်သာ ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ကိုလိုနီခေတ်က နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်ဘောင်တန်းနိုင်သော မြန်မာနိုင်ငံသား စီးပွားရေး လာဘ်မြင်သူတစ်ဦးဖြစ်သောကြောင့်ပင်ဖြစ်၏။

ဆန်စပါး ကြိတ်ခွဲသောလုပ်ငန်းမှာ အကျိုးစီးပွား ဖြစ်ထွန်းသောလုပ်ငန်းဖြစ်မှန်း သိကြသောအခါ နောက်ပိုင်းတွင် တရုတ် ကုလား စီးပွားရေးလုပ်ငန်းရှင်များ ဝင်လာကြလေတော့သည်။





**အခန်း (၃)**

# ပုဂ္ဂလိကကဏ္ဍမှ ချောက်ချားဖွယ်ရာများ

ကိုလိုနီခေတ်ကာလကတည်းက အစပြုခဲ့သော ဆန်စပါးကြိတ်ခွဲသော လုပ်ငန်းမှာ နောက်ပိုင်းကာလ ရောက်သောအခါ တဖြည်းဖြည်းနှင့် တိုးပွားလာလေတော့သည်။

လွတ်လပ်ရေးရပြီးစကာလ နောက်ပိုင်းတွင် မြစ်ဝကျွန်းပေါ် မြို့နယ်များတွင် ဆန်စပါးကြိတ်ခွဲသောစက်များ အများအပြား ပေါ်ထွက်ခဲ့လေသည်။

မြစ်ကမ်းပါးတစ်လျှောက်တွင် ဆန်စက်များ တစ်လုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး ပေါ်ထွက်လာရာမှ အပြိုင်အဆိုင်များ ဖြစ်လာကြလေသည်။

မော်လမြိုင်ကျွန်းမြို့တွင် မူလက မြို့ရှိသောဘက်ကမ်း မြို့အစွန်ဘက်များ၌ ဆန်စက်များ တည်ကြလေသည်။ ဆန်စက်တည်သည်ဆိုရာ၌ စပါးကြိတ်သောစက်တစ်လုံးတည်း တည်ကြသည် မဟုတ်ပေ။

စပါးသိုလှောင်သော ဂိုဒေါင်များပါ တွဲလျက် ဆောက်ကြရသည်။

သို့မှ ဝယ်ယူထားသော စပါးအမျိုးအစားအလိုက် ဂိုဒေါင်ခွဲပြီး သိုလှောင်ထားနိုင်မည်ဖြစ်သည်။

နောက်ပိုင်း စပါးဝယ်ယူခြင်းများကို အစိုးရက ချုပ်ကိုင်သောအခါ ထိုဂိုဒေါင်များမှာ အစိုးရ စပါးသိုလှောင်ရာ ဂိုဒေါင်များ ဖြစ်ခဲ့ကြသည်။

ရှေးကတော့ ဆန်စက်သူဌေးများက စပါးကို ကိုယ်တိုင်ဝယ်ယူ၍ ဂိုဒေါင်မှာ သိုလှောင်ထားပြီး မိုးရာသီ ရောက်သောအခါ ထိုစပါးကို ကြိတ်ခွဲပြီး ဆန်အဖြစ် ပြန်လည်ရောင်းချကြသည်။

နောက်ပိုင်း မြို့ဘက်ကမ်းများတွင် ဆန်စက်တည်ရန် မြေနေရာ မရှိတော့သောအခါ မြစ်တစ်ဖက်ကမ်းသို့ ကူးပြီးတည်ကြလေသည်။

စပါးကြိတ်သောဆန်စက်မှာလည်း လူနေသောမြို့များတွင် တည်၍မကောင်းပေ။





အဘယ့်ကြောင့်ဆိုသော် ဆန်စက်မှ ဆူညံသံများအပြင် စက်မှ ထွက်လာသော ဖွဲမှုန့် ပြာမှုန့်များကြောင့် လူနေသောနေရာနှင့် အဆင်မပြေလှပေ။

ထို့ပြင် ဆန်စက်တည်သောနေရာမှာ မြစ်ကမ်းနံဘေး သို့မဟုတ် ချောင်းစပ်ကမ်းနံဘေးနေရာ ဖြစ်ရသည့်အပြင် စပါးကြိတ်ခွဲရန် လာသော လှေသမ္ဗန်များ၊ ဆန်အိတ်တင်ရန် လာသော ကတ္တူ၊ စီဘီ သင်္ဘောများ အချိန်မရွေး ဝင်ထွက်သွားလာနိုင်သောနေရာမျိုးဖြစ်ရလေသည်။

ရေကျသွားချိန်မှာ ဝင်မရဘဲ ရေပြန်တက်မှ ဝင်၍ရသောနေရာမျိုး မဖြစ်သင့်ပေ။

ထို့ပြင် လေမိုးပြင်းထန်လျှင် ဆိုးဝါးသော မြစ်ကမ်းဆိပ်မျိုးလည်း မဖြစ်ရပေ။

သို့ကြောင့် ဆန်စက်တည်ကြရာမှာ လေကွယ်မိုးကွယ်ရှိပြီး သင်္ဘောအဝင်အထွက်ကောင်းသောနေရာမျိုးကို ရွေးချယ်ကြသည်။

အများအားဖြင့်တော့ မြို့နှင့်မြစ် သို့မဟုတ် ချောင်းခြားနေသော တစ်ဖက်ကမ်းနေရာများကို ရွေးချယ်ကြသည်က များလေသည်။

ပုသိမ်မြို့တစ်ဖက်ကမ်း၊ မြောင်းမြမြို့တစ်ဖက်ကမ်းနေရာများတွင် ဆန်စက်များ ရှိသလို ဘိုကလေးမြို့ တစ်ဖက်ကမ်းမှာ ရှိသော သာပေါင်းရွာ မြစ်ကမ်းတစ်လျှောက်မှာလည်း ဆန်စက်အလုံးပေါင်း မြောက်မြားစွာ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်ကျွန်းမြို့ အရှေ့ဘက်ကမ်းတစ်လျှောက်မှာ ဆန်စက်ကြီးများ ရှိသလို မြို့ဘက်ကမ်းမှာလည်း ရှိပေသည်။ တုံးလဲ့ချောင်း ဟိုဘက်ကမ်းမှာလည်း ရှိလေသည်။

တုံးလဲ့ချောင်းမှာ ရာဇူတိုင်မြစ်၏မြစ်လက်တက်ကွဲ တစ်ခု ဖြစ်၍ မော်ကျွန်းမြို့အနောက်ဘက်မှာ ရှိသည်။

ရာဇူတိုင်မှာ ထွက်သော ငါးသလောက်မှာ နာမည် ကျော်လှပေသည်။

ဈေးထဲတွင် 'ရာဇူတိုင် ငါးသလောက်' ဟု အော်ရောင်း လျှင်ပင် လူကြိုက်များလေသည်။

ရှေးအခါက ထိုချောင်းမှာ ကျဉ်းကျဉ်းသာရှိပြီး ရာဇူတိုင် မြစ်ရိုးတစ်လျှောက်မှာလည်း သစ်တောနှင့် မြေလွတ်မြေရိုင်းများ သာ ရှိပေသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်လောက်က သူဌေး ဦးချင်း ရောက်စကပင် ရာဇူတိုင်မြစ်ကမ်းတစ်လျှောက်မှာ သစ် တောများ ရှိနေသေးရုံမက ကျား၊ ဆင် စသော တိရစ္ဆာန်များပင် ရှိကြသေးသည်။

ထိုအချိန်မှာ မော်လမြိုင်ကျွန်းမြို့ တည်သောနှစ်က လည်း မများလှသေးပေ။

မော်ကျွန်း(မော်လမြိုင်ကျွန်းမြို့)မြို့ကို မြို့အဖြစ် (၁၈၈၀)ပြည့်နှစ်ကမှ တည်ထောင်ခဲ့ကြသောကြောင့် ယခုမှ နှစ် ပေါင်း(၁၃၀)နီးမျှသာ ရှိပေသေးသည်။

ထိုအချိန်က မြို့ပေါ်မှာပင် နေထိုင်သူ လူဦးရေ မများလှ





သေးသောကြောင့် မြစ်တစ်ဖက်ကမ်း နေရာအတော်များများမှာ တော့ မြေလွတ်မြေရိုင်းများနှင့် သစ်တောများ ဖုံးလွှမ်းနေခဲ့ သည်။

တုံးလဲ့ချောင်းတစ်ဖက်ကမ်းမှာဆိုလျှင် ရွာဟူ၍ မရှိ သေးဘဲ ငါးရှာသူများ နေသော တဲအချို့သာ ရှိသည်။

နောက်ပိုင်း ဆန်စက်များ လာရောက်တည်ကြသော အခါမှ ပါလာသောအလုပ်သမားများက ယာယီတဲများ ဆောက် လုပ် နေထိုင်ကြသဖြင့် တဖြည်းဖြည်းနှင့် အိမ်ခြေများလာခြင်း ဖြစ်ပေသည်။

သို့သော်လည်း သာမန်မြေပြန့်များ မဟုတ်ကြဘဲ ကိုင်း တော၊ သစ်တောနှင့် ခြုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီး တည် ဆောက်ကြရသည်။

ဆန်စက်ပိုင်ရှင်များကတော့ ဆန်စက်နှင့် မဝေးသော နေရာများမှာ အိမ်ကြီးအိမ်ကောင်းများ ဆောက်ပြီး စက်ပိုင်ရှင် များ၏ယုံကြည်ရသူများ၊ ကိုယ်စားလှယ်များကို နေစေသည်။

ရှေးအခါက ထိုနေရာတွင် လာရောက်၍ ဆန်စက်များ တည်ကြရာတွင် ချောချောမွေ့မွေ့တော့ မဟုတ်ပေ။ တုံးလဲ့ ချောင်း အနောက်ဘက်ကမ်းမှာ ရှိသောနေရာများမှာ ရွာဟူ၍ သီးသီးသန့်သန့် မရှိဘဲ ငါးဖမ်းသူများအပါအဝင် ပျံ့ကျအလုပ် သမားများ နေသောနေရာအချို့သာ ရှိသည်။

ထိုနေရာများမှာ နေသူများမှာ သုသာန်မြေ သီးခြား မထားဘဲ လူတစ်ယောက် သေဆုံးလျှင် ကိုင်းတောများအတွင်း


www.burmeseclassic.com

www.burmeseclassic.com



မှာပင် မြေကျင်းတူးပြီး မြှုပ်နှံကြလေသည်။ နောက်ပိုင်း ဆန်စက်များ လာရောက်တည်သောအခါ သုသာန်မြေအတော်များများကို ဖယ်ရှားပစ်လိုက်ကြရသည်။

သို့သော်လည်း ထိုမျှနှင့် ကိစ္စပြီးမသွားဘဲ သရဲတစ္ဆေတို့၏ခြောက်လှန့်မှုများကိုလည်း ကြုံတွေ့ကြသည်။ အချို့အိမ်များမှာ မနေနိုင်အောင် ခြောက်လှန့်ကြသည်။ အချို့ဆန်စက်များမှာ အလုပ်လုပ်၍ မရလောက်အောင် ခြောက်လှန့်နှောင့်ယှက်ကြသဖြင့် များစွာအခက်တွေ့ကြရသည်။

အချို့နေရာများမှာ နေထိုင်၍မရ၊ အလုပ်ရှာ၍ မရသောကြောင့် မြေနေရာများ ရှင်းလင်းပြီးမှ ဒီအတိုင်း ထားခဲ့ကြရသည်။

ထိုကဲ့သို့ ထားခဲ့ရသောနေရာများတွင် အကွက်အကွင်းကျသော နေရာအချို့လည်း ပါလေသည်။

တစ်နေ့သ၌ အနောက်ဘက်သို့ ကုလားလူမျိုးတစ်ဦး ခေါင်းဆောင်သောလူတစ်စု သမ္ဗန်ဖြင့် ကူးလာကြလေသည်။

ထိုအချိန်က တုံးလုံချောင်းမှာ မကျယ်လှသေးသောကြောင့် ခဏသာ ကူးရသည်။

ထိုကုလား၏အမည်မှာ ဦးကာစင် ဆိုသူဖြစ်သည်။

ဦးကာစင်သည် စပါးအရောင်းအဝယ် လုပ်ရင်းမှ ကြီးပွားချမ်းသာလာသောအခါ သူဌေးဦးချင်းကို အားကျပြီး ဆန်စက်ထောင်ရန် စိတ်ကူးပေါ်လာသောကြောင့် တုံးလုံချောင်း အနောက်ဘက်သို့ ကူးလာပြီး မြေနေရာ ရှာကြခြင်းဖြစ်သည်။



ရှေ့မှာ ရေးသားခဲ့သည့်အတိုင်း ဆန်စက်တစ်လုံး တည်တော့မည်ဆိုလျှင် ဆန်စက်နေရာ၊ ဂိုဒေါင်နေရာနှင့် အလုပ်သမားများ နေရန် အပါအဝင် နေရာအတော်များများရှိမှ လုံလောက်သောကြောင့် သာမန်မြေနေရာ ရှိရုံနှင့် မလုံလောက်ပေ။

အချို့နေရာကောင်းများမှာလည်း အခြားသူများက နေရာယူထားခဲ့ကြလေပြီ။

အများအားဖြင့်တော့ အရှေ့ပိုင်းဘက်မှာ နေရာမကျန်တော့ဘဲ တုံးလုံချောင်း အနောက်ပိုင်းလောက်မှာသာ မြေကွက်များ ကျန်တော့သည်။

ဦးကာစင်မှာ နောက်ပါတပည့်များနှင့် မြေနေရာ လိုက်ကြည့်ရင်း ကမ်းစပ်နှင့် မနီးမဝေးမှာ ရှိသော ကိုင်းတောများ ဖုံးအုပ်နေသောနေရာတစ်ခုကို တွေ့လေသည်။ ထိုနေရာသည် ကမ်းနှင့်လည်းမဝေး၊ နေရာအကျယ်အဝန်းလည်း ကောင်းသောနေရာ ဖြစ်သည်။

ထိုနေရာကို မြင်တော့ ဦးကာစင်က သဘောကျသည်။ သို့သော်လည်း ဒေသခံများက အကျိုးအကြောင်း ပြောပြကြသည်။

"သူဌေး . . ဒီနေရာက နေရာကောင်းပေမယ့် ဘယ်သူမှ မလုပ်ဝံ့တဲ့နေရာဖြစ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"တစ္ဆေသရဲ အလွန်ခြောက်တဲ့နေရာဖြစ်ပါတယ်၊ ဒီနေ

www.burmeseclassic.com

www.burmeseclassic.com

ရာမှာ သချိုင်းဟောင်းနေရာတွေလည်း ရှိပါတယ်၊ ဒီနေရာမှာ လာလုပ်တဲ့လူတိုင်း မနေနိုင်အောင် ခြောက်လှန့်လို့ ဘယ်သူမှ မလုပ်ဝံ့ကြတာပါ"

"တချို့ကလည်း ပုဏ္ဏာက တိုက်ထားတဲ့နေရာလို့ ပြောကြပါတယ်"

ဦးကာစင်က ထိုစကားများကို အလေးမထားပေ။

အယုံအကြည်လည်း မရှိပေ။

"ပုဏ္ဏာက တိုက်တယ်ဆိုတာ ဘာလဲ"

ထိုသို့မေးမြန်းတော့လည်း ကျန်လူများက တိတိကျကျ ပြန်မပြောနိုင်ကြပေ။

သူတို့ ကိုယ်တိုင်လည်း သရဲခြောက်တာသာ သိပြီး ပုဏ္ဏာက တိုက်ခြင်းဆိုသည်မှာ ဘာမှန်းမသိကြပေ။

နောက်ပိုင်းမှာတော့ ဦးကာစင်က ထိုနေရာမှ မြေများကို သက်ဆိုင်ရာအစိုးရထံမှ ဝယ်ယူကာ ဆန်စက်ကြီးတစ်လုံး ဆောက်ရန် ပြင်ဆင်လေသည်။

ထိုနေရာတစ်ဝိုက်မှာ ကိုင်းတောနှင့်ချုံများ ဖုံးအုပ်နေသောကြောင့် ကုလားအလုပ်သမားများ ခေါ်ယူ၍ ခုတ်ထွင်ဖယ်ရှားပစ်လေသည်။

ထိုအခါမှ သာမန်မြေမဟုတ်ဘဲ ကုန်းမြေမြင့်တစ်ခု ဖြစ်နေကြောင်း တွေ့ရသည်။

ကုန်းမြေနေရာကို ရှင်းသောအခါမှ မကြာသေးခင် ရက်ပိုင်းလောက်ကမှ လာရောက်မြှုပ်နှံထားဟန်ရှိသော အလောင်း





အချို့ကို တွေ့ရသဖြင့် ကုလားအလုပ်သမားများက တူးဖော်ပြီး တုံးလုံးချောင်းအတွင်းသို့ ပစ်ချလိုက်ကြလေသည်။ နောက်တစ်နေရာမှာတော့ ထူးထူးခြားခြားအရာတစ်ခုကို တွေ့ကြရသည်။

အခြားမဟုတ်ပေ. . .။

ကျောက်တိုင်ငုတ်လိုလို အရာတစ်ခုကို တွေ့ကြရခြင်း ဖြစ်သည်။

ထိုကျောက်တိုင်ငုတ်မှာ မည်သည့်အချိန်ကတည်းက ရှိနေမှန်း မသိရသော်လည်း အုပ်နေသော ကိုင်းပင်ကိုင်းတောများကို ခုတ်ထွင်ရှင်းလင်း ဖယ်ရှားလိုက်သောအခါမှ ပေါ်လာခြင်းဖြစ်သည်။

ထိုကျောက်တိုင်ငုတ်ကြီး ပေါ်လာကာစက ကုလားအလုပ်သမားများမှာ ဆက်မရှင်းဝံ့ကြတော့သဖြင့် ကိုယ်စားလှယ်အနေဖြင့် လာရောက်ကြီးကြပ်နေသူ 'ဂျမား' ဆိုသူကို သွားရောက်ပြောကြသည်။

"ဆရာ. . . ကိုင်းပင်တွေ ခုတ်ပစ်လိုက်တော့ မြေအောက်က ကြောက်စရာကောင်းတဲ့ ကျောက်မျက်နှာကြီးတစ်ခု ပေါ်လာတယ်"

"ဘယ်နေရာမှာလဲ"

"ဟိုဘက် ကုန်းမြင့်နေရာမှာပါ"

ဟု ကုလားများက လာရောက်ပြောပြကြသဖြင့် ကိုယ်စားလှယ် ဂျမားကိုယ်တိုင် ထိုနေရာသို့ လိုက်ကြည့်လေသည်။

ဂျမားမှာ ကုလားကပြားတစ်ဦးဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ ထိုနေရာတစ်ဝိုက်တွင် ဆန်စက်တည်ကြသူများမှာ ထိုကဲ့သို့သော ထူးထူးဆန်းဆန်း အဖြစ်မျိုး မကြာခဏ တွေ့ကြုံရသောကြောင့် ဂျမားက စိတ်ဝင်စားခြင်း၊ လိုက်လံကြည့်ခြင်းဖြစ်သည်။

မော်ကျွန်းမြို့ဘက်ကမ်းတွင် ဆန်စက်တည်သော ကုလားလူမျိုးတစ်ဦးမှာ ထိုကဲ့သို့သော ထူးဆန်းသည့်အဖြစ် အပျက်တစ်ခုနှင့် ကြုံခဲ့ရဖူးပေသည်။

၎င်းကြုံတွေ့ရပုံမှာ ထူးခြားဆန်းကြယ်လှသည်။

၎င်းမှာ ချောင်းတစ်ခုအတွင်းသို့ ရေဆင်းချိုးစဉ် သံကြိုးဖြင့် တွဲချည်ကာ ရေအောက်မှာ မြှုပ်ထားသော သံသေတ္တာ တစ်လုံးကို မမျှော်လင့်ဘဲ ရခဲ့ခြင်းဖြစ်သည်။

ထိုသံသေတ္တာအတွင်းမှာ ရွှေငွေရတနာများ ရှိလေသည်။ ဘယ်ခေတ် ဘယ်အချိန်က ဘယ်သူမြှုပ်ထားခဲ့သော သေတ္တာမှန်း မသိကြရသော်လည်း ထိုလူကတော့ နေ့ချင်းညချင်း ကြီးပွားချမ်းသာသွားသည်။

၎င်းသံသေတ္တာ ရခဲ့သောချောင်းကို သံသေတ္တာချောင်း ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထိုကဲ့သို့သော ထူးထူးဆန်းဆန်းအဖြစ်ကြောင့် မမျှော်လင့်ဘဲ ကြီးပွားချမ်းသာခဲ့သူများ ရှိခဲ့ဖူးသောကြောင့် ဂျမားမှာ စိတ်ဝင်စားသွားခြင်းဖြစ်သည်။

သို့သော်လည်း သူသွားကြည့်သောအချိန်မှာတော့ သံသေတ္တာတော့ မတွေ့ရပေ။





မြေကြီးတွင်းမှ တစ်စွန်းတစ်စ ထွက်နေသည့် ကျောက်တိုင်ငုတ်တစ်ခုကိုသာ တွေ့ရသည်။

"ကျောက်တိုင်ငုတ် တွေ့တာများ အဆန်းလုပ်လို့ကွာ၊ မလွတ်ရင် တူးပစ်လိုက်ပေါ့"

"မဟုတ်ဘူး ဆရာကြီး၊ ကျောက်တိုင်ငုတ်ကိုလည်း သေသေချာချာ ကြည့်ပါဦး"

ဟု ကုလားတစ်ယောက် ပြောသဖြင့် ဂျမားက ငုံ့ကြည့်သောအခါ မြေကြီးအတွင်းမှ တစ်စွန်းတစ်စ ထွက်နေသော ကျောက်တိုင်ငုတ်ကို ကြည့်သောအခါ သာမန်မဟုတ်ဘဲ အပေါ်ပိုင်းတွင် ဘီလူးမျက်နှာကဲ့သို့ အရုပ်မျိုး ပြုလုပ်ထားသည်ကို တွေ့ရလေသည်။

ဂျမားပင် အံ့သြသွားသည်။

"ဘီလူးမျက်နှာကြီး. . . ကြောက်စရာကြီး၊ ဆက်တူးလို့ ဖြစ်ပါမလား"

"ဆက်မတူးလို့ ဖြစ်မလား၊ ဒီကျောက်တိုင်ငုတ်က ဘာများ ကြောက်စရာရှိလို့လဲ. . . တူးသာတူးကြ"

ဟု ပြောသဖြင့် ကုလားအလုပ်သမားများက ကျောက်တိုင်ငုတ်ကြီးကို တူးပစ်ရန် ပြင်ဆင်လေသည်။

ထိုအထဲတွင် မြန်မာအလုပ်သမားအချို့လည်း ပါရာ ၎င်းတို့ကတော့ ကျောက်တိုင်တူးသောနေရာမှာ မလုပ်ဝံ့ကြသောကြောင့် အခြားအလုပ်ရှိသောနေရာများတွင် သွားရောက်လုပ်ကိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်းတို့မှာ နယ်ခံများဖြစ်သောကြောင့် ထိုနေရာနှင့် ပတ်သက်ပြီး သတင်းအမျိုးမျိုး ကြားထားသောကြောင့်ဖြစ်သည်။ ထို့နောက်မှာတော့ ကိုင်းတောများကို ရှင်းသူက ဆက်ရှင်း၊ ဘီလူးခေါင်းပါသော ကျောက်တိုင်ငုတ်ကြီးကို တူးသူ ဆက်တူးကြလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညနေစောင်းအချိန်သို့ ရောက်လာချေပြီ။

ထိုအချိန်မှာပင် ကိုင်းတောများ ရှိသောနေရာမှ တစ်ကိုယ်လုံး အဝတ်မည်းများ ဝတ်ထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအရှည်များနှင့် ခေါင်းပေါင်းအနက်ကြီး ပေါင်းထားသော အဘိုးကြီးတစ်ယောက် ရောက်လာလေသည်။

ပါးစပ်ထဲမှာ ကွမ်းတမြုံ့မြုံ့ ဝါးနေပြီး ၎င်းဝတ်ဆင်ထားသော အဝတ်အစားများမှာ ဟောင်းနွမ်းစုတ်ပြတ်လျက် ရှိနေသည်။

ထိုအဘိုးကြီးက ကျောက်တိုင်ငုတ် တူးနေသူများ အနီးသို့ သွားရပ်ပြီး ပြောသည်။

"မင်းတို့ ဒီကျောက်တိုင်ငုတ်ကို တူးလို့မဖြစ်ဘူး၊ သက်ဆိုင်ရာတွေဆီမှာ ခွင့်တောင်းပြီးမှ သူတို့ခွင့်ပြုမှ တူးလို့ရမယ်"

ထိုသို့ပြောလေရာ မြေကျင်းတူးရသဖြင့် မောပန်းနေသော ကုလားများ စိတ်တိုသွားကြသည်။

"ကျုပ်တို့သူဌေးက ဗြိတိသျှအစိုးရဆီမှာရော မြို့ပိုင် နယ်ပိုင် အရေးပိုင်တွေဆီမှာပါ ခွင့်ပြုချက် ယူထားပြီးပြီဗျ၊





ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"မင်းတို့ပြောတဲ့လူတွေက တကယ်ပိုင်တာမှမဟုတ်တာ၊ ဒီကွင်းမြေတွေကို ပိုင်တာက ငါပဲကွ"

ထိုသို့လာပြောနေသော်လည်း ဂရုမစိုက်ကြပေ။

အရူးတစ်ယောက်က ပြောချင်တာတွေ လာပြောနေသည်ဟုသာ ထင်နေကြသည်။

အချိန်ကလည်း မရှိတော့သဖြင့် အလုပ်ပြီးအောင်သာ ဂရုစိုက်လုပ်နေကြသည်။

ထိုအချိန်မှာပင် ဂျမားက အနားရောက်လာပြီး အလုပ်မပြီးသောကြောင့် အလုပ်သမားများကို ဆူပူကြိမ်းမောင်းနေလေသည်။

"မင်းတို့ ဒီနေရာမှာ လုပ်ချင်တိုင်း လုပ်လို့မရဘူး"

အဘိုးကြီးက ပြောသဖြင့် ဂျမားက ဒေါသတကြီးနှင့် လှည့်ကြည့်လေသည်။

"ခင်ဗျားဘယ်သူလဲ. . . ဘယ်ကလဲ၊ ဒီမှာ အလုပ်ရှုပ်နေရတဲ့ကြားထဲ ဘာတွေလာပြောနေတာလဲ"

"ငါက ပြောသင့်တာ လာပြောတာပဲ၊ ဒီနေရာမှာ မင်းတို့ စက်တည်လို့မရဘူး၊ တည်ရင် အကုန်သေမှာပဲ"

ဂျမားက ရှုံ့ရှုံ့ရှားရှား ဖြစ်လာသည်။

"ဘာကြောင့် သေရမှာလဲဗျ"

"ဒီကုန်းရဲ့နာမည်က 'ပုဏ္ဏကကုန်း' လို့ ခေါ်တယ်၊ မင်းတို့ အခုတူးနေတဲ့ ကျောက်တိုင်ငုတ်ကြီးက ဒီနေရာဟာ ပုဏ္ဏက


www.burmeseclassic.com

www.burmeseclassic.com

ကုန်းဆိုတာ သိအောင် စိုက်ထားတာ၊ ဒီကုန်းပေါ်မှာ နေတဲ့လူမှန်သမျှ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက သဘောမတူရင် တစ်ယောက်ပြီးတစ်ယောက် သေကြမှာပဲ"

ဟု ပြောနေစဉ်မှာ ၎င်းတို့ ရပ်နေသော တောင်ကုန်းတစ်ခုလုံး မြေငလျင်လှုပ်သကဲ့သို့ဖြစ်ကာ သိမ့်သိမ့်တုန်လာလေတော့သည်။

မြေအောက်မှလည်း လိုဏ်ခေါင်းတစ်ခုအတွင်းမှ ဟီးသံလိုလို အော်သံတစ်မျိုးကြီး မသဲမကွဲ ကြားကြရသည်။

မခုတ်ရသေးသော ကိုင်းတောတစ်ခုလုံးမှာလည်း တစ်စုံတစ်ယောက်က ကိုင်လှုပ်နေသကဲ့သို့ သွက်သွက်ခါယမ်းနေသည်။

မြေအောက်လိုဏ်ခေါင်းအတွင်းမှ ပေါ်ထွက်နေသော အသံကြီးမှာလည်း တော်တော်နှင့် မရပ်ဘဲ ရှိလေသည်။

"ဝေါ. . . ဝေါ. . . ဝေါ"

ထိုအခြေအနေကို မြင်သောအခါ ကိုင်းတောကြီးကို ခုတ်ထွင်ရှင်းလင်းနေကြသော ကုလားများမှာ ထိတ်လန့်ကြောက်ရွံ့ကြလေသည်။

အတန်ကြာသောအခါမှ မြေအောက်မှ ပေါ်ထွက်နေသော အော်သံကြီး ငြိမ်သွားသလို သွက်သွက်ခါအောင် လှုပ်ယမ်းနေသော ကိုင်းတောကြီးမှာလည်း ပြန်လည်ငြိမ်သက်သွားလေတော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညနေစောင်းအချိန်





ရောက်လာပြီဖြစ်သောကြောင့် ကိုင်းတောအတွင်းမှာ အမှောင်ရိပ်များ သမ်းလာချေပြီ။

ထိုအချိန်ရောက်တော့မှ စောစောက အဘိုးကြီးကို ရှာကြည့်သောအခါ ထိုနေရာတွင် မတွေ့ရတော့ပေ။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၅)

# ပုဏ္ဏကကျွန်းမှ
# အစာလာတောင်းသော
# ပရလောကသား

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာ သူဌေး ဦးကာစင် ကိုယ်တိုင် မော်ကျွန်းဘက်ကမ်းမှ သမ္ဗန်ဖြင့် ကူးလာလေသည်။ ၎င်းရောက်လာသောအခါ ဂျမားက မနေ့က အခြေအနေများကို ပြောပြသည်။

သူဌေးဦးကာစင်ကတော့ ထိုအခြေအနေများကို နား ထောင်ပြီး အလေးအနက်ထားဟန်မတူပေ။

သူ့အနေနှင့် ဆန်စက်အမြန်တည်နိုင်ရန်သာ အာရုံရှိ



www.burmeseclassic.com

www.burmeseclassic.com

နေလေသည်။

သို့ကြောင့် မြေကွက်ကို အမြန်ဆုံး ရှင်းရန်နှင့် မလွတ်လပ်သောအရာများကို ဖယ်ရှားပစ်ရန်လည်း မှာကြားလေသည်။

"ဒီမြေကွက်က အစိုးရဆီက ဝယ်ထားပြီးပြီဆိုတော့ ငါပိုင်ဆိုင်တဲ့မြေကွက် ဖြစ်သွားပြီ၊ ဘယ်သူကမှ လာနှောင့်ယှက်လို့မရဘူး၊ နှောင့်ယှက်တဲ့လူရှိရင် ငါကိုယ်တိုင် ပုလိပ်ခေါ်ပြီး အရေးယူပစ်မယ်၊ ဒီမြေကွက်ကိုသာ အမြန်ဆုံး ပြီးအောင်ရှင်းကြ၊ အချိန်တန်လို့ မပြီးရင်တော့ မင်းတို့ကို အလုပ်ဖြုတ်ပစ်မယ်"

ဟု ဆူပူကြိမ်းမောင်းလေသည်။

ထို့နောက် နေ့လည်ဘက်အချိန်လောက်တွင် မော်ကျွန်းဘက်ကမ်းသို့ ပြန်ကူးရန် ပြင်လေသည်။

ထိုအချိန်မှာ ရေတက်ချိန်ဖြစ်သောကြောင့် အပေါ်ကမ်းခြေအထိ ရေပြည့်နေသည်။

ဦးကာစင် စီးလာသောသမ္ဗန်မှာ ကူးတို့လှေ မဟုတ်ပေ။ သူ၏ကိုယ်ပိုင်သမ္ဗန်ဖြစ်သည်။

ဦးကာစင် သမ္ဗာန်ပေါ် ရောက်သောအခါ ကြိုးဖြည်ပြီး ထွက်သည်။

ရေစီးမကြမ်းသေးသောအချိန်ဖြစ်သဖြင့် အလွယ်တကူပင် ကမ်းခြေနှင့် အတော်ဝေးဝေး ရောက်သွားလေသည်။ ထိုနေရာ ရောက်သွားတော့မှ သမ္ဗန်က ရှေ့ဆက်သွား၍မရတော့ဘဲ ရေလယ်မှာ ချာလည်လည်ဖြစ်နေတော့သည်။

သမ္ဗန်ခတ်သည့် ကုလားကလည်း ရေအောက်မှ ဒိုက်ပုံများနှင့် ငြိနေသည် ထင်သောကြောင့် ခတ်တက်နှစ်ချောင်းနှင့် ခပ်ပြင်းပြင်း ခတ်သော်လည်း ခတ်ကွင်းပြုတ်ထွက်သွားသည့်တိုင်အောင် သမ္ဗန်က ရှေ့သို့မတိုး နောက်သို့မဆုတ်ဘဲ ရောက်နေသည့်နေရာမှာပင် ချာလည်,လည်နေတော့သည်။ ထိုအခြေအနေကို မြင်သောအခါ သမ္ဗန်အလယ်နေရာမှ ထိုင်နေသော ဦးကာစင်မှာ မျက်လုံးပြူးလာလေသည်။





သမ္ဗန်ပေါ်မှာ ပါလာသော ကုလားနှစ်ယောက်ရော ကမ်းပေါ်မှ ရပ်ကြည့်နေကြသော ကုလားများမှာလည်း ၎င်းတို့သူဌေးအတွက် များစွာစိုးရိမ်နေကြသည်။

"သမ္ဗန်ဝမ်းဗိုက်အောက်မှာ တစ်ခုခုနဲ့ ငြိနေတယ်ထင်တယ်. . . ဆင်းကြည့်စမ်း"

နောက်မှ သမ္ဗန်ခတ်သောကုလားက ၎င်းတို့ဘာသာစကားဖြင့် လှမ်းပြောလိုက်သောအခါ ရှေ့မှာ ရှိနေသော ကုလားက နံငယ်ပိုင်းကို ခါးတောင်းကျိုက်ပြီး ရေထဲ ခုန်ဆင်းသွားလေတော့သည်။

သူသည် ရေအောက်ရောက်သည်နှင့် သမ္ဗန်အောက်သို့ ဝင်ကြည့်သည်။

သမ္ဗန်ဝမ်းဗိုက်အောက်မှ ကြီးမားသော တိုင်ငုတ်တစ်ခုပေါ်မှာ တင်နေသည်ကို တွေ့ရသဖြင့် ရေပေါ်သို့ ပြန်တက်လာသည်။

"ဘာတွေ့သလဲ တမ္ဗတ်"

"ငါတို့သမ္ဗန်က တိုင်ငုတ်တစ်ခုပေါ်မှာ တင်နေတာကွ"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ကြမလဲ"

"သမ္ဗန်ကို ကြိုးနဲ့ချည်ပြီး လူများများနဲ့ ဆွဲချမှရမယ်"

ဟု ပြောသဖြင့် ကမ်းစပ်မှာ ရှိနေသူများကို ကြိုးရှည်တစ်ချောင်း လှမ်းပစ်ပေးရန် ေ်ပြောကြလေသည်။

ကမ်းပေါ်မှာ ရှိနေသူများကလည်း ကြိုးရှည်တစ်ချောင်း အမြန်ရှာကာ လှမ်းပစ်ပေးရန် ကြိုးစားကြသည်။ သို့သော်လည်း ကမ်းခြေနှင့်သမ္ဗန် အတန်ငယ် ဝေးနေပြီဖြစ်သောကြောင့် တော်တော်နှင့် မရောက်နိုင်ဘဲ ရှိနေကြသည်။

ထိုအခိုက်မှာပင် ထူးဆန်းသော အဖြစ်အပျက်တစ်ခု ပေါ်လာလေသည်။

အခြားမဟုတ်ပေ. . .။

ရေပြင်ပေါ်မှာ ရပ်တန့်နေသော သမ္ဗန်က အပေါ်သို့ တဖြည်းဖြည်းနှင့် ကြွတက်လာခြင်းဖြစ်သည်။

"ဟာ. . . ဟိုမှာ. . . ဟိုမှာ၊ သူဌေးသမ္ဗန် အပေါ်ကြွတက်လာပြီဟ"

ဟု ဝိုင်းအော်ကြသည်။

ထိုအခိုက်မှာပင် အောက်ဘက်မှ တစ်စုံတစ်ခုနှင့် ထိုးတင်လိုက်သကဲ့သို့ အပေါ်သို့ မြောက်တက်သွားပြီးနောက် ရေပြင်ပေါ်သို့ 'ဝုန်း' ကနဲ ပြန်ကျသွားလေသည်။

"ဟာ. . ."

ထူးဆန်းသော အဖြစ်အပျက်ကြောင့် အားလုံး တအံ့တဩဖြင့် ဝိုင်းကြည့်နေစဉ် သမ္ဗန်က တဖြည်းဖြည်းနှင့် နစ်မြုပ်





သွားလေသည်။

ထိုအခါမှပင် ကမ်းပေါ်မှာ ရှိနေသော ကုလားများ ရေထဲသို့ ခုန်ဆင်းလာကြပြီး ဦးကာစင်ကို ဆယ်သူကဆယ်၊ နစ်မြုပ်သွားသော သမ္ဗန်ကို ဆယ်သူက ဆယ်ကြလေသည်။

သေကံမရောက် သက်မပျောက်သောကြောင့် မည်သူမှ အသေအပျောက် မရှိေ်လည်း သူဌေးစီးသောသမ္ဗန်ကတော့ ဝမ်းဗိုက်ပေါက်သွားလေတော့သည်။

သမ္ဗန်ဝမ်းဗိုက် အလယ်နေရာလောက်တွင် အချွန်တစ်ခုခုနှင့် ထိုးမိထားသကဲ့သို့ ဟောင်းလောင်းပေါက်ကြီး ဖြစ်နေတော့သည်။

ထိုအဖြစ်အပျက်ကြောင့် ဦးကာစင်ကိုယ်တိုင် အတော်ကလေး ထိတ်လန့်သွားလေသည်။

သို့သော် မတတ်နိုင်တော့ပေ။

အစိုးရထံမှာ မြေဖိုးကျသင့်ငွေများ ပေးသွင်းပြီးနောက် မြေဂရန်လည်း ရခဲ့ပြီးဖြစ်သောကြောင့် ဆက်မလုပ်၍မဖြစ်တော့ပေ။

သို့ကြောင့် ဆိုမြေကွက်ကြီးကို ဆက်လက်ရှင်းလင်းကြလေသည်။ ဘီ-ူးဦးခေါင်း တပ်ထားသော ကျောက်တိုင်ကြီးကိုလည်း တူးဖော်ပစ်လိုက်ကြသည်။

သို့စေကာမူ ချောချောမွေ့မွေ့ ပြီးမြောက်သွားသည်မျိုးတော့ မဟုတ်ပေ။

ကိုင်းတောထဲမှ မြွေကိုက်ခံရခြင်း၊ ခေါင်းတလားပျဉ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ထားသောသံစူးမိပြီး မေးခိုင်ပိုး ဝင်ကာ သေဆုံးသူများအပြင် အချင်းချင်း ခိုက်ရန်ဖြစ်ပွားသဖြင့် ထိခိုက်ဒဏ်ရာရသူများ ရှိကြလေသည်။

နောက်ဆုံးမှာတော့ ဘီလူးခေါင်း တပ်ထားသော ကျောက်တိုင်ကြီးကိုလည်း နှုတ်၊ ကိုင်းတောကြီးတစ်ခုလုံးကိုပါ ရှင်းလင်းပြီး မီးရှို့လိုက်ကြသည်။

မြေနေရာ ရှင်းပြီးသောအခါ ဆန့်စက်ဆောက်ရန်အတွက် စတင်လုပ်ကိုင်ကြလေသည်။

ထိုအတောအတွင်းမှာ ပစ္စည်းများ ရောက်လာပြီ ဖြစ်သောကြောင့် ယာယီတဲများ ထိုးကာ ကုလားအလုပ်သမားများက စောင့်အိပ်ကြရသည်။

ထိုအတောအတွင်းမှာလည်း သရဲတစ္ဆေ ခြောက်လှန့်မှု အမျိုးမျိုးနှင့် တွေ့ကြရသည်။

အချို့သောခြောက်လှန့်မှုများမှာ သာမန်ဖြစ်သော်လည်း အချို့ခြောက်လှန့်မှုများကတော့ ကြမ်းတမ်းလှသောကြောင့် ထွက်ပြေးကြရသည်မျိုးပင် ရှိကြသည်။

တစ်ညသ၌ အစောင့်ကုလားလေးယောက်မှာ ပစ္စည်းများ ပုံထားသော ကမ်းစပ်နှင့် မနီးမဝေးနေရာတွင် မီးပုံတစ်ခု ဖိုထားပြီး ညနေပိုင်းက ဝယ်ထားသောအမဲခြောက်ကို မီးကင်ထားကြလေသည်။

၎င်းတို့မှာ ခိုးပြီးသိမ်းထားသော အရက်ပုလင်းလည်း ရှိကြလေသည်။





အမဲခြောက်များ ကျက်လျှင် အရက်နှင့် မြည်းရင်းနှင့် ကင်းစောင့်ကြရန် စိတ်ကူးထားကြခြင်းဖြစ်သည်။

အရက်ပုလင်းကိုလည်း ဝှက်ထားရသေးသည်။

ကိုယ်စားလှယ်ဂျမား တွေ့မြင်သွားပါက ဆူပူကြိမ်းမောင်းခြင်း ခံရမည်ဖြစ်သောကြောင့်ပင်။

ညဉ့်နက်ပိုင်းအချိန် ရောက်သောအချိန်တွင် မီးပုံနံဘေးမှာ ကင်ထားသော အမဲခြောက်နံ့များကလည်း ထွက်လာသည်။

အစောင့်ကုလားလေးယောက်တို့မှာ ဝှက်ထားသော အရက်ပုလင်းကို ယူပြီး မီးပုံနား သွားကြလေသည်။

မီးပုံနား ရောက်ပြီး အရက်ပုလင်းကိုတောင် မဖွင့်ရသေးခင်မှာ အခြားကုလားတစ်ယောက် သူတို့နား ရောက်လာသည်။

ပထမတော့ မိမိတို့ အလုပ်သမားထဲမှ ကုလားတစ်ယောက် ဖြစ်မည်ထင်သော်လည်း အသေအချာ ကြည့်သောအခါမှ မဟုတ်မှန်း သိရလေသည်။

ထိုကုလားမှာ အရိုးပေါ်အရေတင်မျှသာ ရှိပြီး မျက်နှာမှာလည်း အရိုးခေါင်းသဏ္ဍာန်ဖြစ်နေသည်။ မျက်လုံးများကအတွင်းသို့ ချိုင့်ဝင်နေပြီး ကျိုးတိုးကျဲတဲသာ ရှိသောသွားများကအပြင်သို့ ငေါထွက်နေသည်။ ၎င်းက မီးပုံနှင့် မနီးမဝေးမှာ ဆောင့်ကြောင့်လာထိုင်လေသည်။

“မင်း ဘယ်ကလဲ”

ကုလားဘာသာစကားဖြင့် မေးလိုက်သောအခါ တစ်



www.burmeseclassic.com

www.burmeseclassic.com

နေရာသို့ လက်ညှိုးထိုးပြသည်။

"ငါက ဒီနားမှာပဲ နေတာပါ"

"အခု ဘာလာလုပ်တာလဲ"

"အမဲသား စားချင်လို့ နည်းနည်းလောက် ပေးပါ"

"မပေးနိုင်ပါဘူး. . . ငါတို့လေးယောက်တောင် နည်းနည်းစီ မျှစားကြရမှာ"

"ပေးပါကွာ. . . ငါ အစာမစားရတာ အတော်ကြာပါပြီ၊ ဒီနေရာမှာ နေတုန်းကမှ စားရသေးတယ်၊ ဟိုဘက်ရောက်သွားတော့ ကိုယ့်နေရာမဟုတ်တော့လို့ ဘာမှမစားရတော့ဘူး"

"ဒီနေရာမှာ နေတယ် ပြောရအောင် အရင် ဘယ်နေရာမှာ နေခဲ့လို့လဲ"

"မင်းတို့ အခု ရှင်းနေတဲ့နေရာက သင်္ချိုင်းကုန်းနေရာလေ၊ ငါက သေတာကြာပြီဆိုတော့ ဒီနေရာက ငါ့နေရာလို ဖြစ်နေပြီပေါ့၊ အခု မင်းတို့က ဒီနေရာကို ရှင်းပြီး အလောင်းတွေကို ဖယ်ပစ်လိုက်တော့ ငါလည်း ဟိုဘက်ကို ရွှေ့သွားရတာပေါ့"

ဟု ပြောရာ ကုလားလေးယောက်မှာ မနီးမဝေးမှာ ဆောင့်ကြောင့်ထိုင်နေသော ကုလားကို ကြည့်ပြီး ကြောက်ရွံ့လာသလို ဖြစ်လာကြသည်။

မီးပုံနှင့် မနီးမဝေးမှာ လာထိုင်နေသော ကုလား၏ မျက်နှာမှာလည်း တဖြည်းဖြည်းနှင့် ကြောက်စရာကောင်းသော မျက်နှာကဲ့သို့ဖြစ်လာလေသည်။

"ဒါတောင် မလွယ်ပါဘူးကွာ၊ ကိုယ့်နေရာမဟုတ်တော့





သူ့နေရာနှင့်သူ ပြည့်နေတာပါပဲ၊ ကွင်းပိုင်ဆီမှာ တစ်နေရာရဖို့ မနည်းခွင့်တောင်းပြီးမှ နေရတာ"

ထိုစကားကြားသောအခါ ကုလားလေးယောက်မှာ အံ့သြသွားကြသည်။

ထိုလူပြောသည့် 'ကွင်းပိုင်' ဆိုသောအမည်ကို သူတို့ကြားဖူးသလို ရှိသည်။

"ကွင်းပိုင်ဆိုတာ ဘယ်သူလဲ"

"မင်းတို့ မသိဘူးလား၊ တစ်နေ့က မင်းတို့ကို လာပြောတဲ့ အဝတ်မည်းတွေ ဝတ်ထားပြီး ခေါင်းပေါင်း‚ပေါင်းထားတဲ့ လူကြီးပေါ့"

"သူက ဘာလဲ"

"ကွင်းပိုင်းဆိုတာ သရဲကြီးပေါ့ကွာ၊ ဒီကွင်းတစ်ကွင်းလုံးကို အပိုင်စား ရထားတာလေ၊ ဒီနေရာမှာ နေတဲ့လူတွေက သူ့ကို တင်မြှောက်ပေးကြရတယ်"

"ငါတို့ကတော့ ဒါတွေကို သိလည်းမသိဘူး၊ ယုံလည်းမယုံပါဘူး"

"မယုံလို့ ဆက်လုပ်တော့လည်း လူတွေ တစ်ယောက်ပြီးတစ်ယောက် သေကြတော့ ပိုကောင်းတာပေါ့ကွာ၊ သရဲတစ္ဆေတွေ ထပ်တိုးလာတော့ ငါတို့ အဖော်ရတာပေါ့၊ ငါ့ကို အမဲသားကျွေးပါ"

စကားပြောရင်းနှင့် အမဲသားကို သတိရပြီး ထပ်တောင်းပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မပေးနိုင်ဘူး. . . မင်း သရဲဆိုတာလည်း မယုံဘူး၊ မင်းပြောတာတွေလည်း ငါတို့ မယုံဘူး၊ သွားကွာ. . . သွားစမ်း"

ဟု သတ္တိတော်အတန်ကောင်းသော ကုလားတစ်ယောက်က အော်ထုတ်လေသည်။

သို့သော်လည်း မီးပုံနားမှာ ထိုင်နေသောကုလားက ထ, မသွားပေ။ မျက်လုံးပြူးကြီးဖြင့် အမဲသားကင်များကိုသာ စိုက်ကြည့်နေလေသည်။

နောက်ဆုံး ကုလားတစ်ယောက်က စိတ်မရှည်တော့သဖြင့် တုတ်တစ်ချောင်းကို ကောက်ယူပြီး ရိုက်လေတော့သည်။ ထိုသို့ရိုက်သောအခါ အဝတ်ထုပ်ကြီးကို ရိုက်နေရသကဲ့သို့ တဖုန်းဖုန်းနှင့် အသံမြည်နေသော်လည်း ထိုကုလားကတော့ ဘာမှမဖြစ်သလို ရှိနေသည်။

ထို့နောက်မှာတော့ ရှည်လျားသော လက်တစ်ဖက် ထွက်လာပြီးနောက် မီးပုံနံဘေးမှ အမဲကင်များအားလုံးကို ယူကာ ထသွားလေတော့သည်။

ထိုအခြေအနေ မြင်တော့မှ အစောင့်ကုလား လေးယောက်တို့မှာ သဘောပေါက်သွားကြပြီး အရက်ပုလင်းကိုပင် မယူနိုင်ကြတော့ဘဲ ထပြေးကြရလေသည်။

ထိုကဲ့သို့သော ကြောက်စရာကောင်းသော အဖြစ်အပျက်များ၊ အခက်အခဲများဖြစ်သော်လည်း ဦးကာစင်ကတော့ နောက်မဆုတ်ဘဲ ဆက်လုပ်လေသည်။

အလုပ်သမားတစ်ယောက် သေသွားလျှင် ထိုနေရာ





တွင် အခြားတစ်ယောက်ကို အစားထိုးပြီး လုပ်ကာ မြေကွက် အတွင်းမှာ ရှိသော ကိုင်းတောကြီးနှင့် သစ်ပင်ချုံပင်များကို ခုတ်ထွင် ရှင်းလင်းပြီးသွားလေသည်။

ဘီလူးခေါင်းပုံသဏ္ဌာန် ရှိသော ကျောက်ငုတ်ကြီးကိုလည်း တူးဖော်ပြီးနောက် တုံးလုံးချောင်းအတွင်း ပစ်ချလိုက်ကြလေသည်။ မြေကွက်ရှင်းပြီးသောအခါ ထိုနေရာမှာ ဆန်စက်ကြီးနှင့် ဂိုဒေါင်များ တည်ဆောက်လေသည်။

ဆန်စက်ပြီးသွားသောအခါ 'ဇမ္ဗူကျော်ဆန်စက်' ဟု အမည်ပေးလေသည်။

ဆန်စက်ပြီးသွားသောအခါ ဆန်စက်တွင် တာဝန်ထမ်းဆောင်ရန် အလုပ်သမားများ ခန့်ရလေသည်။

သာမန်စပါးနှင့်ဆန်အိတ်များ ထမ်းသော အလုပ်သမားများက ပေါလှသည်။

ကုလားအလုပ်သမားများကို ခေါ်ယူအသုံးပြုနိုင်လေသည်။ ကုလားဖြစ်စေ ဗမာဖြစ်စေ စပါးအိတ် ဆန်အိတ်ကို နိုင်နင်းစွာ ထမ်းနိုင်ပါက ဆန်စက်တွင် စပါးထမ်းသောအလုပ်ကို ရနိုင်လေသည်။

ရှာဖွေရန် ခက်သည်က ဆန်စက်ရှေ့ပိုင်းတွင် တာဝန်ယူကြရသော 'မေတန်တေ' ဟု ခေါ်သည့် ဆန်ဖြတ်အလုပ်သမားများနှင့် ဆန်စက်နောက်ပိုင်းတွင် တာဝန်ယူကြရသော စက်ဆရာဟု ခေါ်သော အလုပ်သမားများပင်ဖြစ်သည်။

ထိုအလုပ်သမားများမှာ ဆန်စက်တစ်လုံးအတွက် မရှိ


www.burmeseclassic.com

www.burmeseclassic.com



မဖြစ် အလုပ်သမားများဖြစ်ကြပြီး အလုပ်နှင့် ပတ်သက်ပြီး ကျွမ်းကျင်မှု ရှိကြရန် အရေးကြီးသည်။

စက်ဆရာများမှာ စက်ပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး ကျွမ်းကျင်ကြရသည့်အပြင် ၎င်း၏လက်ထောက်ဖြစ်သူမှာလည်း ရေဆူအမှတ်၊ မီးပေါင်အတက်အကျကို နားလည်ရသည်။

မကျွမ်းကျင်သူများ ခန့်ထားမိပါက စက်ပျက်ခြင်းမှအစ ဘွိုင်လာအိုး ပေါက်ကွဲသည်အထိ အန္တရာယ်ရှိနိုင်လေသည်။ ဆန်စက်ရှေ့ပိုင်း ဆန်ဘက်ဆိုင်ရာ တာဝန်ယူရသော မေတန်တေများကလည်း ကျွမ်းကျင်မှု ရှိကြရန် အရေးကြီးလှလေသည်။

မကျွမ်းကျင်သူများ ထားမိပါက ဆန်ထွက်လျော့ခြင်း၊ ဆန်ထဲမှာ ဆန်ကွဲနှင့်စပါးလုံး များခြင်း။

ဆန်ကျိုးများခြင်း စသော အပျက်အစီးများဖြစ်သည်။

မေဘက်တွင် ကျွမ်းကျင်သူများ တာဝန်ယူ လုပ်ကိုင်ပါက ဆန်ချောအထွက်ကောင်းခြင်း၊ ဆန်ချောထဲမှာ ဆန်ကျိုး၊ ဆန်ကွဲနည်းခြင်း၊ ဆန်ကွဲအထွက်နည်းခြင်း အစရှိသော အကျိုးကျေးဇူးများ ရသည်။

စပါးတင်းတစ်ဆယ်ခန့် ကြိတ်ခွဲလျှင် ဆန်ချော လေးတင်းကျော် ငါးတင်းအထိ ထွက်ပါက ဆန်စက်နှင့် မေတန်တေကောင်းပြီး ဆန်က လေးတင်းသာသာမျှသာ ထွက်ပြီး ဆန်ကွဲနှင့်ဖွဲများလျှင်တော့ ဆန်စက်မကောင်းသောကြောင့်ဖြစ်စေ၊ ဒါမှမဟုတ် မေဆရာက ဆန်ခိုးထားလိုက်သောကြောင့်သာ ဖြစ်ပေသည်။





ရေစိုထားသောစပါး မဟုတ်ဘဲ ဆန်စက်ကလည်း ကောင်း၊ လူကလည်း ကောင်းမည်ဆိုပါက စပါးဆယ်တင်းလျှင် ဆန်ချော ငါးတင်းနီးပါး ပြန်ထွက်လေသည်။

သို့ကြောင့် ဆန်စက်တည်ထောင်သူများက စက်ဆရာနှင့် မေတန်တေဆရာ ကောင်းကောင်းရအောင် ရှာဖွေခန့်အပ်ကြရသည်။

ယုံကြည်စိတ်ချရသူများကိုသာ ရွေးချယ် ခန့်အပ်ကြသည်။ မရိုးသားသူများကို ခန့်မိပါက ဆန်စက်ပါ နာမည်ပျက်ရလေသည်။

ဇမ္ဗူကျော်ဆန်စက် တည်ပြီးသောအခါ သူဌေးဦးကာစင်က စက်ဆရာနှင့် မေတန်စောဆရာများကို ခေါ်ရာတွင် အများအားဖြင့်တော့ ကုလားလူမျိုး များပြီး မြန်မာလူမျိုးအချို့လည်း ပါလာကြသည်။

ထိုအထဲတွင် နီမောင်လည်း ပါလာသည်။

နီမောင်က အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ဆန်စက်နှင့် ပတ်သက်ပြီး အတော်များများ ကျွမ်းကျင်သူတစ်ဦးဖြစ်လေသည်။

သူသည် မြန်မာလူမျိုးများထဲမှာ ထူးထူးခြားခြား ဆန်စက်အကြောင်းကို ကျွမ်းကျင်စွာ နားလည်သူတစ်ယောက်လည်းဖြစ်သည်။

ထိုခေတ်အချိန်ခါက စပါးကြိတ်ခွဲသော ဆန်စက်လောက စက်ပိုင်းနှင့် ပတ်သက်သည့်နေရာ မှန်သမျှ ကုလား



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးများချည်းသာဖြစ်သည်။

ထိုအချိန်က ထိုနေရာမှာ ဝင်ရောက်အလုပ်လုပ်သော မြန်မာလူမျိုး အတော်နည်းသည်။

နီမောင်က မော်ကျွန်းမြို့ကမ်းနားနှင့် နီးသောနေရာမှာ မွေးဖွားကြီးပြင်းသူဖြစ်သည်။

သူတို့နေသောနေရာနှင့် ချောင်းငယ်တစ်ခုသာ ခြားသောနေရာမှာ ဆန်စက်တစ်လုံးရှိသည်။

နီမောင်တို့ ကလေးအရွယ်က ထိုဆန်စက်ထဲတွင် သွားရောက် ဆော့ကစားလေ့ရှိသည်။

နောက်ပိုင်း နေရှင်နယ်ကျောင်းမှာ ကျောင်းတက်သောအခါမှာလည်း ကျောင်းပိတ်ရက်များမှာလည်း အပေါင်းအဖော်များနှင့် သွားရောက်ဆော့ကစားလေသည်။

နီမောင်တို့ နေသော (၁၂)လမ်းထိပ်တွင် ဗလီတိုက်တစ်ခု ရှိသည်။ ဆန်စက်မှ ကုလားအဘိုးကြီးတစ်ယောက်က အလုပ်နားသောအချိန်မှာ ထိုဗလီတိုက်သို လာလေ့ရှိရာ တစ်နေ့တွင် နီမောင်ကို တွေ့မြင်သွားရာ မှတ်မိသွားသည်။

"မင်း ဆန်စက်ထဲ လာကစားနေတဲ့ကလေး မဟုတ်လား"

"ဟုတ်ပါတယ်"

"အခု မလာတော့ဘူးလား"

"ကျွန်တော် ကျောင်းတက်နေပြီ"

"ကျောင်းအားရင် လာပေါ့"





ဟု ပြောပြီး ပြန်သွားလေသည်။

နေရှင်နယ်ကျောင်းမှာ ဘုန်းတော်ကြီးကျောင်း ဖြစ်သောကြောင့် အဖိတ်နေ့ ဥပုသ်နေ့များတွင် ကျောင်းပိတ်ပေးလေသည်။

ထိုရက်များတွင် နီမောင်က အခြားအပေါင်းအဖော်များနှင့် ဆန်စက်ထဲသို့ သွားကြလေသည်။

နောက်တစ်ကြိမ် ဆန်စက်ထဲသို့ သွားရောက်ကစားသောအခါ ထိုကုလားအဘိုးကြီးနှင့် တွေ့ရသည်။

သူက ထိုဆန်စက်၏မေတာန်တော့ဖြစ်သည်။

သူ့လက်အောက်မှာ`နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး အလုပ်လုပ်နေကြသော တပည့်များ ရှိသည်။

သူက ထိုတပည့်များကို ကြီးကြပ်ပေးရသော ဆရာကြီးဖြစ်သည်။ ထိုအချိန်က နီမောင်မှာ ဆယ်နှစ်ကျော်ကျော်အရွယ်ရှိနေချေပြီ။

ထိုနေ့က နီမောင် ပြန်သောအခါ ထိုကုလားအဘိုးကြီးက ဆန်တစ်ထုပ် ပေးလိုက်သည်။

သို့ကြောင့် နောက်ပိုင်း ကျောင်းပိတ်ရက်များတွင် ထိုကုလားအဘိုးကြီး ရှိရာသို့ သွားပြီး ၎င်းခိုင်းသောအလုပ်များကို ကူလုပ်ပေးသည်။ ပြန်လျှင် ဆန်တစ်ထုပ် ရသောကြောင့် နီမောင်က သဘောကျလေသည်။

နောက်ရက်များတွင် ကုလားအဘိုးကြီးက မေးသည်။

"မင်း ဆန်ရတာကို သဘောကျသလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျပါတယ်"

"အခုလို ဆန်များများရတဲ့အလုပ်မျိုး မလုပ်ချင်ဘူးလား"

"လုပ်ချင်ပါတယ်. . . ဘယ်လိုလုပ်ရသလဲ"

"ငါသင်ပေးမှာပေ့ါ. . . ကျောင်းပိတ်တဲ့ရက်မှာ ငါ့ဆီကိုလာခဲ့၊ ငါခိုင်းတဲ့အလုပ်တွေ လုပ်ရင်းနဲ့ မင်း တတ်သွားမှာပေ့ါ"

ဟု ပြောလေသည်။

သို့ကြောင့် ကျောင်းပိတ်သောရက်များတွင် ဆန်စက်ထဲသို့ သွားကာ ကုလားအဘိုးကြီး ခိုင်းသော အလုပ်များကို ဝိုင်းကူလုပ်ပေးလေသည်။

ကုလားအဘိုးကြီးကလည်း ဆန်စက်နှင့် ပတ်သက်သည့် ပညာများကို နည်းနည်းချင်း သင်ကြားပေးသည်။

ဆန်စက်ဇလားကြီးထဲကို စပါးလောင်းထည့်သည်မှ ဆန်ဖြူထွက်လာသောနေရာအထိ အဆင့်ဆင့် တစ်ခုချင်း ပြောပြပေးသည်။ နွေရာသီ ကျောင်းပိတ်သောအခါ ထိုဆန်စက်ထဲသို့ သွား၍ပညာသင်လေသည်။

ဤသို့ဖြင့် နှစ်အတန်ကြာသောအခါ နီမောင်တစ်ယောက် ကျွမ်းကျင်သော မေတန်တေ တစ်ယောက်ဘဝသို့ ပြောင်းလဲရောက်ရှိလာလေတော့သည်။





## အခန်း (၅)

# ရေအောက်မှ ဘီလူးပေါ်ခြင်း

ဦးကာစင်၏ဇမ္ဗူကျော်ဆန်စက် တည်ဆောက်ပြီးသောအခါ စက်စတင်လည်ပတ်ရန်အတွက် စက်ဆရာများ၊ မေတန်တေသမားများ၊ အလုပ်သမားကို ရှာဖွေစုဆောင်းရသည်။ စပါးထမ်းသော အလုပ်သမားများကို ရှာဖွေစုဆောင်းရသည်မှာ မခဲယဉ်းသော်လည်း ပညာရှင်များဖြစ်သော စက်ဆရာနှင့် မေတန်တေ ဆရာများကို ရှာဖွေရသည်မှာ မလွယ်လှပေ။

သို့သော်လည်း ဦးကာစင်က ပေါင်းသင်းဆက်ဆံရေးကောင်းသူဖြစ်သောကြောင့် ၎င်းမိတ်ဆွေ ဆန်စက်ပိုင်ရှင်များထံမှ အကူအညီတောင်းရာ လက်ရှိလည်ပတ်နေသော ဆန်စက်



www.burmeseclassic.com

www.burmeseclassic.com

များတွင် အလုပ်လုပ်နေသည့် စက်ဆရာနှင့် မေတန်တေများကို ရရှိလေသည်။

ထိုအထဲတွင် နီမောင်တို့ ပါလာခဲ့ခြင်းဖြစ်သည်။

နီမောင်တို့နှင့်အတူ အခြားလုပ်ဖော်ကိုင်ဖက်အချို့ လည်း ပါလာကြလေသည်။

ဝါရင့်မေတန်တေတစ်ဦးဖြစ်သော 'ထွန်းမြင့်' ဆိုသူ လည်း ပါလာသည်။

ထွန်းမြင့်မှာ အသက်သုံးဆယ်အရွယ်ခန့်ရှိပြီး လုပ် သက်ရင့်နေပြီဖြစ်ပေရာ ဆန်ဖွတ်သည့်နေရာတွင် ဆန်ကြိတ်သူ များအပေါ်မှာ နည်းအမျိုးမျိုးနှင့် ပညာပြတတ်ပေရာ နာမည်ဆိုး ရှိနေသူဖြစ်ပြီး အခြားဆန်စက်များက မလိုချင်သော မေတန်တေ တစ်ဦးလည်းဖြစ်သည်။ ဦးကာစင်ကတော့ ဆန်စက်တည်ကာစ ဖြစ်သောကြောင့် ထွန်းမြင့်အကြောင်းကို သိပ်မသိဘဲ အလွယ် တကူ မေတန်တေ တစ်ဦးရနေသောကြောင့် များစွာကျေနပ်နေ မိလေသည်။

ဆန်စက် စတင်လည်တော့မည်ဆိုကတည်းက တံတား ထိပ်တွင် စပါးကြိတ်မည့် လှေသမ္ဗန်အချို့က ရောက်နှင့်နေပြီး ဆန်စက်စာရေးကြီးအဖြစ် လုပ်မည့် ဦးမောင်ခင်ထံမှာ စီနီယာဟု ခေါ်သည့် စာရင်းပေးသူက ပေးထားပြီးကြလေပြီ။ ရှေးအခါက ယခုအချိန်ကာလကဲ့သို့ ဆန်စက်များ အများအပြား ရှိကြသည် မဟုတ်ဘဲ မြို့တစ်မြို့တွင် သုံးလေးလုံးမျှသာ ရှိသည်။

သို့ကြောင့် ဆန်စက်တစ်လုံးတွင် ဝမ်းစာစပါးကြိတ်ခဲ့သူ





များ၊ ဆန်ကုန်သည်များ၏လှေသမ္ဗန်များက ကြိတ်ကြိတ်တိုး ရှိ နေကြသည်။

တစ်ခါတစ်ရံ စပါးပေါ်ချိန်များဆိုလျှင် တစ်ခါ စပါး ကြိတ်ဖို့ မိမိအလှည့်ရောက်ရန် ဆယ်ရက် ဆယ့်ငါးရက်အထိ စောင့်ကြရသည်မျိုး ရှိသည်။

သို့ကြောင့် အခြားနေရာတွင် ဆန်စပါးကြိတ်ခဲ့မည့် ဆန် စက်တစ်လုံး အသစ်ပေါ်တော့မည်ဆိုလျှင် ထိုနေရာသို့ အလု အယက် သွားကာ စာရင်းပေးကြခြင်းဖြစ်သည်။

ဆန်စက်ပင် မလည်ရသေးခင်ကတည်းက ဆိပ်ကမ်း တွင် စပါးကြိတ်ခွဲမည့် လှေသမ္ဗန်များ ရောက်နေကြခြင်းဖြစ်ပေ သည်။

ဇမ္ဗူကျော်ဆန်စက်တွင် အင်ဂျင်ခန်း၌ စက်ဆရာ ဦးရာ ဂျစ်နှင့် ကိုအေးကျော်တို့က တာဝန်ယူကြမည်ဖြစ်ပြီး အခြား နှစ်ယောက်တစ်တွဲလည်း ရှိကြသေးသည်။

မေတန်တေ အခန်းမှာတော့ နီမောင်နှင့် ကိုသန်း အောင်တို့က တစ်တွဲ၊ ထွန်းမြင့်နှင့်သိန်းကြည်တို့က တစ်တွဲ တာဝန်ယူကြမည် ဖြစ်ပေသည်။

ဆန်စက်စာရေးမှာ ဦးမောင်ခင် ဖြစ်ပြီး ၎င်းလက် အောက်မှာ ကူလီခေါင်းများနှင့် အခြားအလုပ်သမားများ ရှိကြ လေသည်။ ကူလီခေါင်းဆောင်ကိုတော့ 'တင်မြ' ဆိုသူက တာဝန်ယူလေသည်။

အခက်အခဲများစွာဖြင့် တည်ဆောက်ခဲ့သော ဇမ္ဗူ



www.burmeseclassic.com

www.burmeseclassic.com

ကျော်' ဆန်စက် တည်ဆောက်ခြင်းကိစ္စအဝဝတို့ကတော့ ပြီး သွားခဲ့လေပြီ။

အလုပ်သမားများလည်း ပြည့်စုံစွာ ရောက်နေကြပြီ။

အလုပ်သမားများအတွက် ဆောက်ပေးထားသော တန်းလျားတွင် သူ့အခန်းနှင့်သူ အသီးသီး ရောက်နေကြပြီ။

ထိုအခန်းများတွင် မိသားစု ရှိသူများက မိသားစုများ ခေါ်လာပြီး လူလွတ်များကတော့ သီးခြားနေကြသည်။

ဆန်စက် စတင်မလည်မီ စက်စမ်းသောနေ့ ညဘက် တွင် မော်ကျွန်းမြို့ပေါ်မှာ ရှိသော ဇာတ်အဖွဲ့ကို ငှားရမ်းပြီး ကပြလေရာ လူများစွာ စည်ကားလေသည်။

ထိုအချိန်က မော်ကျွန်းမြို့ပေါ်တွင် ဇာတ်အဖွဲ့၊ ဆိုင်း အဖွဲ့များများတော့ မရှိပေ။

အောင်သန်းညွန့်ဇာတ်အဖွဲ့ နှင့် ခေတ်ဆန်းတင်ဇာတ် အဖွဲ့နှစ်ဖွဲ့ ရှိပြီး ဆိုင်းအဖွဲ့များကတော့ ဗိုလ်ကေစိန်ဆိုင်းအဖွဲ့၊ ဇလွန်ဆိုင်းအဖွဲ့နှင့် ဗိုလ်ကေသောင်းဆိုင်းအဖွဲ့တို့ ရှိကြရာ ဆန် စက်ဖွင့်ပွဲတွင် လာရောက်ကပြသောဇာတ်အဖွဲ့မှာ 'အောင်သန်း ညွန့်' ဇာတ်အဖွဲ့ ဖြစ်ပေသည်။

ထိုခေတ်အခါက မြို့တိုင်းလိုလိုတွင် မြို့ခံဇာတ်အဖွဲ့၊ ဆိုင်းအဖွဲ့များ ရှိခဲ့ကြရာ မော်ကျွန်းနှင့် နီးသော ဗိုလ်ကလေး (ဘိုကလေး)မြို့မှာလည်း ထင်ရှားသော ဇာတ်သဘင်အဖွဲ့နှင့် ဆိုင်းအဖွဲ့များ ရှိခဲ့ကြသည်။

ဓမ္မာရုံလမ်းမှ စိန်အောင်မြင့် ဇာတ်အဖွဲ့၊ စိန်ဘကျော်





ဆိုင်းအဖွဲ့၊ စိန်မြသန်းဆိုင်းအဖွဲ့၊ ဇလွန်တင်ဆိုင်းအဖွဲ့တို့ ရှိခဲ့ကြ သည်။

(နောက်ပိုင်းတွင် ဒို့ကြိုင်လေးဆိုင်းအဖွဲ့၊ ထိန်ဝင်းမောင် ဆိုင်းအဖွဲ့တို့မှာ (၁၉၇၀)ခုနှစ်နောက်ပိုင်း ထင်ရှားခဲ့ကြလေ သည်)

ဦးကာစင်၏ဇမ္ဗူကျော်ဆန်စက် ဖွင့်ပွဲတွင် ဇာတ်အဖွဲ့ ကပြရာ နောက်ပိုင်းကပြသောဇာတ်မှာ 'ရှင်မွေ့လွန်း၊ မင်းနန္ဒာ' ဇာတ်လမ်းဖြစ်သည်။

ထိုညက တစ်ညလုံး ထူးထူးခြားခြား ဘာမှမဖြစ်ဘဲ ဇာတ်ထုပ်ခင်းနေစဉ် ငမိုးရိပ်မိကျောင်း ထွက်သောအခန်းသို့ အရောက်တွင် မြေအောက်မှ ဟီးသံလိုလို၊ အော်သံလိုလိုအသံ ကြီး ပေါ်ထွက်လာရာ ပွဲကြည့်နေသူများ အထိတ်တလန့်ဖြစ်ကြ လေသည်။

သို့နှင့် မပြီးသေးဘဲ မြေလျှင် လှုပ်သကဲ့သို့ ကုန်းတစ်ခု လုံး တုန်လှုပ်လာရာ ဇာတ်စင်ပေါ်မှာ ထွန်းထားသော ဓာတ်မီး များ၊ ကားလိပ်များပင် ပြုတ်ကျလာသည်။

ပွဲခင်းထဲမှာ လူများလည်း ကြောက်လန့်တကြား ထပြေး ကြရာ ပွဲဆက်က၍ မရတော့အောင်ဖြစ်သောကြောင့် ပွဲပျက် သွားခဲ့လေသည်။

နောက်ပိုင်း ဇာတ်ထုပ်ကနေသောအချိန်ဖြစ်သဖြင့် အရှက်တက်ချိန်သို့ ရောက်နေပြီဖြစ်ရာ ဘယ်လိုမှ ဆက်က၍ မရတော့သဖြင့် ပွဲသိမ်းလိုက်ရသည်။



www.burmeseclassic.com

 www.burmeseclassic.com 

အမှန်တော့ တစ်ဝက်တစ်ပျက်နှင့် ပွဲပျက်သွားခဲ့ခြင်းဖြစ်၏။ ထိုကိစ္စက ထိုမျှနှင့် မပြီးပေ။

နောက်တစ်နေ့ ဆန်စက် စတင်လည်သောအချိန်မှာလည်း ထပ်မံဖြစ်ပွားပြန်လေသည်။

ဆန်စက်လည်စ နေ့မှာပင် မြေငလျင်လှုပ်သကဲ့သို့ စက်ခန်းတစ်ခုလုံး သိမ့်သိမ့်တုန်အောင် လှုပ်လာပြီး မြေအောက်မှ ဟီးသံလိုလို အော်သံမျိုးကြီး ကြားကြရသည်။

ထို့ပြင် ဆန်စက်ရှေ့ဘက် တံတားတစ်ခုလုံး သွက်သွက်ခါအောင် လှုပ်ယမ်းနေပြီး အောက်မှ ရေပွက်ကြီးများ ထလာသည်ကိုလည်း အားလုံးမြင်တွေ့ကြရသည်။

အတွေ့အကြုံ မရှိသေးသော အလုပ်သမားများကတော့ ထိုကဲ့သို့ ထူးထူးကဲကဲဖြစ်သော အဖြစ်အပျက်များကို မြင်သောအခါ ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကြလေသည်။

"ဘာဖြစ်တာလဲ. . . မြေငလျင်လှုပ်တာလား"

"မဟုတ်ဘူး ထင်တယ်. . . မြေငလျင်လှုပ်တာဆိုရင် အားလုံးလှုပ်မှာပေါ့၊ အခုဟာက ဒီတစ်နေရာတည်း ကွက်ပြီး လှုပ်နေတာဟ"

"တံတားတိုင်တွေတောင် သွက်သွက်ခါအောင် လှုပ်နေတာဆိုတော့ လျှော့လှုပ်တာတော့ မဟုတ်ဘူးထင်တယ်"

"ဒါဖြင့် ဘာဖြစ်တာလဲ"

"ဒီနေရာက အရင်ကတည်းက ပုဏ္ဏကကုန်းလို့ နာမည်ကြီးနေတဲ့နေရာ မဟုတ်လား၊ မြေအောက်မှာ ဘီလူးတွေ ရှိချင်ရှိနေမှာပေါ့၊ ဘီလူးတွေကများ ကိုင်လှုပ်နေရော့သလား"

"ဟာကွာ. . . မဟုတ်နိုင်ပါဘူး၊ မင်းပြောတော့မှပဲ ပိုတောင် ကြောက်စရာကောင်းလာပြီ"

"ဘာကြောက်စရာ ရှိသလဲကွ၊ ငါတို့က အလုပ်သမားတွေပဲ၊ သူတို့ ခေါ်ခိုင်းလို့ လာလုပ်ကြတာပဲ၊ တကယ်လို့ ဘီလူးတွေက မကျေနပ်လို့ လုပ်တယ်ဆိုရင် ပိုင်ရှင်တွေပဲ ထိမှာပေါ့"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ထိုကဲ့သို့သောအဖြစ်အပျက်များ မကြာခဏ ဖြစ်ကြသော်လည်း ဦးကာစင်ကတော့ ၎င်းဆန်စက်ကို ဆက်လည်မြဲလည်စေသည်။ ၎င်းမှာ ကုလားလူမျိုးတစ်ဦးဖြစ်သောကြောင့် အခြားကိစ္စများထက် စီးပွားရေးကိုသာ အာရုံရှိလေသည်။

ထိုကဲ့သို့ ဆန်စက်လည်ပြီး တစ်ပတ်ခန့်ကြာသော အချိန်ထိ ထူးထူးခြားခြားအဖြစ်မျိုး နောက်ထပ်မတွေ့ကြရပြန်သောကြောင့် အားလုံး မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြပြန်လေသည်။

သို့သော်လည်း နောက်ထပ်ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်များက တစ်ခုပြီးတစ်ခု ရောက်လာလေတော့သည်။

ဆန်စက်လည်သည်မှာ တစ်လခန့် အချိန်ကြာသောအခါ ဖမ္ဘူကျော်ဆန်စက်ဆိပ်ကမ်း တစ်လျှောက်တွင် စပါးကြိတ်ရန် လာသော လှေ၊ သမ္ဗန်များဖြင့် စည်ကားနေလျက်ရှိနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အချို့စပါးကြိတ်သူများမှာ မိမိတို့အလှည့်ရောက်ရန် ရက်လိုသေးသောအချိန်တွင် ညအချိန်တွင် မော်ကျွန်းမြို့ဘက်ကမ်းသို့ ကူးတို့လှေဖြင့် ကူးကာ ရုပ်ရှင်သွားကြည့်ကြသည်။

ရုပ်ရှင်ကြည့်ပြီး ပြန်လာသောအချိန်မှာ ညအချိန် ကိုးနာရီကျော် ဆယ်နာရီခန့် ရှိပြီဖြစ်သောကြောင့် တစ်ခါတစ်ရံလည်း ကူးတို့သမ္ဗန် မရှိတော့ပေ။

အခြားလှေလည်း ရှာမတွေ့လျှင် တစ်ဖက်ကမ်းရောက်အောင် ရေကူးပြန်လာကြသည်။

ရှေးအချိန်က တုံးလုံချောင်းမှာ ယခုအချိန်မြင်ရသကဲ့သို့ အကျယ်ကြီး မဟုတ်ဘဲ ချောင်းသာသာမျှသာ ရှိလေသည်။ ရေကူးကျွမ်းကျင်သူဆိုပါက လက်ပစ်ကူးသွားလျှင် မိနစ်ပိုင်းအတွင်း ရောက်သွားလေသည်။

အချို့ကလည်း ကူးတို့ခ ဆယ်ပြား၊ ဆယ့်ငါးပြားကို မပေးလိုသောကြောင့် ရေကူး၍ ပြန်ကြခြင်းဖြစ်သည်။ စပါးလာကြိတ်သူများမှာ တောနေလူတန်းစားများ ဖြစ်သောကြောင့် အားလုံး ရေကူးကျွမ်းကျင်သူများဖြစ်ကြလေရာ ထိုမျှလောက်ချောင်းအကျယ်လောက်ကော့ မပြောပလောက်ပေ။

ညအချိန် တစ်ဖက်ကမ်း ကူး၍ ရုပ်ရှင်ကြည့်သူများမှာ ပုဆိုး၊ အင်္ကျီအပိုပင် မပါကြပေ။

ချောင်းထဲ ဆင်းသောအချိန်မှာ ပုဆိုးနှင့်အင်္ကျီကို ချွတ်၍ ခေါင်းပေါ် တင်ကာ ကူးလာကြသည်။

မြို့ဘက်ကမ်း ရောက်တော့မှ ပုဆိုး၊ အင်္ကျီပြန်ဝတ်ပြီး





ရုပ်ရှင်သွားကြည့်ကြသည်။

ပြန်လာတော့လည်း ဒီအတိုင်းပင်ဖြစ်သည်။

ထိုနေ့က (၁၃)လမ်းမှာ ရှိသော 'မြိုင်မာလာရုပ်ရှင်ရုံ' တွင် ရွှေဘနှင့်တင်ညွန့်တို့ ပါသော ဇာတ်သားသစ် ရုံတင်ကြောင်း ကြေညာသံ ကြားသဖြင့် တစ်ဖက်ကမ်းမှာ ရောက်နေကြသည့် စပါးကြိတ်သူများမှာ မြို့ဘက်ကမ်းကူး၍ ရုပ်ရှင်သွားကြည့်ကြသည်။

အချို့က ကူးတို့လှေဖြင့် ကူးကြသည်။

အချို့ကတော့ ရေထဲမှာပင် လက်ပစ်ကူးသွားကြသည်။

ထိုညက ဇမ္ဗူကျော်ဆန်စက်မှ အလုပ်သမားများနှင့် စပါးကြိတ်သူများ မြို့ဘက်ကမ်းသို့ ကူးပြီး ရုပ်ရှင်သွားကြည့်ကြသည်။

ဆန်စက်မှ စပါးထမ်းသော အလုပ်သမားနှစ်ယောက်ကတော့ ကူးတို့နှင့် မကူးဘဲ ရေထဲမှ ကူးသွားကြသည်။

ညဘက် ရုပ်ရှင်ပြီး၍ ပြန်လာသောအခါမှာလည်း ပိုက်ဆံ ထပ်ကုန်မည်စိုးသောကြောင့် ရေထဲမှပင် ကူးပြန်ကြသည်။ ထိုနေ့က ရေထဦးရက်သာဖြစ်သောကြောင့် ချောင်းထဲမှာ ခရေစီးလည်း မကြမ်းပေ။

ထိုနေ့ညက အလုပ်သမားနှစ်ယောက်စလုံး ဆန်စက်သို့ ပြန်မရောက်လာကြပေ။

သူတို့ပြန်ရောက်မလာကြောင်း နောက်တစ်နေ့ မနက်ပိုင်း အလုပ်သမားများစုတော့မှ ကူလီခေါင်း တင်မြကသိသွား


www.burmeseclassic.com

www.burmeseclassic.com

လေသည်။

"စံခင်နဲ့ဆာမိတို့နှစ်ယောက် ဘာကြောင့် အလုပ်မဆင်းကြတာလဲ"

ဟု အသံကျယ်ကျယ်ဖြင့် အော်မေးသည်။

"ညက မြို့ဘက်ကူးပြီး ရုပ်ရှင်ကြည့်ကြမယ်လို့တော့ ပြောသံကြားတယ်"

"ကျုပ်တို့ ကူးတို့လှေနဲ့ ပြန်လာတော့ သူတို့နှစ်ယောက် ရေထဲ ကူးပြန်မလို့ လုပ်နေကြတာ တွေ့လိုက်တယ်"

"အခု ဘယ်ရောက်နေသလဲ"

"ကျုပ်တို့လည်း မသိပါဘူး"

"အကြောင်းမဲ့ အလုပ်မဆင်းတာ ပျက်ရင်တော့ နှစ်ယောက်စလုံး တစ်ပတ်လုံး ဖိုင်းချပစ်မယ်"

ဟု ကူလီခေါင်း(ယခု အလုပ်သမားခေါင်း)တင်မြက ဆူပူကြိမ်းမောင်းနေသည်။

ထို့နောက်မှာ အခြား အလုပ်သမားနှစ်ယောက်ကို အစားထိုးပြီး အလုပ်စကြလေသည်။

စံခင်နှင့်ဆာမိ ဆိုသော အလုပ်သမားနှစ်ယောက် အကြောင်းကိုတော့ မေ့ပျောက်နေကြသည်။

ညနေပိုင်း အလုပ်သိမ်းချိန်အထိ ၎င်းတို့နှစ်ယောက်ကို မတွေ့ရသောအခါမှာတော့ သို့လောသို့လောတော့ တွေးနေကြသည်။

နောက်တစ်နေ့ နံနက်လင်းစမှာတော့ ကမ်းစပ်ဘက်မှ





စပါးကြိတ်သူများ စူးစူးဝါးဝါးအော်သံကြောင့် အခြားအလုပ်သမားများက အပြေးအလွှား သွားကြည့်ကြသည်။

မြင်ကွင်းကတော့ မကောင်းလှပေ။

ကမ်းစပ်မှ ရေထဲအထိ ရောက်အောင် ထိုးထားသော တံတားကြီး၏နံဘေးမှာ ရှိသော ရေဆင်းတံတားပေါ်မှာ ခါးတစ်ပိုင်း ပြတ်နေသော အလောင်းတစ်လောင်း လာတင်နေခြင်းပင်ဖြစ်သည်။

အလောင်းမှာ မနေ့က ပျောက်နေသည့် အလုပ်သမား ဆာမိအလောင်းပင်ဖြစ်ပြီး ခါးတစ်ပိုင်းပြတ်နေကာ အူများက တန်းလန်းကျနေသည်။

အချို့ကတော့ ရေထဲ ဖြတ်ကူးလာစဉ် မိကျောင်း အကိုက်ခံရတာဖြစ်မည်ဟု ထင်ကြေးဖြင့် ပြောဆိုကြသည်။

သို့သော်လည်း မိကျောင်းဆိုသည်မှာ ဒီရေတက်သော ရေငန်အရပ်မှာသာ နေလေ့ရှိပြီး ရေချိုအရပ်သို့ လာလေ့မရှိသောကြောင့် အချို့ကလည်း စဉ်းစားရ ခက်နေကြသည်။ ထိုအဖြေကို နောက်ပိုင်းရက် ရောက်သောအခါမှ သိကြရလေသည်။

ဆာမိနှင့် အတူတူ သွားသော စံခင်ဆိုသူကို ဗိုလ်တဲချွန်းသောင်ပေါ်မှာ ပြန်တွေ့ကြရသောကြောင့် ပြန်ခေါ်လာကာ အကြောင်းစုံ မေးမြန်းကြည့်ရသည်။

စံခင်မှာ စိတ်မမှန်သကဲ့သို့ဖြစ်ကာ ကြောင်တောင်တောင်နှင့် ဘာမှ မေးမရဘဲ ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်း ချော့ချော့မော့မော့နှင့် မေးတော့မှကြောက်လန့်တကြား ပြန်ပြောလေသည်။

"ဆာမိကို မိကျောင်းကိုက်တာ မဟုတ်ဘူးဗျ၊ စက်ဆိပ်နား ရောက်တော့ ရေအောက်က ဘီလူးကြီး ပေါ်လာပြီး ဆွဲသွားတာ"

"စံခင်ရယ်. . . သတိထားပြီးပြောစမ်းပါကွာ၊ ရေထဲမှာ ဘီလူးက ဘယ်ရှိမှာလဲ၊ မိကျောင်းပဲ ရှိမှာပေါ့ကွာ"

"မိကျောင်းမဟုတ်ပါဘူး. . . ဘီလူးမှ ဘီလူးကြီးပါပဲ၊ မျက်လုံးတစ်လုံးကို လင်းကွင်းလောက် ကြီးတယ်၊ ကျုပ်နံဘေးနားက ပေါ်လာတာဆိုတော့ သေသေချာချာ မြင်လိုက်ရတာဗျ၊ ကြောက်စရာကောင်းတဲ့ ဘီလူးကြီးဗျ. . . ဘီလူးကြီးဗျ၊ ဆာမိကို ကိုက်သွားတာ ဘီလူးကြီးဗျ"

ဟု ဝယ်သံပါအောင် အော်နေသောကြောင့် အခြားနေရာသို့ ပို့ထားရသည်။

စက်ဆိပ်နားမှာ ရေထဲက ဘီလူးပေါ်ပြီး လူတစ်ယောက်ကို ကိုက်သတ်သွားသောသတင်းမှာ တောမီးလောင်သကဲ့သို့ ချက်ချင်းပြန့်နှံ့သွားလေတော့သည်။

"ဟဲ့. . . ဘီလူးဆိုတာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဟိုးအရင်တုန်းက ရေထဲမှာ နေတဲ့ဘီလူးတွေ ရှိခဲ့တယ်လို့ လူကြီးသူမတွေ ပြောသံကြားဖူးတာပဲ"

"ဟဲ့. . . ကလေးတွေ ချောင်းထဲ ဆင်းပြီး ရေမချိုးကြနဲ့နော်၊ ဟိုဘက်စက်ဆိပ်မှာ ရေထဲက ဘီလူးပေါ်လာပြီး လူတစ်





ယောက်ကို ကိုက်သတ်သွားလို့တဲ့"

ဟု ခြောက်လှန့်ပြောဆိုထားသောကြောင့် ထိုရက်များအတွင်း ကလေးများသာမက လူကြီးများပါ ချောင်းထဲသို့ ရေဆင်းမချိုးဝံ့ကြတော့ပေ။

ထို့ပြင် ခါတိုင်းကဲ့သို့ တစ်ဖက်ကမ်းသို့ ကူးရာတွင် ရေထဲမှ ကူးသွားခြင်းမျိုး မပြုလုပ်ဝံ့ကြတော့ဘဲ ကူးတို့လှေ၊ သမ္ဗန်များဖြင့်သာ ကူးကြသောကြောင့် ထိုရက်များအတွင်းမှာ ကူးတို့ခတ်သော လှေသမား၊ သမ္ဗန်သမားများ ဝင်ငွေကောင်းကြလေသည်။

ရေထဲမှ ရေဘီလူး ပေါ်လာသည်ဆိုသောသတင်းကလည်း တော်တော်နှင့် မပျောက်နိုင်ဘဲ ရှိနေရာ စပါးကြိတ်ရန် လာသော လှေသမား၊ သမ္ဗန်သမားများပင် မိမိတို့လှေများပေါ်မှာ နေရသည်ကိုပင် စိတ်မဖြောင့်နိုင်အောင်ဖြစ်နေကြသည်။

မည်သို့ပင်ဖြစ်စေ. . .

ထိုအဖြစ်အပျက် သတင်းများကြောင့် ဦးကာစင် ပိုင်သော ဇမ္ဗူကျော်ဆန်စက်ကို စပါးကြိတ်ခွဲရန် လာသူများ သိသိသာသာကြီး လျော့နည်းသွားလေတော့သည်။

ဦးကာစင်ကတော့ စိတ်ထဲမှာ မကျေမနပ်ဖြစ်နေသော်လည်း သူလည်း ဘာမှမတတ်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com





**အခန်း(၆)**

# ထူးဆန်းလှသောအသက်လုပ်ပွဲများ

ထိုကဲ့သို့ ဆန်စက်လုပ်ငန်းများ ထိခိုက်စေလောက်အောင် တစ်ခုပြီးတစ်ခု ဖြစ်လာသောအခါ သူဌေးဦးကာစင်မှာ ဆက်ပြီးခေါင်းမမာနိုင်တော့ပေ။

ဆန်စက်မှာ ရှိသော အလုပ်သမားအားလုံးကို ခေါ်ပြီး အကြံဉာဏ်တောင်းရတော့သည်။

"ဒီအတိုင်း သွားနေလို့တော့ မဖြစ်ဘူး၊ ဘယ်လိုလုပ်သင့်တယ်ဆိုတာ အကြံပေးကြပါဦး"

ထိုအခါ ရှေ့မီနောက်မီ အသက်အရွယ်ကြီးသော ရှာခံ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားအချို့က ပြောသည်။

"သူဌေး စိတ်မဆိုးဘူးဆိုရင်တော့ ပြောချင်ပါတယ်"

"ကျုပ်က ခင်ဗျားတို့ဆီက အကြံဉာဏ် လိုချင်လို့ ခေါ်မေးတာ၊ စိတ်မဆိုးပါဘူး. . . ပြောသာပြောပါ"

ထိုအခါမှ ရွာခံလူတစ်ယောက်က ပြောသည်။

"သူဌေး. . . အခု ဆန်စက်ဆောက်ထားတဲ့နေရာက ပုဏ္ဏကကုန်းလို့ ခေါ်ပါတယ်၊ ဘီလူးတွေ နေတဲ့နေရာဖြစ်လို့ ရှေးကတော့ ဘယ်သူမှ မနေဝံ့ကြပါဘူး၊ မသိလို့ လာနေမိရင်လည်း သေတာပါပဲ"

ထိုသို့ပြောသောအခါ ဦးကာစင်က ဆေးပြင်းလိပ်ကို တွင်တွင်ဖွာပြီး နားထောင်နေသည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ. . . ဆန်စက်ကလည်း ဆောက်ပြီးပြီဆိုတော့ ပြန်ဖျက်လို့မဖြစ်တော့ဘူး"

"ကျွန်တော်အကြံပေးချင်တာကတော့ ဒီအကြောင်းတွေကို နားလည်တဲ့ ဆရာတစ်ယောက်ယောက်ကို ခေါ်ပြီး ဒီနေရာမှာ ရှိနေတဲ့ မကောင်းဆိုးဝါးတွေကို နှင်ထုတ်ပစ်သင့်ပါတယ်"

ထိုသို့အကြံပေးသောကြောင့် ဦးကာစင်က ၎င်းတို့ ကုလားလူမျိုး ဆရာတစ်ယောက်ကို ခေါ်လာလေသည်။

ထိုကုလားဆရာမှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအရှည်များနှင့် အိန္ဒိယမှာ ရှိသော ဆာဒူးများကဲ့သို့ ဝတ်ဆင်ထားလေသည်။ ကုလားဆရာ ရောက်လာသောအခါ ဆန်စက်ဝင်းတစ်ခုလုံးကို စည်းဝိုင်းများ တားခြင်း၊





ဂါထာမန္တန်များ ရွတ်ဖတ်ခြင်း၊

သက်ဆိုင်ရာ နတ်ဘုရားများကို ပူဇော်ခြင်းများ ပြုလုပ်လေသည်။

ပြီးလျှင် ဆန်စက်ဝင်းအတွင်းမှာပင် နတ်ဘုရားပွဲကျင်းပရန်အတွက် စင်များ ဆောက်လုပ်ကြသည်။

သို့သော်လည်း နတ်ဘုရားပွဲ မပြုလုပ်ရသေးခင်မှာပင် မြေအောက်မှ အော်သံကြီး ပေါ်လာပြီး မြေများ ပြင်းစွာ လှုပ်လာသောကြောင့် စင်များ ပြိုကျသွားတော့သည်။ ကုလားဆရာလည်း မျက်စိမျက်နှာပျက်နေလေသည်။

"ဒီနေရာက အတော်ကြမ်းတယ်၊ ကျုပ်တစ်ယောက်တည်းနဲ့တော့ မတတ်နိုင်ဘူး၊ နောက်ထပ်ဆရာ ရှာပြီးတော့မှ တစ်ခေါက်ပြန်လာမယ်"

ဟု ပြောပြီး မော်ကျွန်းဘက်ကမ်းသို့ ပြန်ကူးသွားလေရာ နောက်ထပ်ရောက်မလာတော့ပေ။

ထိုအခါ နီမောင်က သူဌေးဦးကာစင်နှင့် တွေ့ပြီး ၎င်းစိတ်ထဲမှာ ရှိသောအချက်များကို ပြောပြလိုက်သည်။

"ဒီကိစ္စက အမှောင့်ပယောဂတစ်ခုခု နှောင့်ယှက်နေတာလို့ ကျွန်တော်ထင်ပါတယ်"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ နီမောင်"

နီမောင်မှာ အသက်အရွယ် ငယ်သေးသော်လည်း ဘာသာရေး အလေးထားသူတစ်ဦးဖြစ်သောကြောင့် ဦးကာစင်က ထိုကဲ့သို့ ခေါ်မေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့မေးသောအခါ နီမောင်က စဉ်းစဉ်းစားစားနှင့် ပြန်ပြောလေသည်။

"ဒီနေရာအကြောင်းကို သိချင်ရင်တော့ ဒီရွာမှာ နေကြတဲ့ ရှေ့မီနောက်မီ လူကြီးတွေကို မေးကြည့်ရင်တော့ သိနိုင်မယ်ထင်ပါတယ် သူငှေး"

"ဒီလိုဆိုရင်လည်း မင်းအလုပ်အားတဲ့အချိန်မှာ ရွာထဲသွားပြီး နည်းနည်းပါးပါး စုံစမ်းကြည့်ပါဦးကွာ"

"ဟုတ်ကဲ့. . . စုံစမ်းပေးပါ့မယ်"

ဟု ပြောပြီး နောက်တစ်နေ့ သူ တာဝန်ချိန် ပြီးသောအခါ ဆန်စက်တည်ထားသောနေရာ၏အနောက်ဘက်သို့ ထွက်လာခဲ့လေသည်။

ထိုအနောက်ဘက်မှာတော့ ရွာတော့ မရှိပေ။

ငါးဖမ်းသူများ စုနေသော တဲစုအတော်များများတော့ ရှိကြသည်။

ထိုတဲစုများ၏အတော်ဝေးသော အနောက်ဘက် မြစ်ကမ်းနှင့် မနီးမဝေးနေရာမှာတော့ စေတီတစ်ဆူနှင့် ကျောင်းတစ်ဆောင် ရှိသည်။

မူလဘုရားအမည်၊ ကျောင်းအမည်များ ရှိမည်ဖြစ်သော်လည်း ရွာခံများကတော့ တုံးလုံချောင်းဘုရား၊ တုံးလုံချောင်းကျောင်းဟုသာ ခေါ်ကြသည်။

ရွာစုလေးမှာတော့ ရာဇဝင်တိုင်မြစ်ထဲမှာ ငါးသလောက်ပိုက်ချသူ အများအပြား ရှိပြီး ငါးမျှားတန်းချသူနှင့် ငါးကြီးလိုက်





သူ တစ်ဦးနှစ်ဦး ရှိကြသည်။

နီမောင် လာတာ မြင်တော့ တဲတစ်လုံးအတွင်းမှာ ငါးများကြိုး ကျစ်နေသော လူကြီးတစ်ယောက်က လှမ်းကြည့်ပြီး ပြုံးပြလေသည်။

ထို့ကြောင့် နီမောင်ကလည်း ပြန်ပြုံးပြပြီး ထိုနေရာသို့ ဝင်သွားလေသည်။

"ထိုင်ပါ ငါ့တူ၊ အခါးရည်လည်း ရှိပါတယ်၊ အမောပြေသောက်ပါဦး"

အဘိုးကြီးက လုပ်လက်စအလုပ်ကို ရပ်ပြီး လက်ဖက်ရည်အိုးနှင့် ပန်းကန်ကို ချပေးလေသည်။

ငင်းတို့တဲလေးမှာ မြစ်ဆိပ်နှင့် နီးသည်ကတစ်ကြောင်း၊ အရိပ်အာဝါသ ကောင်းသော သစ်ပင်ကြီးများအောက်မှာ ဆောက်ထားသောကြောင့် အေးမြနေသည်။

ထို့ပြင် ဝါးကြမ်းခင်းပေါ်မှာ ထိုင်ရသည်မှာလည်း အေးမြပြီး အရသာ ရှိလှသည်။

"ဘယ်က လာလို့ ဘယ်သွားမှာလဲကွယ့်"

အဘိုးကြီးက လက်ဖက်ရည်တစ်ပန်းကန် ငှဲ့ထည့်ပေးရင်း မေးလိုက်သည်။

"ကျွန်တော့်နာမည် နီမောင်လို့ ခေါ်ပါတယ်၊ အခုဆောက်ထားတဲ့ ဇမ္ဗူကျော်ဆန်စက်က အလုပ်သမား တစ်ယောက်ပါပဲ"

"အော်. . . ပုဏ္ဏကကုန်းပေါ်မှာ ဆောက်ထားတဲ့ ဆန်


www.burmeseclassic.com

www.burmeseclassic.com



စက်ကို ပြောတာ ထင်ပါရဲ့"

"ဟုတ်ပါတယ်. . . အခုလာတာလည်း အဲဒီကိစ္စအတွက်ပါပဲ၊ တခြားတော့ မဟုတ်ပါဘူး၊ အဲဒီစက်တည်ထားတဲ့ ကုန်းမြေအကြောင်းကို နည်းနည်းပါးပါးလောက် သိချင်လို့ လာခဲ့တာပါ"

ဟု ပြောသောအခါ ထိုလူကြီးက သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ပြန်ချပြီး အရောင်အဆင်းပင် မပေါ်တော့သည့် ကွမ်းအစ်ကို ယူ၍ ကွမ်းယာနေသည်။

"ကျုပ်တို့က ဒီနယ်သားတွေ မဟုတ်ပါဘူး၊ ဘိုကလေးနယ်ဘက်က လာကြတဲ့လူတွေပါ၊ ရာဇူတိုင်မြစ်ထဲမှာ ငါးသလောက် ပိုက်ချတဲ့အလုပ်က အဓိကပါပဲ၊ ကျုပ်ကတော့ ငါးကြီး ဖမ်းတဲ့အလုပ် လုပ်ပါတယ်"

"ငါးကြီးဖမ်းတယ်ဆိုတာ ဘယ်လိုအလုပ်မျိုးလဲဟင်"

"ငါးကြီးဖမ်းတယ်ဆိုတာ ပိုက်အသုံးမပြုဘဲ ငါးမျှားအသုံးပြုပြီး ငါးရွှေ၊ ငါးချောင်း၊ ငါးဒန်၊ ငါးမြင်း၊ ငါးထွေ၊ ကပ်သပေါင်း၊ ကပ်သမျှ ငါးကြီးတွေ ရအောင် မျှားတဲ့အလုပ်မျိုးပါ၊ ဒီလိုငါးမျှားမျိုး အသုံးပြုရတာပေါ့"

ထိုလူကြီးက စောစောက အစီခံကြိုး ကျစ်နေသည့် ငါးမျှားကြိုးတစ်ချောင်းကို ကောက်ယူပြသည်။

ဂင်းရှေ့မှာ ချထားသော ငါးမျှားများမှာ အကြီးအလတ် အငယ်အရွယ်အစားအမျိုးမျိုး ရှိလေသည်။

အကြီးဆုံး (၆)လက်မခန့်ရှိပြီး အသေးဆုံးမှာ တစ်





လက်မ ကျော်ကျော်ခန့် ရှိသည်။

"အဲဒီနေရာအကြောင်းကို အဘ ဘယ်လောက်သိသလဲ၊ သိသလောက် ကျွန်တော့်ကို ပြောပြပါ"

"ကြားမိသလောက်တော့ အဲဒီကုန်းရဲ့အောက်မှာ သိုက်ရှိတယ်ဆိုလားပဲ၊ သေသေချာချာတော့ မသိပါဘူး၊ သိုက်စောင့်တွေနဲ့ သဟဇာတ မဖြစ်ရင် ဘယ်သူမှ နေလို့ရမှာမဟုတ်ဘူး"

"အဲဒီတော့ ဘယ်လိုလုပ်ရမလဲ အဘ"

"ဒါကတော့ ဒီအကြောင်းတွေကို နားလည်တဲ့လူတွေမှပဲ သိမှာပေါ့ ငါ့တူရယ်"

"အဘက ငါးဖမ်းနေတာဆိုတော့ မေးရဦးမယ်၊ တလောက ကျွန်တော်တို့ဆန်စက်က အလုပ်သမားတစ်ယောက် မိကျောင်းအကိုက်ခံရတယ်၊ ဒီနေရာမှာ မိကျောင်းရှိသလားဟင်"

ထိုလူကြီးက ကွမ်းယာကို ပါးစပ်ထဲ ထည့်လိုက်ပြီးမှ ပြောသည်။

"ရေရှိတဲ့နေရာမှန်သမျှ ရေသတ္တဝါတွေကတော့ ရှိတာပေါ့၊ မိကျောင်းလည်း ရေသတ္တဝါပဲ. . . ရှိနိုင်တာပေါ့၊ ဒါပေမယ့် ဒီလိုနေရာမျိုးမှာတော့ မိကျောင်းနေလေ့မရှိပါဘူး၊ မိကျောင်းက ရေချိုအရပ်မှာ ကြာကြာမနေပါဘူး"

"ဒါဖြင့် ဘာသတ္တဝါ ကိုက်တာလဲ"

"အဲဒီအလောင်း ရတော့ ကျုပ် လာပြီးကြည့်ပါသေးတယ်၊ ကိုယ်ပေါ်က ဒဏ်ရာတွေက မိကျောင်းကိုက်တဲ့ဒဏ်ရာမျိုး မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုကြောင့်လဲဟင်"

"မိကျောင်းဆိုတဲ့သတ္တဝါက သွားနဲ့အစွယ်တွေ ပါပေမယ့် ကိုက်လို့မရပါဘူး၊ သူတို့ပါးစပ်ထဲမှာ ရှိတဲ့ သွားနဲ့အစွယ်တွေက တစ်နှစ်တစ်ခါ လဲတာဆိုတော့ တခြားသတ္တဝါတွေရဲ့သွားတွေလောက် မမာဘူး၊ ဒါကြောင့် လူအပါအဝင် အခြားသတ္တဝါတွေကို ပြတ်တဲ့အထိ ကိုက်ဖြတ်လို့မရနိုင်ပါဘူး"

မိကျောင်းဆိုသောသတ္တဝါတွင် သန်မာသောမေးရိုးကြီးများနှင့် အမြီးပါသော်လည်း အစွယ်နှင့်သွားများက အသုံးချ၍မရပေ။

ထို့ကြောင့် သားကောင်ကို ဖမ်းမိသောအခါ ဒရယ်လို ခွေးလို သေးငယ်သော သတ္တဝါမျိုးကို ဖမ်းမိပါက အကောင်လိုက် မျိုတတ်သည်။ အကောင်အရွယ်စားကြီးသော ကျွဲ၊ နွား၊ ဆတ်၊ လူ အစရှိသော သားကောင်များကို ဖမ်းမိပါက သေအောင် ရေထဲမှာ ဆွဲနှစ်သတ်ပြီး သားရဲတွင်းထဲမှာ ထားသည်။

ထိုအသားများကို ချက်ချင်းကိုက်ဖြတ်စားသောက်၍ မရပေ။ သားရဲတွင်းထဲမှာ ထားပြီး တစ်စစီဖြစ်သွားတော့မှ အသားတုံးများကို တစ်တုံးချင်း တစ်လုပ်ချင်း မျိုချစားသောက်ရသည်။

"တလောက ခါးပြတ်ပြီးသေခဲ့ရတဲ့ကုလားက,မိကျောင်းအကိုက်ခံရလို့ ခါးပြတ်တာ မဟုတ်ပါဘူး၊ ငါးကိုက်လို့ ပြတ်ထွက်သွားတာပါ"

"ရေထဲမှာ ဒီလိုပြတ်အောင် ကိုက်ဖြတ်နိုင်တဲ့ငါးမျိုးတွေရှိလို့လား"





"ရှိတာပေါ့ . . လူမပြောနဲ့၊ မိကျောင်းလိုသတ္တဝါမျိုးကိုတောင် အပိုင်းပိုင်း ကိုက်ဖြတ်သတ်နိုင်တဲ့ ငါးကြီးတွေ ရှိတယ်"

ဟု ထူးဆန်းသောငါးများအကြောင်းကို ပြောပြလေသည်။ လွန်ခဲ့သောနှစ်များက လူနှင့်ငါးနှင့် သတ်ကြရာမှာ လူရော ငါးပါ သေဆုံးခဲ့သောသတင်းတစ်ပုဒ် သတင်းစာများမှာ ရေးသားဖော်ပြခဲ့သည်ကို အမှတ်ရကြမည် ထင်ပါသည်။

မှတ်မှတ်ရရ (၁၉၇၁)ခုနှစ်၊ ဖေဖော်ဝါရီ(၁၅)ရက်နေ့က ဖြစ်သည်။ သာယာဝတီခရိုင်၊ ဝဲဒေါင့်ရွာနေ အသက်(၃၉)နှစ်အရွယ်ရှိ ရေလုပ်ငန်းဖြင့် အသက်မွေးသူ ကိုသန်းရွှေဆိုသူသည် အခြားအဖော်များနှင့်အတူ ဇလွန်မြို့နယ်၊ အဖျောက်မြစ်အတွင်း၌ ငါးဖမ်းပိုက်ချနေစဉ် ပိဿာချိန်(၂၄၀)ကျော်ခန့်ရှိပြီး အလျား(၆)တောင်ခန့် ရှည်လျားသော ငါးရွေးကြီးတစ်ကောင် ပိုက်ကိုဝင်တိုးမိလေသည်။

ကိုသန်းရွှေလည်း အားရဝမ်းသာဖြင့် ပိုက်ကို ဆွဲတင်ရန်ကြိုးစားသော်လည်း ကြီးမားသောကြောင့် တစ်ယောက်တည်း ဆွဲမတင်နိုင်ဘဲ ရှိလေသည်။

ပိုက်တွင်းမှာ မိနေသောငါးရွေးကြီးက ဆွဲလိုက် ပါသွားလိုက်၊ ကိုသန်းရွှေက ဆွဲလိုက် ပါလာလိုက်နှင့် သူတပြန်ငါတပြန်ဖြစ်နေတော့သည်။

တစ်နည်းပြောရလျှင်တော့ လူတစ်ပြန် ငါးတစ်ပြန် ဖြစ်နေခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

လှေကလည်း ငါးဆွဲပြေးရာနောက်သို့ ရေစုန်ရေဆန် ပါနေတော့သည်။

အခြားအဖော်များမှာလည်း အဝေးတွင် ရောက်နေကြသောကြောင့် ကိုသန်းရွှေ၏အဖြစ်အပျက်ကို မသိနိုင်ကြဘဲ ရှိနေကြသည်။

နောက်ဆုံး ဘယ်လိုမှ ဆွဲတင်၍မရတော့သဖြင့် ကိုသန်းရွှေက လှေဝမ်းအတွင်းမှ ပါလာသောမှိန်းဖြင့် ငါးကို ထိုးလေသည်။

မှိန်းချက်ထိပြီးသောအခါ ငါးက ပြင်းထန်စွာ ရုန်းသောကြောင့် ကိုသန်းရွှေတစ်ယောက် ရေထဲသို့ ကျသွားလေတော့သည်။

ရေထဲသို့ ရောက်သည်နှင့် မှိန်းချက်ထိသွားသော ငါးကို ဖမ်းဆီးမိရန် အစွမ်းကုန် ကြိုးစားရင်းမှ ငါးရွှေးကြီး ၎င်း၏ခြေထောက်တစ်ဖက်ကို ဟပ်မိသွားသည်။

ကိုသန်းရွှေကလည်း နောက်ထပ်မှိန်းတစ်ချောင်းဖြင့် ဆက်ထိုးလေသည်။

ဤသို့ဖြင့် လူနှင့်ငါးသတ္တဝါတို့ သဲကြီးမဲကြီး သတ်ပုတ်နေရင်းမှ နောက်ဆုံးတော့ ရေအောက်သို့ မြုပ်သွားလေတော့သည်။

နောက်ပိုင်းမှာတော့ အခြားအဖော်များ ရောက်လာပြီး ပိုက်ကို ဆွဲတင်ကြရာ မရသဖြင့် ကမ်းစပ်သို့ ဆွဲယူလာကြသည်။

သောင်စပ်ရောက်မှ အပေါ်ဆွဲတင်ပြီး ကြည့်သောအခါ





ကိုသန်းရွှေ ထိုးသောမှိန်းချက်များကြောင့် ပိဿာချိန်(၂၄၀) ကျော်ခန့်ရှိသော ငါးရွှေးကြီးမှာ သေဆုံးနေလေပြီ။ ထို့ပြင် ကိုသန်းရွှေ၏ကိုယ်တစ်ပိုင်းမှာလည်း ငါးရွှေးကြီး၏ပါးစပ်တွင်းသို့ ရောက်နေပြီး အသက်သေဆုံးနေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ကြရလေသည်။

(ထိုသတင်းကို (၂၀. ၂. ၁၉၇၁)နေ့ထုတ် သတင်းဂျာနယ်တွင် ရေးသားဖော်ပြခဲ့လေသည်။)

နီမောင်က အထက်ပါအကြောင်းများကို ကြားရသောအခါ များစွာစိတ်ဝင်စားသွားလေသည်။

ဆာမိဆိုသောကုလားကို ဘယ်လောက်ကြီးသောငါးမျိုးက နှစ်ပိုင်းပြတ်အောင် ကိုက်ဖြတ်သွားသည်ကို သိချင်နေသည်။

"တုံးလုံချောင်းမြစ်က ရာဇူတိုင်မြစ်နဲ့ တစ်ဆက်တည်းဆိုတော့ ငါးအလွန်ပေါတယ်၊ ငါးကြီးတွေရော ငါးအသေးတွေရော မျိုးစုံရှိမှာပေါ့ကွယ်၊ ဒါထက် ပုဏ္ဏကကုန်းအကြောင်း သိချင်ရင်တော့ အနောက်ဘက်မှာ ရှိတဲ့ ဘုန်းကြီးကျောင်းမှာ နေတဲ့ ကပ္ပိယကြီးတစ်ယောက် ရှိတယ်၊ သူတို့က ဒီမှာ နေလာတာ ကြာပြီဆိုတော့ သိချင်သိနိုင်မယ် ထင်တယ်"

ဟု ပြောပြလေသည်။

ထိုသို့စကားပြောနေကြစဉ် ကမ်းစပ်မှ လှေတစ်စင်းဆိုက်သံ ကြားရပြီးနောက် မကြာမီ ငါးတောင်းကို ပိုက်ထားသော အမျိုးသမီးတစ်ယောက် တက်လာသည်။

အသက်(၂၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး နီမောင်ကို မြင်

www.burmeseclassic.com

www.burmeseclassic.com

တော့ တဲအတွင်း ဝင်လာသည်။

"ဒါ ကျုပ်သမီး မြဝင်းသူလို့ ခေါ်တယ်၊ ကျုပ်နာမည်က ဦးမွန်ထော်ပါ"

ဦးမွန်ထော်က သမီးဖြစ်သူနှင့်ပါ တစ်ပါတည်း မိတ်ဆက်ပေးလေသည်။

"ကျွန်တော့်နာမည် နီမောင်ပါ၊ ဇမ္ဗူကျော်ဆန်စက်မှာ အလုပ်,လုပ်ပါတယ်"

နီမောင်က ပြောတော့ မြဝင်းသူက ပြုံးပြသည်။

နီမောင်က ထပြန်ရန် ဟန်ပြင်တော့ ဦးမွန်ထော်က ပြောသည်။

"ညက ငါးဒန်သားဆူဆူရလို့ ဟင်းချက်ထားတာ အများကြီးပဲ၊ ကြုံကြိုက်တုန်း ထမင်းစားပြီးမှ ပြန်ပါလား မောင်နီမောင်"

ဟု ပြောသဖြင့် နီမောင်လည်း ရေတော်တုန်း ရေတွင်းထဲကျ ဆိုသကဲ့သို့ မငြင်းချင်တော့ဘဲ ရောယောင်၍ ပြန်ထိုင်ချလိုက်လေသည်။

တကယ်တော့ ငါးဒန်သားဟင်းထက် ပိုမိုစိတ်ဝင်စားဖွယ်ရာကို တွေ့ရသောကြောင့်ဆိုက မှားမည်မထင်ပေ။





**အခန်း (၇)**

# သိုက်ဆရာများ ထွက်ပြေးရသောည

တုံးလုံချောင်းမြစ်ကမ်းတလျှောက်တွင် ယခုအချိန်ကဲ့သို့ ဆန်စက်များ မရှိခင် ရွာတန်းများ စည်စည်ကားကား မရှိခင်က နေရာအတော်များများတွင် ကိုင်းတော၊ သစ်တောများက ဖုံးအုပ်ထားသည်။

တောဝက်၊ ဂျေ၊ ယုန်၊ ဖွတ်၊ ပဒပ် စသော တောတိရစ္ဆာန်များပင် ရှိသောကြောင့် တစ်ခါတစ်ရံ မော်ကျွန်းမြို့ပေါ်မှ အမဲလိုက် ဝါသနာပါသူများက တောကောင်များကို ရှာဖွေဖမ်းဆီးရန် ထိုဘက်ကမ်းသို့ သွားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာတော့ ထိုဘက်ကမ်းတွင် ငါးပုဇွန် ရှာဖွေသူများ ယာယီတဲများ ထိုးပြီး လာရောက်နေထိုင်ကြသည်။

အနောက်ဘက်မှာ ရှိသော တောနှင့်ချုံများကို ခုတ်ထွင်ရှင်းလင်းသူများ လာရောက်နေထိုင်ကြရာမှ တဲစုကလေးများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

နောက်ပိုင်း တဖြည်းဖြည်း စည်ကားလာပြီး ရွာတန်းကလေးများဖြစ်လာကြသည်။

ဆန်စက်တည်သူများက ပထမတော့ အသွားအလာကောင်းသော မော်ကျွန်းမြို့ဘက်ကမ်းမှာ တည်ကြလေသည်။ သူဌေးဦးချင်းတို့ခေတ် ရောက်တော့မှ မြို့ဘက်ကမ်းမှာ မဟုတ်ဘဲ အောင်လှိုင်ရွာထိပ်တွင် သွားရောက်၍ ဆန်စက်တည်ခြင်းဖြစ်သည်။

အမှန်တော့ ရွာများနှင့် နီးသောနေရာများမှာ သွားရောက် တည်ခြင်းဖြင့် ပိုမိုအဆင်ပြေကြောင်း သိကြသောအခါ နောက်ပိုင်း တုံးလုံချောင်းဘက်ကမ်းမှာ ဆန်စက်တည်ရန် ကြိုးစားကြခြင်းဖြစ်သည်။

ယခင်က ထိုဘက်ကမ်းကို အနောက်ဘက်ကမ်းဟု ခေါ်ပြီး မြို့ဘက်ကမ်းမှ လူများက အသွားအလာ မရှိကြပေ။

နောက်ပိုင်းမှာတော့ နွေရာသီ ရောက်လာလျှင် တောင်ဘက်၊ အနောက်ဘက်မှာ ရှိကြသောရွာများမှာ နေကြသူများသည် ဈေးရောင်းရန်၊ ဈေးဝယ်ရန်အတွက် တုံးလုံချောင်းဘက်ကမ်းမှတစ်ဆင့် မြို့ဘက်ကမ်း ကူးကြလေသည်။





ချောင်းထဲမှ ပတ်ပြီး လှေဖြင့် မလာကြတော့ပေ။

ထိုအချိန်လောက်ကတည်းက ရွာ၏အနောက်တောင်ယွန်းယွန်း၊ မြစ်ကမ်းနှင့် မနီးမဝေးနေရာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် စေတီတစ်ဆူ ရှိလေသည်။ ထိုကျောင်းနှင့်စေတီမှာ ရှေးကတည်းက ရှိနေခဲ့သည်ဟူ၏။

မူလအမည်များ ရှိသော်လည်း တုံးလုံချောင်းကျောင်း၊ တုံးလုံချောင်းဘုရားဟုပင် ချောင်းအမည်ကို အစွဲပြုပြီး အခေါ်များကြလေသည်။

ရှေးအခါက ထိုကျောင်းနှင့် မဝေးလှသောနေရာ၌ ရွာခံလူများ သေဆုံးလျှင် မြှုပ်သော သင်္ချိုင်းတစ်ခု ရှိသည်။ လူတစ်ယောက် သေဆုံးလျှင် သရဏဂုံတင်ခြင်းမှအစ တရားဟော ရေစက်ချ အမျှဝေသည်အထိ ထိုကျောင်းမှ ဘုန်းကြီးကသာ သွားရောက်လုပ်ပေးရသည်။

ထိုအနီးတဝိုက်မှ လူများအတွက်ကတော့ ထိုဘုန်းကြီးကျောင်းမှာ များစွာအားကိုးအားထားပြုကြရသည်။

ကျောင်းပရိဝုဏ်မှာ အတော်ကျယ်ဝန်းပြီး အုန်းပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်၊ သရက်၊ မရမ်း၊ ပိန္နဲ စသော အပင်ကြီးများလည်း အများအပြား ရှိလေသည်။

ကျောင်းဝင်းအတွင်း ဝင်သွားသောအခါ နေပြောက်မထိုးအောင် အေးချမ်းလှသည်။

တစ်ခုတော့ ရှိသည်။

ထိုဘုရား၏ပတ်ဝန်းကျင်တဝိုက်မှာ ဥစ္စာစောင့်သိုက်



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်ကိုတော့ အားလုံးက ယုံကြည်ထားကြသည်။

အဘယ်ကြောင့်ဆိုသော် ဘုရား၊ ကျောင်းနှင့် နီးသော မြစ်ဆိပ်တွင် သွားရောက် ငါးရှာသူများမှာ ငါးမရဘဲ ကြောက်စရာကောင်းသော အနှောင့်အယှက်၊ အခြောက်အလှန့်များနှင့်သာ တွေ့ရသောကြောင့်ဖြစ်သည်။

အချို့ငါးဖမ်းသူများမှာ ပိုက်ထဲမှာ ငါးတိုးနေမှန်း သိရသဖြင့် ဆွဲတင်သောအခါ လူလက်ဖျံရိုး၊ ဦးခေါင်းရိုးများသာ ပါလာသည်ကိုသာ တွေ့ကြရသည်။

ငါးများတန်း ချတော့လည်း ရေအောက်မှာ ငါးမိပြီး ရုန်းနေသည်ကို သိရပြီး ဆွဲတင်ကြည့်တော့မှ ငါးအရိုးကြီး ချိတ်နေသည်ကို တွေ့ရသဖြင့် အတော်များများ ထိုနေရာ၌ ငါးမဖမ်းဝံ့ကြပေ။

အချို့လည်း ညအချိန် အခြားနေရာမှ ငါးဖမ်းပြီး ပြန်လာရာ ကျောင်းဆိပ်နားသို့ ရောက်သောအခါ အမျိုးသမီးတစ်ယောက်၏သီချင်းဆိုနေသံ ကြားရခြင်း၊

ဆံပင်ဖားလျား ချထားပြီး ရှေးခေတ်အဝတ်အစားများ ဝတ်ကာ တံတားထိပ်မှာ ရပ်နေသောအမျိုးသမီးတစ်ယောက်ကို တွေ့မြင်ရခြင်းများနှင့် ကြုံတွေ့ရသည်။

ထို့ကြောင့် အချင်းချင်း ပြောကြသည်။

"ဟော့. . . မင်းတို့ကျောင်းနဲ့ ဘုရားနားကို အချိန်မတော် မသွားကြနဲ့နော်၊ အဲဒီနေရာမှာ ဥစ္စာစောင့်တွေ ရှိတယ်၊ ငါ မနေ့ညက ပိုက်သိမ်းပြီး ပြန်လာတော့ အဲဒီနားရောက်တော့





ကမ်းစပ်မှာ ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက် ရပ်နေတာ တွေ့ရတယ်"

ဟု အချင်းချင်း ပြောကြရာမှ ထိုနေရာတွင် ငါးမဖမ်းဝံ့ကြတော့ပေ။

ထိုနေရာတွင် သိုက်ရှိသည်ဆိုသောစကားမှာလည်း အကြောင်းမဲ့ ပေါ်ပေါက်လာခြင်းတော့ မဟုတ်ပေ။

တုံးလှဲချောင်းကျောင်း တည်ထောင်ကာစ အချိန်ပိုင်းလောက်က ရှေ့ပိုင်း ကျောင်းထိုင်သော ဘုန်းကြီးတစ်ပါး ရှိစဉ်က ထူးဆန်းသောအဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ဖူးပေသည်။

ထိုအချိန်က ကျောင်းဝင်းအတွင်းမှာ စေတီပင် မရှိသေးပေ။ ကျောင်းထိုင်ဘုန်းကြီးမှာ 'ဦးသောမ' ဖြစ်သည်။

ဦးသောမမှာ နံနက်တိုင်း စောစောထ၍ ဘုရားဝတ်ပြုပြီးလျှင် ကျောင်းဝင်းအတွင်းမှာ တံမြက်စည်း လှည်းလေ့ရှိသည်။ ထိုအချိန်က ကျောင်းမှာ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားမရှိဘဲ အသားမည်းမည်းနှင့် အရုပ်ဆိုးလှသော ကပ္ပိယကြီးတစ်ယောက်သာ ရှိသည်။

ထိုကပ္ပိယကြီးအမည်မှာ ဦးတာတေဖြစ်သည်။

ထိုအချိန်က သိုက်သမိုင်းဇာတ်ကားများတွင် သရဲတစ္ဆေအဖြစ် သရုပ်ဆောင်သော တာတေကြီးမှာ ရုပ်ဆိုးလှသောကြောင့် ရုပ်ဆိုးလှသော ကပ္ပိယကြီးကို ဦးတာတေဟု ခေါ်ကြလေသလားတော့ မပြောတတ်ပေ။

ကျောင်းဝင်းအတွင်း အရှေ့ဘက်ကမ်းနှင့် မိန်းမဝေး


www.burmeseclassic.com

www.burmeseclassic.com

သောနေရာတွင် ကြီးမားလှသော ပိတောက်ပင်ကြီးတစ်ပင် ရှိသည်။

ထိုပိတောက်ပင်ကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိသောကြောင့် လုံးပတ်အတော်ကြီးပြီး အရိပ်အာဝါသလည်း ကောင်းသည်။

နှစ်စဉ် တန်ခူးလ ရောက်တိုင်း ပိတောက်ပန်းများက တစ်ပင်လုံး ဝါထိန်နေအောင် ပွင့်လေ့ရှိရာ အဝေးမှပင် လှမ်းမြင်နိုင်လေသည်။

တစ်နေ့သ၌ ဘုန်းကြီးဦးသောမက ထိုပိတောက်ပင်အောက်မှာ တံမြက်စည်း လှည်းနေရင်း ပရိတ်များကို ခပ်တိုးတိုး ရွတ်နေသည်။

ထိုအချိန်မှာပင် ပိတောက်ပင်အနောက်မှ အသက် (၂၀)ကျော် မိန်းကလေးတစ်ယောက် ထွက်လာပြီး တံမြက်စည်း လှည်းနေသည့်ဘုန်းကြီးအား ဝပ်ချကန်တော့လေသည်။

"ဘယ်မှာနေတာလဲ"

"တပည့်တော် ဒီနားမှာပဲ နေပါတယ်ဘုရား"

ထိုစကားကြားရုံနှင့်ပင် ဘုန်းကြီးက သဘောပေါက်သွားသောကြောင့် ဘာမှဆက်မမေးတော့ဘဲ မေတ္တာပို့ပေးလိုက်သည်။

ဤသို့ဖြင့် နေ့စဉ်လိုလိုပင် ထိုအမျိုးသမီးကို တွေ့ရလေသည်။

တစ်နေ့တော့ ထိုအမျိုးသမီးက မေးလေသည်။





"အရှင်ဘုရားက ဒီနေရာမှာ ဘုရားတည်ဖို့ စိတ်ကူးရှိပါသလားဘုရား"

"ရှိတော့ရှိပေမယ့် အလှူရှင်ပေါ်မှပဲ တည်ဖြစ်မှာပါ"

ဟု ပြန်ပြောလိုက်သည်။

နောက်တစ်နေ့ တံမြက်စည်း လှည်းသောအခါ ပိတောက်ပင်အောက်တွင် ရှေးခေတ်သုံး ဒေါင်းတံဆိပ် ရွှေဒင်္ဂါးပြားတချို့ တွေ့ရလေသည်။

"အော်. . . ဘုရားတည်စေချင်လို့ အလှူငွေ လာထည့်ကြတာ ထင်ပါရဲ့"

ဟု တွေးကာ ရွှေဒင်္ဂါးပြားများကို ကောက်ယူ၍ တစ်နေရာမှာ သိမ်းထားလိုက်သည်။

ထိုအကြောင်းကိုလည်း မည်သူ့မှ အသိမပေးဘဲ လျှို့ဝှက်ထားလေသည်။

ထိုအကြောင်းကို ကပ္ပိယကြီးက သိသွားပြီး ဆွမ်းလာပို့သော ဒကာမတစ်ယောက်ကို အမှတ်တမဲ့ ပြောမိရာက တစ်ရွာလုံး ပျံ့နှံ့သွားတော့သည်။

"ဟဲ့. . . တုန်းလဲချောင်းဘုန်းကြီးကို ဥစ္စာစောင့်မက ရွှေဒင်္ဂါးတွေ လာလှူသွားတယ်တဲ့"

"လှူမှာပေါ့. . . အဲဒီပိတောက်ပင်ကြီး ရှိတဲ့အောက်မှာ ဥစ္စာသိုက် ရှိတယ်ဆိုတာ လူတိုင်းသိနေတာပဲ"

"ငါတို့လည်း အဲသည်လို ရွှေဒင်္ဂါးတွေ ရရင်သိပ်ကောင်းမှာပဲနော်"


www.burmeseclassic.com

www.burmeseclassic.com



"နင့်လို ငါးရှာနေတဲ့လူမျိုးကို ဘယ်ဥစ္စာစောင့်က ပေးမှာလဲဟဲ့"

ဟု အချင်းချင်း ပြောဆိုနေကြသည်။

နောက်ပိုင်းမှာလည်း နံနက်ပိုင်းအရုဏ်ဆွမ်းချိန်ရောက်လျှင် ဆွမ်းလာကပ်ခြင်း၊ သက်န်းပရိက္ခရာများ လာရောက်လှူဒါန်းခြင်းများ လာရောက် ပြုလုပ်လေသည်။

ထိုမိန်းကလေးမှာ ဆရာဒကာ အရင်းအချာကဲ့သို့ ဘုန်းကြီးစိတ်တွင်းမှ အလိုရှိသော အစားအသောက်၊ အသုံးအဆောင်များကို လာရောက်လှူဒါန်းရာမှ ထိုသတင်းမှာ တဖြည်းဖြည်းနှင့် လူသိများလာလေတော့သည်။

ထိုသတင်းကို ကြားသောအခါ ဥစ္စာသိုက် လိုက်လံရှာဖွေသူများနှင့် အဂ္ဂိရတ်ထိုးသူများ ရောက်လာသည်။

"အရှင်ဘုရားဆီမှာ ဒကာမတစ်ယောက် လာပြီးလှူထားတဲ့ ရွှေဒင်္ဂါးတွေ ရှိတယ်လို့ သတင်းကြားရပါတယ်ဘုရား၊ တပည့်တော်တို့ကို တစ်ပြားလောက် ပြန်ရောင်းပါဘုရား၊ ကာလပေါက်ဈေးထက် နှစ်ဆပေးပါ့မယ်"

"ဈေးရောင်းဈေးဝယ် လုပ်တာ ဘုန်းကြီးလုပ်ရမယ့် အလုပ်မျိုးလည်း မဟုတ်ပါဘူး၊ နောက်ပြီး ဘုရားအတွက် ရည်စူးထားပြီးသားမို့ ဘယ်သူ့ကိုမှ ပေးလို့မရတော့ပါဘူး"

ဟု ပြောလိုက်မှ လက်လျှော့ပြီး ပြန်သွားလေတော့သည်။

သို့သော်လည်း ထိုကိစ္စက ထိုမျှနှင့် ပြီးမသွားပေ။





တစ်နေ့သ၌ နံနက်စောစောအချိန်တွင် ထိုအမျိုးသမီးရောက်လာပြီး လာရောက်လျှောက်ထားလေသည်။

"အရှင်ဘုရား . တပည့်တော်တို့ကို ကူညီပါဦးဘုရား"

"ဘယ်လိုများ အခက်အခဲ ရှိနေလို့လဲ ဒကာမလေးရဲ့"

"တခြားတော့ မဟုတ်ပါဘူး ဘုရား၊ ဒီပိတောက်ပင်ကြီးရဲ့အောက်မှာ ဥစ္စာသိုက် ရှိပါတယ်ဘုရား၊ ဘုရားအတွက် ရည်စူးထားတဲ့ ဥစ္စာပစ္စည်းတွေ ရှိပါတယ်၊ တပည့်တော်က အဲဒီဥစ္စာသိုက်ကို စောင့်ရှောက်နေရတဲ့သူပါဘုရား"

ဘုန်းကြီးက ပထမကတည်းက ထိုအကြောင်းများကို ရိပ်မိထားပြီးဖြစ်သောကြောင့် ထွေထွေထူးထူး ပြန်မပြောတော့ပေ။

"အရှင်ဘုရားဆီမှာ ဘုရားတည်ရင် သုံးဖို့ လှူထားတဲ့ ရွှေဒင်္ဂါးတွေ ရှိနေတာကို သိုက်ဆရာတွေက သိသွားပြီးတဲ့နောက်မှာ မကြာခင် သိုက်တူးဖို့ ရောက်လာကြပါတော့မယ်ဘုရား၊ သူတို့ရောက်လာလျှင် တပည့်တော် တန်ခိုးအစွမ်းနဲ့တော့ မတားဆီးနိုင်ပါဘုရား၊

အရှင်ဘုရား ကယ်တင်ပေးပါ"

ဟု တောင်းပန်လျှောက်ထားလေရာ ဘုန်းကြီးလည်း များစွာအခက်တွေ့သွားလေသည်။

ဝှင်းအနေနှင့် လောကီကိစ္စများကို ဘာမှ သိပ်မသိသောကြောင့် မည်ကဲ့သို့ ကူညီပေးရမည်ကို မသိနိုင်ဘဲ ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း မိမိအနေနှင့် တစ်စုံတစ်ခု အကူအညီ မပေးပါက အခက်တွေ့ရတော့မည့်အရေးကလည်း ရှိနေသောကြောင့် အမျိုးမျိုး စဉ်းစားနေရာမှ တစ်စုံတစ်ခုကို သတိရသွားလေသည်။

"ကဲ့ . ကဲ့ . ဒကာမ ဒီလောက်လည်း ပူပန်သောကရောက်မနေပါနဲ့၊ ဘုန်းကြီးအနေနဲ့ အကူအညီ မပေးအပ်သော်လည်း အကူပေးနိုင်တဲ့လူတစ်ယောက်ကို စေခိုင်းပေးပါ့မယ်၊ စိတ်အေးအေးသာ ထားပါတော့"

"ကျေးဇူးကြီးလှပါတယ်ဘုရား"

ဟု ပြောပြီး ကန်တော့ကာ ပြန်သွားလေတော့သည်။

ထို့နောက်မှာတော့ ဘုန်းကြီးက ကပ္ပိယကြီး ဦးတာတေကို ခေါ်ပြီး အကျိုးအကြောင်း ပြောပြလေသည်။

ထိုအခါ ကပ္ပိယကြီးဦးတာတေက ပြောသည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့ဘုရား၊ စိတ်အေးအေးသာ နေတော်မူပါ၊ ဒီသိုက်ဆရာတွေကိုတော့ တပည့်တော် တာဝန်ယူ ပေးလိုက်ပါ့မယ်"

ထို့နောက်မှာတော့ ကပ္ပိယကြီးဦးတာတေလည်း ၎င်းပြုလုပ်ရမည့်ကိစ္စများကို ကြိုတင်ပြုလုပ်ထားလေသည်။

ညအချိန်ရောက်သောအခါ ထိုနေရာသို့ သိုက်ဆရာတစ်ယောက်နှင့် နောက်လိုက်တပည့်နှစ်ယောက်တို့ ရောက်လာကြသည်။

၎င်းတို့သည် ပိတောက်ပင်ကြီးအောက်သို့ ရောက်





သောအခါ စည်းဝိုင်းများ ဝိုင်းခြင်း၊ ရာဇမတ်များ ကာရံခြင်း၊ ကန်တော့ပွဲများ ပေးခြင်း၊ ဆန်မန်းပေါက်ပေါက်များ ကြဲခြင်း၊

အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းပြီး ဂါထာမန္တန်များဖြင့် ရွတ်ဖတ်လေတော့သည်။

နောက်မှာ ပါလာသော တပည့်နှစ်ယောက်မှာလည်း ဆရာပြုလုပ်သမျှကို ကြည့်နေကြလေသည်။

ထိုသို့ပြုလုပ်နေစဉ်မှာ အမှောင်ရိပ်အတွင်းမှ ကြောက်မက်ဖွယ်ကောင်းလှသော ရယ်သံကြီး ပေါ်ထွက်လာတော့သည်။

"ဟား . ဟား . ဟား . ဟား"

"ဟား . ဟား . ဟား . ဟား"

ထိုကဲ့သို့သော အသံနက်ကြီးဖြင့် ရယ်သံကြားသောအခါ တပည့်နှစ်ယောက်မှာ များစွာကြောက်ရွံ့ကြလေသည်။

"ဆရာကြီး . သိုက်စောင့်တွေ ရောက်လာပြီထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဘာမှမကြောက်ကြနဲ့၊ စည်းဝိုင်းအတွင်းမှာပဲ နေကြ၊ စည်းမပေါက်ကြစေနဲ့၊ ဒီမိစ္ဆာတွေ အနားမလာနိုင်ဘူး"

ဆရာဖြစ်သူက အားပေးစကား ပြောနေစဉ်မှာ နောက်ထပ် ရယ်သံကြီး ထွက်လာပြန်လေသည်။

"ဟား . ဟား . ဟား . ဟား . မလောက်လေး မလောက်စား ပညာနဲ့များ သိုက်တူးဖို့ ကြံနေကြတယ်၊ အခုပဲ ငါ့အကြောင်း သိရစေမကွ"


www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသံအဆုံးမှာ ပိတောက်ပင်ပေါ်မှာ သစ်ရွက် သစ်ကိုင်းများ လှုပ်သံကြားရပြီး အောက်မှာ ရှိနေကြသူ သုံး ယောက်တို့မှာ မနေနိုင်အောင် တစ်ကိုယ်လုံး ယားလာတော့ သည်။

"အမယ်လေး. . ယားလိုက်တာဗျ. . ယားလိုက်တာ"

"လုပ်ကြပါဦးဗျ. . . မနေနိုင်အောင် ယားလာပြီဗျ"

သိုက်ဆရာနှင့်တပည့်နှစ်ယောက်တို့မှာ ယိုးဒယား က သကဲ့သို့ တွန့်လိမ်နေကြလေသည်။

ဆရာလုပ်သူမှာလည်း ဂါထာမန္တန်များကိုပင် ဆက် မရွတ်နိုင်တော့ပေ။

ထိုအခိုက်မှာပင် သစ်ပင်နောက်မှ မည်းမည်းသဏ္ဍာန် ကြီးက တင်းပုတ်နှင့် လိုက်ထုလေရာ သိုက်ဆရာနှင့် တပည့်နှစ် ယောက်တို့မှာ မြေပြင်မှပင် မပြေးဝံ့ကြတော့သဖြင့် တုံးလုံချောင်း အတွင်းသို့ ဆင်းကာ ရေကူးပြေးကြရလေတော့သည်။

ထိုနောက်ပိုင်းမှာတော့ နောက်ထပ် မည်သည့်သိုက် ဆရာမှ ထိုနေရာသို့ မလာဝံ့ကြတော့ပေ။

တစ္ဆေသရဲကဲ့သို့ အရုပ်ဆိုးလှသော ကပ္ပိယကြီး ဦးတာ တေ၏သရဲအဖြစ် သရုပ်ဆောင်ပုံမှာ ရုပ်ရှင်ဇာတ်ကားများထဲမှ တာတေကြီးကပင် လက်ဖျားခါလောက်ပေတော့သည်။





အခန်း [၈]

## ဦးဗန်ကောင်းနှင့် တွေ့ရခြင်း

ရှေးကတည်းက ရှိခဲ့သော တုံးလုံချောင်းကျောင်းမှာ ကိုလိုနီခေတ် ရောက်သောအခါ အတန်အသင့် တိုးတက်စည် ကားလာလေသည်။

ထိုအနောက်ဘက်ကမ်းတွင် ငါးဖမ်းသူများ နေသောတဲ များလာသောကြောင့် အိမ်ခြေများလာသည်။

နောက်ပိုင်းတွင် ဆန်စက်များ လာရောက်တည်သော အခါ ကမ်းခြေတလျှောက် ရွာတန်းရှည်ကြီး ဖြစ်လာတော့သည်။

ရှေးအခါကတော့ ပုဏ္ဏကကုန်းဟု နာမည်ကြီးခဲ့သော


www.burmeseclassic.com

www.burmeseclassic.com

နေရာတဝိုက်မှာတော့ နေထိုင်သူ မရှိဘဲ ကွပ်လပ်ကြီးဖြစ်နေရာမှ နောက်ပိုင်း ဦးကာစင်ဆိုသော ကုလားသူဌေးတစ်ယောက်က အစိုးရထံမှ မြေဂရန် ဝယ်ယူပြီး ဆန်စက်တည်လေသည်။

သို့သော်လည်း ဆန်စက်တည်ပြီးသည့်နောက်ပိုင်းမှာလည်း ကောင်းကောင်းအလုပ်မလုပ်ရဘဲ အန္တရာယ်များ၊ အနှောင့်အယှက်များက တစ်မျိုးပြီးတစ်မျိုး ကြုံနေရသည်။

ထိုကုန်းကို စတင်ပြီး ခုတ်ထွင်ရှင်းလင်းစဉ်ကတည်းက အန္တရာယ်များနှင့် တွေ့ရပြီး လူအသေအပျောက် ရှိခဲ့လေသည်။

ဆန်စက်တည်ပြီး လည်ပြန်တော့လည်း မကြာခဏ ဆိုသလို လူများ အသေအပျောက်ဖြစ်နေသည်။

အလုပ်သမားတစ်ယောက်ဆိုလျှင် ခါးတစ်ပိုင်းပြတ်ပြီး သေရသည်အထိ အဖြစ်ဆိုးလေသည်။

ထိုကိစ္စများကိုလည်း အဖြေရှာမရနိုင်ဘဲ ရှိနေကြလေသည်။ ဒေသခံများကတော့ ပုဏ္ဏက ကုန်းနေရာမှာ မြေကြမ်းသောနေရာဖြစ်သောကြောင့် ယခုကဲ့သို့ အန္တရာယ်များနှင့် မကြာခဏ တွေ့နေရသည်ဟု ထင်ကြသည်။

အချို့အလုပ်သမားများကတော့ ထိုကဲ့သို့သော အန္တရာယ်များ ကင်းသွားစေရန် ဘုန်းကြီးများ ပင့်၍ ပရိတ်ရွတ်ခြင်းများ၊ တရားနာခြင်းများ ပြုလုပ်စေချင်ကြသည်။

ဦးကာစင်က အခြားဘာသာဝင်ဖြစ်သဖြင့် ထိုအလုပ်များကို မလုပ်ပေ။

အများက ပြောသဖြင့် ကုလားဆရာတစ်ယောက်ကို





ခေါ်ပြီး လုပ်ကြည့်ပေးသည်။

သို့သော် မရဘဲ ယခင်ကထက် ပိုမိုဆိုးလာလေတော့သည်။

ထိုကဲ့သို့သောအဖြစ်များအပြင် စက်လည်သည်နှင့် ကုန်းမြေတစ်ခုလုံး မြေငလျင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန်အောင် လှုပ်လာပြီး ဆန်စက်တစ်ခုလုံး ယိမ်းထိုးနေတတ်သည်။

ထိုသို့ဖြစ်လာလျှင် ဆန်စက်လည်နေရာမှ ရပ်ထားပေးရသည်။ သို့မဟုတ်ပါက တုန်လှုပ်မှုကြောင့် သားရေပတ်ကြိုးများ ပြတ်ထွက်ခြင်း၊ အပေါ်မှာ ရှိသော ဆန်ဇကာများ ပြုတ်ကျခြင်းစသော အန္တရာယ်မျိုးစုံတို့နှင့် တွေ့ရတတ်သည်။

ထိုကဲ့သို့ တုန်လှုပ်လာသည်နှင့် မြေအောက်မှ ကြောက်မက်ဖွယ်ကောင်းသောအော်သံကြီးပေါ်လာသည်ကို လူအတော်များများ ကြားကြရသည်။

လူညည်းသံလိုလို၊ မြေဟည်းသံလိုလို၊ ကြောက်စရာကောင်းသော လိုဏ်ခေါင်းသံကြီးမျိုးဖြစ်သည်။

တစ်ကြိမ်မှာတော့ ဆန်စက်လည်နေရာ ပုံမှန်အတိုင်းရှိနေသောကြောင့် မေပိုင်းမှာ တာဝန်ကျနေသူ အလုပ်သမားတစ်ယောက် မေခန်းထဲ ဝင်၍ကြည့်ရှုနေသည်။

ထိုအချိန်မှာ မြေအောက်မှ သိမ့်သိမ့်တုန်အောင် လှုပ်လာသောကြောင့် ဆန်စက်ကြီးတစ်ခုလုံး ယိမ်းထိုးလှုပ်ရှားလာရာ အလုပ်သမားများသည် ဘယ်လိုလုပ်ရမှန်း မသိအောင်ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် အင်ဂျင်နှင့် တွဲထားသော သားရေပတ်ကြိုးတစ်ချောင်းက ပြတ်ထွက်လာပြီး ထိုအလုပ်သမားကို ရိုက်ချလိုက်ရာ ဦးခေါင်းတစ်ခုလုံး ပွင့်ထွက်သွားကာ နေရာမှာပင် ပွဲချင်းပြီး သေလေသည်။

စက်လည်း ရပ်လိုက်ရသည်။

နောက်ပိုင်းမှာတော့ မကြာခဏဆိုသလို အန္တရာယ်များနှင့် ကြုံနေရသောကြောင့် ဆန်စပါးကြိတ်သူများလည်း မလာဝံ့ကြတော့ပေ။

ဦးကာစင်၏မိတ်ဆွေဆန်စက်များမှ မနိုင်သဖြင့် ပို့လိုက်သော စပါးလောက်သာ ကြိတ်ပေးရသည်။

ဆန်စက်ဖွင့်စက ဆိပ်ကမ်းတလျှောက်တွင် စပါးကြိတ်မည့်လှေများက တတန်းကြီး ရှိနေသော်လည်း နောက်ပိုင်းတဖြည်းဖြည်းနှင့် နည်းသွားရာ စက်ဆိပ်တွင် အကြောင်းမသိသေးသော လှေတစ်စင်းနှစ်စင်းလောက်သာ ရှိတော့သည်။

သို့ကြောင့် ဦးကာစင်အဖို့မှာလည်း စီးပွားရေးအရများစွာအထိနာနေပြီဖြစ်သဖြင့် နီမောင်တို့ကိုပင် အကူအညီတောင်းရသည့်အခြေအနေမျိုး ရောက်နေတော့သည်။

"ဒီအတိုင်းသာ သွားရင်တော့ ငါ့မှာရှိတဲ့စည်းစိမ် အားလုံး ပြုတ်တော့မှာ သေချာတယ်၊ နည်းလမ်းလေးဘာလေး ရှိရင် ပြောကြပါဦးကွာ"

ဟု ပြောသဖြင့် နီမောင်မှာ အချိန်အားသည်နှင့် ရွာထဲထွက်ကာ ထိုနေရာနှင့် ပတ်သက်သောအကြောင်းများကို စုံစမ်း





ကြည့်ရလေသည်။

ထိုသို့စုံစမ်းရင်းနှင့်ပင် ငါးရှာခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ဦးမွန်ထော်တို့သားအဖနှင့် တွေ့ကာ ခင်မင်ရင်းနှီးသွားလေသည်။

အထူးသဖြင့် မြဝင်းသူနှင့် ခင်မင်ခွင့် ရခဲ့လေရာ နီမောင်အဖို့ ကျေနပ်စရာပင်ဖြစ်တော့သည်။

မြဝင်းသူမှာ အသက်(၂၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောသူဖြစ်သည်။

ဆင်းရဲနွမ်းပါးသောကြောင့် သူမ၏အလှက မပေါ်လွင်ခြင်းဖြစ်၏။

ဖခင်ဖြစ်သူနှင့် အဖော်လိုက်သွားပြီး သားငါးရှာဖွေရာမှာလည်း ယောက်ျားလေးတစ်ယောက်ပမာ အားကိုးရသူဖြစ်လေသည်။

ငါးရလာလျှင် မော်လမြိုင်ဘက်သို့ လှေဖြင့် ကူးသွားပြီး မြို့ပေါ်အနှံ့ လှည့်လည်ငါးရောင်းပြန်တော့လည်း သွက်လက် ချက်ချာစွာ ရောင်းချနိုင်သူဖြစ်၏။

သို့ကြောင့် ငါးဖမ်းရာမှာ ယောက်ျားကလေး တစ်ယောက်ကဲ့သို့ အားကိုးရပြီး ငါးရောင်းရာမှာတော့ မိန်းကလေးတစ်ယောက်လို အားကိုးရသူဖြစ်လေသည်။

နီမောင်နှင့် ခင်မင်ရင်းနှီးသွားသောခါ နီမောင်တို့ အလုပ်အားသောရက်တွင် သူမတို့ ရှိရာသို့ သွားပြီး ဆန့်ဖို့ပေးလေ့ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆန်က ဆန်စက်လည်နေလျှင် အလကား ရနေသော ကြောင့် ဆန်ကောင်းကောင်းရလျှင် ဖယ်ထားပြီး သွားပို့ပေးခြင်း ဖြစ်သလို မြဝင်းသူကလည်း ငါးဒန်၊ ငါးမြင်း အစရှိသော ငါးကြီး ငါးကောင်းများ ရလျှင် ရောင်းတန်ရောင်းသည့်အပြင် နီမောင် အတွက် တကူးတက ဟင်းချက်ပြီး လာပို့ပေးတတ်လေသည်။

ထိုအခါ လုပ်ဖော်ကိုင်ဖက်များကပင် စကြနောက်ကြ လေသည်။

"နီမောင် ရောက်တာတောင် သိပ်မကြာသေးဘူး၊ ဟင်း ချက်ပို့မယ့်သူတွေနဲ့ပါလား၊ မင်းက ဘယ်ဆိုးလို့လဲကွ"

"ကျွန်တော်တို့က ရိုးရိုးခင်တာပါဗျာ"

"မင်းကိုလည်း ဘယ်သူကမှ ရိုက်မစစ်ရသေးပါဘူးကွာ၊ အိုးမလုံ အုံပွင့်မနေပါနဲ့၊ ဒါထက် ကောင်မလေးက မဆိုးဘူးကွ၊ ဘယ်ကလဲ"

"အနောက်ပိုင်းဘက်ကပါပဲ"

"နာမည်ဘယ်သူတဲ့လဲ"

"မြဝင်းသူတဲ့"

"နာမည်လေးကလည်းလှ. . . လူကလည်း အတော်လှ တယ်ကွ၊ မင်းနဲ့ဆိုရင်တော့ ရှေ့သွားနောက်လိုက်ညီကြပါတယ်"

"ဟာဗျာ. . . ကျွန်တော်တို့က အခုမှ တွေ့တာတောင် မကြာလှသေးပါဘူး၊ ရိုးရိုးခင်ကြတဲ့အဆင့်ပဲ ရှိကြပါသေးတယ်"

"အေးလေ. . . အစပိုင်းကတော့ ဒီလိုပုံနဲ့ပဲ စကြတာပါ ပဲ၊ ဒါလည်း ထူးဆန်းတဲ့ကိစ္စမျိုးမှ မဟုတ်တော့တာ၊ ဒါပေမယ့်





ကွာ. . . ယောကျ်ားကလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် ပြောပုံဆိုပုံ ဆက်ဆံပုံအမူအယာကို အကဲခတ်ကြည့်ရင် သူ့ရဲ့ အတွင်းသဘောကို သိနိုင်ပါတယ်၊ ကောင်မလေးကြည့်ရတာ မင်းကို မြင်မြင်ချင်း သဘောကျနေတာနဲ့ တူတယ်၊ သူ့သဘော ကိုလည်း သိရအောင်. . မင်းရဲ့အခြေအနေကိုလည်း ‘သိရ အောင် တမင် ဟင်းလာပို့ပေးနေတာ ဖြစ်မှာပါ"

သူနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ကိုသန်းအောင် က အချစ်ရေးနှင့် ပတ်သက်လျှင် အတွေ့အကြုံများနေသူတစ်ဦး ပမာ သူ့ထင်မြင်ချက်ကို ပြောပြလေသည်။

"ကိုသန်းအောင်ရယ်. . . သူက ရိုးရိုးသားသား ခင်နေ တာကို ကိုယ်လိုရာ ဆွဲတွေးသလိုမျိုးဖြစ်နေပါဦးမယ်"

"ရိုးရိုးခင်တာနဲ့ ဆန်းဆန်းခင်က ကြည့်လိုက်ရင် အသိ သာကြီးပါကွာ၊ မိန်းမပျိုတစ်ယောက်က ယောကျ်ားလေးတစ် ယောက်ဆီကို လာပြီဆိုတာနဲ့ ပတ်ဝန်းကျင်က သူ့ကို ဘယ်လို ထင်မလဲဆိုတာ အရွယ်ရောက်တဲ့မိန်းကလေးတိုင်း မသိဘဲ ရှိပါ့ မလား၊

ပတ်ဝန်းကျင်က သဘောပေါက်တဲ့အကြည့်မျိုးတွေနဲ့ ကြည့်မှာကိုတောင် ဂရုမစိုက်တော့ဘူးဆိုရင် သူ့မှာ ဒါထက်ပိုပြီး အရေးကြီးတဲ့အကြောင်းမျိုး ရှိနေတာ သေချာတာပေါ့"

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ ကျေနပ် သွားသည်ကတော့ အမှန်ဖြစ်သည်။

"ခင်ဗျားကလည်းဗျာ. . . ဆန်စက်မှာ မလုပ်ခဲ့ အချစ်



www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထု စာရေးဆရာ လုပ်စားဖို့ပဲ ကောင်းတယ်"

ဟု ရှက်ကိုးရှက်ကန်း ပြန်ပြောလိုက်သည်။

နောက်တစ်နေ့ သူ့အလှည့်နားသောအခါ ဘုန်းကြီးကျောင်းဘက်သို့ သွားရန် စိတ်ကူးပြီး ထွက်လာခဲ့သည်။ ရွာလမ်းမှာ ချောင်းကမ်းနှင့် ယှဉ်ပြီး တစ်လမ်းတည်းသာ ရှိသောကြောင့် ထိုလမ်းမှပင် သွားရာ မြဝင်းသူတို့အိမ်ရှေ့ ရောက်သောအခါ ခဏဝင်ကြည့်သည်။

ဦးမွန်ထော်က အိပ်ယာထဲမှာ လှဲနေပြီး မြဝင်းသူက ကျောက်ပျဉ်တစ်ချပ်ဖြင့် ဆေးမြစ်များ သွေးနေသည်။ သက်ရင်းကြီးမြစ်၊ ဂျင်းတက်၊ မိတ်သလင်ဥတို့ပင်ဖြစ်သည်။

"အလုပ်မဆင်းကြဘူးလား မြဝင်းသူ"

"အဘ ခါးနာနေလို့ ဒီနေ့တော့ အလုပ်မဆင်းနိုင်တော့ဘူး"

ကြည့်လိုက်တော့ ဦးမွန်ထော်မှာ အိပ်ယာမှပင် ထနိုင်ဟန် မရှိပေ။

"အစ်ကို ဘယ်သွားမလို့လဲဟင်"

"ဘုန်းကြီးကျောင်းဘက် သွားမလို့၊ ကပ္ပိယကြီးနဲ့ သွားတွေ့ပြီး အကျိုးအကြောင်း မေးကြည့်မလို့"

"အတော်ပဲ . . . ကျွန်မလည်း လိုက်ခဲ့မယ်၊ ကပ္ပိယကြီးက ဆေးလည်း ကုတတ်တယ်၊ သူ့ကို ခေါ်ပြရင် အဘ ခါးနာနေတာ မြန်မြန်သက်သာသွားနိုင်တယ်"

ဟု ပြောကာ မြဝင်းသူပါ ကျောင်းဘက်သို့ လိုက်လာ





လေသည်။

ဘုန်းကြီးကျောင်းဝိုင်းနှင့် ကျောင်းမှာ ရှေးကတည်းက ရှိနေခဲ့သော်လည်း ကျောင်းထိုင်ဘုန်းကြီးနှင့် ကပ္ပိယတို့ကတော့ ပြောင်းလဲသွားသည်။

ရှေးက ဘုန်းကြီးဦးသောမနှင့် ကပ္ပိယကြီးဦးတာတေတို့ ရှိခဲ့ကြသော်လည်း ယခု ကျောင်းထိုင်သောဘုန်းကြီးမှာ ဦးပညာဖြစ်သည်။ ကပ္ပိယကြီးမှာ ဦးဗန်ကောင်းပင်ဖြစ်သည်။

ဦးဗန်ကောင်းမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး အသားညိုညို၊ အရပ်ပုပုနှင့် ကတုံးပြောင်အောင် တုံးထားသည်။

ပုဆိုးနှင့်အကျီမှာ အမြဲတစေ အညိုရောင်ကိုသာ ဝတ်ဆင်လေသည်။

ဦးဗန်ကောင်းက ကွမ်းကြိုက်သူဖြစ်သောကြောင့် ကွမ်းကို အမြဲတစေ ပါးစပ်အတွင်း ထည့်ကာဝါးနေလေ့ရှိပြီး အင်္ဂရိတ်ထိုးခြင်းကို များစွာဝါသနာပါသူဖြစ်သည်။

သူသည် အင်္ဂရိတ်ပညာနှင့် ပတ်သက်ပြီး အတော်အတန် ပေါက်မြောက်နေပေရာ ထိုမှတဆင့် တက်နိုင်ရန် ကြိုးစားနေသူဖြစ်သည်။

နီမောင်တို့ ရောက်သွားသောအချိန်မှာ နေ့လယ်ဆွမ်းစားပြီးချိန်ဖြစ်သဖြင့် ဦးဗန်ကောင်းကို ၎င်း၏ဖိုခန်းနားမှာပင် တွေ့ရသည်။ သူ၏ဖိုခန်းမှာ ကျောင်းနှင့် မနီးမဝေး ပိတောက်ပင်ကြီးအောက်နားတွင် ရှိပြီး ဖိုခန်းရှေ့မှာ ကွပ်ပျစ်တစ်ခု ချထားသည်။


www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းနေ့လယ် ဦးဇန်ကောင်း တစ်ရေးတစ်မော အိပ်သောနေရာဖြစ်သည်။ ဝါးများဖြင့် ပြုလုပ်ထားသောကြောင့် ထိုင်လျှင်လည်း အဆင်ပြေသည်။

နီမောင်တို့ကို မြင်တော့ ဦးဇန်ကောင်းက ဖိုခန်းအတွင်းမှ ထွက်လာသည်။

"ထိုင်ကြ. . . ဒီမိန်းကလေးက ကျောင်းကို ဆွမ်းဟင်းလာပို့ပေးနေတဲ့မိန်းကလေး မဟုတ်လား၊ သူကရော. . ."

"ကျွန်တော့်နာမည် နီမောင်လို့ ခေါ်ပါတယ်၊ မကြာသေးခင်ကမှ ဖွင့်တဲ့ ဇမ္ဗူကျော်ဆန်စက်ကပါ"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"အဲဒီဆန်စက်လည်း စတည်ကတည်းက အဆင်မပြေဘူးလို့ သတင်းကြားရတယ်"

"ဟုတ်ပါတယ် အဘ၊ အခုထိတော့ အခြေအနေ အတော်ဆိုးနေပါတယ်၊ ဒီအတိုင်းဆိုရင် စက်ပိတ်ပြီး ပြေးရတော့မလို ဖြစ်နေပါတယ်၊ အခုအချိန်ကျမှတော့ ဆန်စက်ကြီးကိုလည်း ရွှေ့သွားလို့မဖြစ်လေတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ သိချင်လို့ ကျွန်တော် အဘဆီ လာခဲ့တာပါ"

နီမောင်စကားကြားသောအခါ ဦးဇန်ကောင်းက ပါးစပ်တွင်းမှာ ငုံထားသောကွမ်းဖတ်များကို ထွေးထုတ်ပစ်လိုက်သည်။

"ဒီလောက ကြီးကျယ်တဲ့ အဆောက်အဦးကြီးတွေ ဆောက်တော့မယ်ဆိုရင် ကိုယ်ဆောက်မယ့်မြေနေရာကို သေသေချာချာ လေ့လာစုံစမ်းရတယ်၊



BURMESE CLASSIC .com



ကိုယ်မသိရင်လည်း သိတဲ့လူတွေကို မေးကြရတယ်၊ ခုတော့ ပိုက်ဆံရှိတိုင်း အရမ်းလုပ်တော့ မဖြစ်သင့်တဲ့အန္တရာယ်တွေနဲ့ တွေ့ရတာပေါ့"

"ဟုတ်ပါတယ် အဘ"

"မြေနဲ့ ပတ်သက်လာရင် သက်ဆိုင်တဲ့ အစောင့်အရှောက်တွေ ရှိတယ်၊ ဘုမ္မိယနဲ့ သက်ဆိုင်တဲ့အစောင့်တွေ ရှိတယ်၊ သူတို့နဲ့ ဆန့်ကျင်ဘက် လုပ်လို့မရဘူး၊ သူတို့ သဘောတူမှ အဆောက်အဦး ဆောက်လို့ရတယ်"

(ရှေ့ခန်းများတွင် မြေအမျိုးအစားအလိုက် စောင့်ရှောက်သောနတ်များ၊ ဘုမ္မိယပုဂ္ဂိုလ်များအကြောင်းကို အလျဉ်းသင့်ပါက ဖော်ပြပေးပါဦးမည်)

"မှန်ပါတယ် အဘ၊ ကျွန်တော်တို့ အခု ဆန်စက်တည်ထားတဲ့မြေက ဘယ်လိုနေရာမျိုးလဲဟင်"

"ဘုမ္မိယလို့ ခေါ်တဲ့ သိုက်စောင့်တွေနဲ့ ပတ်သက်တဲ့နေရာမျိုးပဲ၊ သူတို့ဆီက ခွင့်မတောင်းဘဲ ကိုယ်ဆောက်ချင်တဲ့နေရာ ဆောက်ကြတော့ မလွတ်မလပ်တွေဖြစ်ပြီး အခုလို အန္တရာယ်တွေနဲ့ တွေ့ကြရတာပဲ"

"ဒါထက် အဘကို မေးရဦးမယ်၊ အခု ဆန်စက်ဆောက်ထားတဲ့နေရာမှာ ဘယ်လိုဟာမျိုး စောင့်နေတာလဲဟင်၊ ဘီလူးဆိုတာ ဟုတ်သလားဟင်"

"ဒါမျိုးက ပြောခွင့်မရှိဘူး၊ မင်းသိခွင့်ရှိရင်တော့ တစ်ချိန်ကျရင် တွေ့ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် နီမောင်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"ဒါဖြင့် အဲဒီနေရာမှာ ဆက်လုပ်လို့ရအောင် ဘယ်လိုလုပ်ရမလဲဟင်"

"အခုကတော့ လက်လွှန်နေပြီ၊ အခုလက်ရှိလုပ်နေတဲ့ ပိုင်ရှင်ကိုတော့ သူတို့ သဘောကျကြမယ် မထင်ဘူး၊ အကယ်၍ နောက်ထပ်ပိုင်ရှင်အသစ် ပြောင်းလာခဲ့ပြီး သက်ဆိုင်သူတွေနဲ့ တွေ့လို့ သူတို့ရဲ့ခွင့်ပြုချက် ရရင်တော့ ဆက်လုပ်လို့ရမှာပါ"

ဟု ပြောပြသည်။

နီမောင်လည်း သိချင်တာ သိရသောကြောင့် ဘဝင်ကျသွားလေသည်။ ထို့နောက်မှာတော့ မြဝင်းသူက ခေါ်သဖြင့် ဦးဇန်ကောင်းက ကိုယ်တိုင်လိုက်လာပြီး ဦးမွန်ထော်၏ခါးနာရောဂါကို ကုပေးသည်။

ဆေးဖြင့် ကုပေးခြင်း မဟုတ်ပေ။

ဦးမွန်ထော်၏တင်ပဆုံခွက်နေရာကို လက်ဖြင့် ထောက်ပေးရုံနှင့် အိပ်ယာထဲမှာ လဲနေလောက်အောင် ဆိုးဝါးသော ခါးနာရောဂါမှာ ချက်ချင်းသက်သာသွားသည်။

"ဒါပေမယ့် တစ်ရက်နှစ်ရက်လောက်တော့ နားလိုက်ဦးဗျ၊ တော်ကြာ ပြန်ဖြစ်ရင် အကုရခက်လိမ့်မယ်"

ဟု ပြော၍ကာ ဦးဇန်ကောင်းက ပြန်သွားလေသည်။

ဦးဇန်ကောင်း ပြန်သွားတော့မှ ဦးမွန်ထော်က ညည်းညည်းညူညူနှင့် ပြောသည်။





"ခက်တာပဲ. . . ဒီရေထဦးရက်ကလေးမှာ အလုပ်ဆင်းမှ ငါးရမှာ၊ အလုပ်မဆင်းရရင်တော့ ရေကြမ်းလာရင် ဘာမှရမှာမဟုတ်ဘူး"

"ဒီလောက်လည်း ပူမနေပါနဲ့ အဘရယ်၊ ရောဂါပျောက်သွားအောင် အေးအေးသာ နားနေပါ၊ ကျွန်မတစ်ယောက်တည်း အလုပ်ဆင်းမှာပေါ့"

"သမီးတစ်ယောက်တည်း သွားလို့ သင့်ပါ့မလားကွယ်"

"အို. . ဘာမှကြောက်စရာ မရှိပါဘူး အဘရဲ့၊ အစ်ကိုငါးဖမ်းတာ မြင်ဖူးလားဟင်"

မြဝင်းသူက နီမောင့်ကိုလှည့်မေးသည်။

"ဟင့်အင်း. . . မမြင်ဖူးဘူး"

"ဒီလိုဆိုရင် ကျွန်မနဲ့ အဖော်လိုက်ခဲ့ပါလား၊ ညပိုင်းဆိုရင် ပြန်ရောက်လာမှာပဲ"

"ရပါတယ်. . . စက်ပိတ်ထားတော့ အလုပ်လည်း အားနေတာပဲ၊ ဗဟုသုတ ရအောင် လိုက်ကြည့်တာပေါ့"


နီမောင်က ထိုသို့ဝင်ပြောလိုက်သောအခါ ဦးမွန်ထော်က နောက်ထပ်ဘာမှမပြောတော့ပေ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

## အခန်း(၉)

# သိင်္ဂါရနိမိတ်ပုံများပေလော

လဆန်း(၁၂)ရက်နေ့သည် ရေထဦးရက်ဖြစ်သည်။ ရေထဦးရက်ဆိုသည်မှာ ငါး၊ ပုဇွန်မြူးသောရက်မျိုးဖြစ်ပြီး တံငါသည်တို့ အရအမိ များသောရက်မျိုးဖြစ်သည်။

လဆန်းဖြစ်စေ၊ လဆုတ်ရက်ဖြစ်စေ (၁၁)ရက်နေ့မှာ ရေထဦးရက်စပြီး (၁၂)ရက်နေ့မှာ ရေထဦးရက်ဖြစ်သည်။

(၁၁)ရက်၊ (၁၂)ရက်၊ (၁၃)ရက်၊ (၁၄)ရက်၊ (၁၅)ရက်နေ့အထိ ငါးပုဇွန် ရှာဖွေ၍ကောင်းသည်။

(၁၅)ရက်နေ့နောက်ပိုင်း လပြည့်ကျော်(၄)ရက်၊ (၅)

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ရက်နေ့အထိ ရေစီးကြမ်းလာသောကြောင့် ငါးရှာရတာမကောင်းတော့ဘဲ အရအမိလည်း မကောင်းလှတော့ပေ။

(၈)ရက်၊ (၉)ရက်၊ (၁၀)ရက်ကတော့ ရေသေရက်ဟု သတ်မှတ်ကြပြီး ငါးရှာလျှင်လည်း များများမရတော့ပေ။

ထို့ကြောင့် ထိုရက်များမှာ နားကြပြီး လှေ၊ ပိုက်နှင့် ငါးဖမ်းကိရိယာများ ပြင်ဆင်ကြသောရက်ဖြစ်သည်။

ရေချိုပုဇွန်ခြောက် ပြုလုပ်သူများက ထိုရက်များမှာ ပိုက်နားပြီး ပုဇွန်ခြောက် ရိုက်ကြသည်။

နယုန်လဆန်း(၁၂)ရက်နေ့ ညဦးပိုင်းလရောင်က ရာဇူတိုင်မြစ်ပေါ်သို့ တစွန်းတစ ကျရောက်နေသည်။

နယုန်လ ရောက်ပြီမို့ ကောင်းကင်ပြင်မှာ မိုးတိမ်များ ရှိနေပြီဖြစ်သောကြောင့် လင်းတစ်ခါ မှိန်တဲလှည့် ဖြစ်နေသည်။

မိုးမရွယ်သေးသော်လည်း မိုးနံ့မိုးငွေ့များကို သယ်ဆောင်လာသောလေက မြစ်ရေပြင်ပေါ်မှာ ရှပ်တိုက်ပြေးလွှားလျက်ရှိရာ ငွေရောင်လှိုင်းကြပ်ခွပ်ကလေးများကို တမျှော်တခေါ် မြင်ရလေသည်။

ထိုအချိန်က ရာဇူတိုင်မြစ်ကမ်း တစ်ဖက်တစ်ချက်မှာ လူနေအိမ်ခြေ မများလှသေးဘဲ သစ်တောနှင့်ကိုင်းတောကြီးများသာ ရှိလေသည်။

လေဖိလိုက်တိုင်း ကိုင်းတောကြီးများက တအိအိနှင့် လှုပ်ရှားနေပုံမှာ ယိမ်းသမများ ကနေကြသည်နှင့်ပင် သဏ္ဍာန်တူလေသည်။ မြစ်ပြင်မှာတော့ ငါးဖမ်းထွက်လာသော ဘဝတူ





ငါးဖမ်းလှေအချို့ကို မြင်ရသည်။

အချို့လှေများက အသံကုန် ဟစ်ပြီး သီဆိုလိုက်သော သီချင်းသံများက မြစ်ရေပြင်မှာ ပျံ့နှံ့လာလေသည်။

"လှိုင်းကလေးတွေ ဖွေးတယ်၊ မြစ်ပြင်ရောဝယ်၊ ခင်နဲ့မောင်လောင်းလှေကလေး စီးကာ လျောင်းမွေ့လို့ရယ်၊ စောင်းပုလွေ ဘာဂျာစုံတယ်၊ သာယာတွေပုံရယ်၊ အထက်ကျော်သရက်မော်တွေ ရောက်တော့မယ်၊ လှော်စမ်းကွယ်၊

မောင့်မျက်နှာ တဖြည်းဖြည်း ပြုံးလို့ လှော်ပုံတွေ ဆန်းကြယ်၊ ကြက်သီးများ တဖြန်းဖြန်းထလို့ ခင့်ကိုကိုရယ် ရှက်အားကြွယ်. . ."

မနီးမဝေးမှ ဖြတ်လှော်သွားသော လှေတစ်စင်းမှ သီဆိုလိုက်သော သီချင်းသံကြောင့် နီမောင့်စိတ်ထဲမှာ မလုံမလဲဖြစ်နေမိသည်။

လှေကို ခတ်တက်နှစ်ချောင်းနှင့် ခတ်လာသူမှာ မြဝင်းသူပင်ဖြစ်သည်။

သူမသည် ရှပ်အင်္ကျီဟောင်းနှင့် လုံချည်တိုတို ဝတ်ထားပြီး ခမောက်ဆောင်းထားလေသည်။

လှေခတ်ပုံမှာလည်း မြန်ဆန် သွက်လက်လှသဖြင့် အဝေးမှ ကြည့်ပါက မိန်းကလေးတစ်ယောက်နှင့် မတူဘဲ ယောကျ်ားတစ်ယောက်နှင့် တူနေတော့သည်။

သူမ လှေခတ်နေပုံမှာ စည်းချက်ဝါးချက်ညီညီနှင့်ကြည့်ကောင်းနေသည်ဟု စိတ်ထဲမှာ ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြာတော့ ယောကျ်ားတစ်ယောက်ဖြစ်ပြီး လှေထဲမှာ ထိုင်လိုက်လာရသည်ကိုပင် မလုံမလဲဖြစ်လာသည်။

"အစ်ကို တစ်လှည့်လှေခတ်ကြည့်ချင်တယ်"

ထိုစကားကြောင့် မြဝင်းသူက သဘောကျစွာ ပြုံးလိုက်သည်။

"မခတ်ပါနဲ့ အစ်ကိုရယ်၊ ငါးမျှားတန်း ချမယ့်နေရာကိုလည်း ရောက်ခါနီးပါပြီ၊ ခတ်တတ်က ဟန်ချက်မညီရင် ရေထဲ ပြုတ်ကျတတ်တယ်"

"ဒီလိုပဲ သင်ယူရမှာပေါ့"

"မတော်တဆ ရေထဲ ကျသွားရင် အစ်ကို ရေစိုကြီးနဲ့ နေရလိမ့်မယ်၊ ခတ်ကြည့်ချင်လည်း အပြန်ကျမှ ခတ်ချင်ခတ်ကြည့်ပေါ့"

ဟု ပြောသည်။

တစ်နေရာရောက်တော့ မြဝင်းသူနှင့် အသိမိလှေ တစ်စင်းနှင့် တွေ့သည်။

"ဟဲ့ . . . မြဝင်းသူ၊ နင်က ယောကျ်ားတောင် ရနေပြီလား၊ ဘယ်တုန်းက ယူလိုက်တာလဲ၊ ငါတို့တောင် မကြားလိုက်ပါလား"

ဟု အော်ပြောသွားသည်။

မြဝင်းသူကတော့ ဘာမှပြန်မပြောတော့ဘဲ လှေကို ဆက်ခတ်လာရာ ညဦးပိုင်းအချိန်ရောက်သောအခါ ငါးမျှားတန်း ချမည့်နေရာသို့ ရောက်လာသည်။





ထိုနေရာမှာ ရာဇူတိုင်မြစ်ကျဉ်းတစ်နေရာဖြစ်ပြီး ကမ်းဘေးတစ်ဖက်တစ်ချက်ပေါ်မှာ ကိုင်းတောကြီးများက ဖုံးအုပ်ထားသည်။

ထိုနေရာရောက်သောအခါ မြဝင်းသူက ချောက်ကမ်းပါးများ ရှိသော ကိုင်းတောများအနီးတွင် လှေကို ရပ်လိုက်သည်။ ပြီးလျှင် ကျွမ်းကျင်စွာဖြင့် ငါးမျှားတန်းချရန် ပြင်ဆင်လေသည်။

ဦးစွာ တန်းကြိုးနှင့် တွဲထားသောငါးမျှား အကြီးအသေးများတွင် ငါးစာတပ်သည်။

ငါးစာမှာ အခြားမဟုတ်ပေ။ လတာပြင်မှ ကောက်ထားသော လမုသီးအမှည့်များလည်း ပါသည်။

အတော်အတန် သေးသော ငါးများလည်း ပါသည်။ အမဲသားကို အပုတ်ခံထားသော အတုံးများလည်း ပါသည်။

"လမုသီးမှည့်က ငါးဒန်သိပ်ကြိုက်တယ်"

ငါးစာတပ်နေရင်းမှ မြဝင်းသူက ပြောသည်။

ထို့နောက် အိုးတစ်လုံးဖြင့် ထည့်ယူလာသော အပုပ်ရေများကို ထိုအနီးတဝိုက်ရှိ ရေပြင်ပေါ်သို့ ပက်ဖြန်းလိုက်ရာ ထိုနေရာတဝိုက်တွင် အပုပ်နံ့များ ပျံ့နှံ့သွားတော့သည်။

"ဘာကြောင့် အပုပ်ရေတွေ ဖြန်းတာလဲဟင်"

"ငါးအတော်များများက အပုပ်ကြိုက်တာ၊ ဒါကြောင့် အနံ့ပေးတာပါ"

ထိုသို့ပြုလုပ်စရာများ ပြုလုပ်ပြီးသွားသောအခါ ချောက်ကမ်းပါးနှင့် မနီးမဝေးတွင် မြစ်ကမ်းအလျားလိုက် ငါးမျှားတန်း



www.burmeseclassic.com

www.burmeseclassic.com

များ ချလေသည်။

ငါးမျှားတန်းကြိုးနှင့် ဆက်ထားသော ခလောက်တစ်လုံးကိုလည်း ချိတ်ဆွဲထားလိုက်သည်။

ခလောက်မှာ ကျွဲနွားများလည်ပင်းမှာ ဆွဲထားသော သစ်သားခလောက်မျိုးပင်ဖြစ်သည်။

တန်းကြိုးတွင် ခလောက်ဆွဲထားခြင်းဖြင့် တန်းကြိုးတွင် ငါးမိပါက ချက်ချင်းသိနိုင်ပေသည်။

ရေငန်အရပ်ဒေသများမှာတော့ ထိုခလောက်သံကို ကြားသည်နှင့် ငါးမန်းများ ချက်ချင်းရောက်လာပြီး မိနေသောငါးများကို ကိုက်ဖြတ်သွားရာ ငါး၏ကိုယ်လုံး ပါသွားပြီး ဦးခေါင်းသာ ကျန်ခဲ့တတ်သည်။

ရေချိုအရပ်မှာတော့ ငါးမန်းမရှိသောကြောင့် ထိုကဲ့သို့သော အန္တရာယ် မရှိပေ။

သင့်တော်သောနေရာတွင် ငါးမျှားတန်းများ ချပြီးသော အခါ အေးအေးဆေးဆေး စောင့်ရုံသာ ရှိတော့သည်။

ချောင်းထဲမှာ ရေပြည့်ကာနီးပြီဖြစ်သောကြောင့် ရေစီးကလည်း သိပ်မရှိတော့ပေ။

ညဉ့်နက်ပိုင်းရောက်လာပြီဖြစ်သောကြောင့် လရောင်ကလည်း မြင့်တက်လာချေပြီ။

ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်နေပြီး ဟိုးအဝေးမှ ဆိုလိုက်သောသီချင်းသံအချို့နှင့် ကိုင်းတောအတွင်းမှ ပုရစ်အော်သံ၊ ဖားအော်သံလောက်သာ ကြားနေရသည်။





နားချိန်ရောက်သောအခါမှ မြဝင်းသူက တောင်းထဲမှာ အသင့်ထည့်ယူလာသော ထမင်းကြမ်းခဲနှင့်ငါးဟင်းကို ထုတ်ပြီး အဆာပြေ စားရန် ပြင်ဆင်သည်။

နီမောင်အတွက်လည်း တစ်ပန်းကန် ထည့်ပေးသည်။

လက်ဆေးရေနှင့်သောက်ရေကတော့ ကြည်လင်သော ရာဇူတိုင်မြစ်ရေပင်ဖြစ်သည်။

"အစ်ကိုတော့ မစားတော့ဘူး၊ ညဘက် ထမင်းစားလေ့ မရှိလို့ပါ"

"စားပါ အစ်ကိုရဲ့၊ အခုလို လှေနဲ့ သွားလာနေတဲ့အချိန်မှာ ဗိုက်ပြည့်အောင် စားထားတော့ အကြောင်းရှိလာရင်တော့ ထမင်းမဆာတော့ဘူးပေါ့"

ဟု ပြောသဖြင့် ပန်းကန်ကို ယူပြီး တစ်လုပ်နှစ်လုပ်သာ စားနိုင်လေသည်။

စောစောက လှေပေါ်မှာ ကျန်နေခဲ့သော ငါးညှီနံ့၊ အပုပ်နံ့များကြောင့် များများစား၍မရပေ။

မြဝင်းသူကတော့ ထိုအနံ့များနှင့် ယဉ်ပါးနေပြီဖြစ်ဟန်တူသည်။ ဘာမှဂရုမထားဘဲ ထမင်းများကို တစ်လုပ်ပြီးတစ်လုပ် စားနေသည်။

ထိုသို့စားနေရင်းမှ သူမ၏ဘဝအကြောင်းအရာအချို့ကို ပြောပြသည်။

မိခင်မရှိတော့သည့်နောက်ပိုင်း အားကိုးစရာဆွေမျိုးလည်း မရှိတော့သောကြောင့် ဖခင်ကြီးနှင့် ဒိုးတူပေါင်ဖက် ရုန်း


www.burmeseclassic.com

www.burmeseclassic.com



ကန်ခဲ့ကြရသော ဘဝပုံကြမ်းများပင်ဖြစ်၏။

ထိုအခါ နီမောင်ကလည်း သူ့ဘဝအကြောင်းကို ပြောပြလေသည်။

ကျောင်းနေစဉ်ကပင် မေတန်တေအလုပ် တတ်မြောက်ခဲ့ပြီး ယခုအခါ ကျောင်းမှ ထွက်ပြီး ထိုအလုပ်နှင့် မော်ကျွန်းမြို့ပေါ်မှာ ရှိကြသည့် မိဘများကို လုပ်ကျွေးနေသည့်အကြောင်းများပင်ဖြစ်သည်။

"အစ်ကိုနဲ့ကျွန်မတို့နဲ့က ရှေးဘဝက ရေစက်ပါပုံ ရတယ်၊ အစ်ကို့ကို မြင်မြင်ချင်း ကျွန်မအစ်ကိုတစ်ယောက်လိုပဲ အားကိုးယုံကြည်မှု ဖြစ်မိတယ်"

"အစ်ကိုလည်း မြဝင်းသူတို့ကို မြင်မြင်ချင်းပဲ ခင်ပါတယ်၊ ဒါပေမယ့် အခုလို ညဘက် အချိန်မတော်ကြီး လှေတစ်စင်းနဲ့ နှစ်ယောက်တည်း သွားလာနေတာ မြင်ရင် ပတ်ဝန်းကျင်က မြဝင်းသူကို အထင်အမြင်သေးမှာစိုးရတယ်"

နီမောင်စကားကြားသောအခါ မြဝင်းသူက တစ်ချက်ရယ်လိုက်ပြီး လက်စသတ်ပြီးသောပန်းကန်နှင့်လက်ကို ရေထဲနှစ်ဆေးလိုက်သည်။

"ကျွန်မတို့လိုဘဝတွေကို ဘယ်သူကမှလည်း အထင်မကြီးကြပါဘူး၊ ဒါကြောင့် အထင်သေးစရာလည်း မရှိပါဘူး အစ်ကိုရယ်၊ ဂရုမစိုက်ပါနဲ့

တစ်ခုတော့ ရှိတယ်၊ အစ်ကို့ဘက်က သိသွားရင် တစ်မျိုး ထင်ရင်ထင်ကြမှာပေါ့၊ ကျွန်မ ဆန်စက်ထဲကို ဟင်းလာပို့ရင်





တော့ တစ်မျိုးအကြည့်နဲ့ ကြည့်နေကြတာ"

"ပတ်ဝန်းကျင်ဆိုတာကတော့ ဒီလိုပဲပေါ့၊ ကိုယ်တို့အချင်းချင်း နားလည်မှု ရှိနေရင် ကျန်တာတွေက သိပ်ပြီးအရေးမကြီးပါဘူး"

ထိုသို့ပြောနေစဉ် ခလောက်သံကြားသဖြင့် ငါးများတန်းကြိုးကို ဖော်ကြည့်ရာ အတော်အတန်ကြီးသော ငါးခြောင်းတစ်ကောင်ကို စရလေသည်။

ရေပြည့်ကာနီးလာလေလေ ငါးပိုရလာလေဖြစ်သည်။ ငါးမြင်း၊ ငါးဒန်၊ ငါးထွေ အစရှိသောငါးကြီးများပါ ရသည်။

ပိသာချိန် များသော ငါးကြီးများ မိလျှင် လှေပေါ်သို့ ဒီအတိုင်း ဆွဲတင်၍မရဘဲ လှေပေါ်မှ မှိန်း၊ စလွတ်များဖြင့် ထိုးပြီးမှ ဆွဲတင်ရသည်။

မှိန်းနှင့်စလွတ်များမှာ အဖျားချွန်တွင် အထစ်များ ပါသဖြင့် ထိုးမိပါက မလွတ်တော့ပေ။

မြဝင်းသူမှာ ယောကျ်ားတစ်ယောက်ကဲ့သို့ ငါးထိုး၊ ငါးဖမ်း ကျွမ်းကျင်သူဖြစ်သည်။

ထိုသို့မြင်ရတော့မှ အကယ်၍ သူမတစ်ယောက်တည်း လာလျှင်လည်း ပတ်ဝန်းကျင် အန္တရာယ်အယှက် မရှိပါက အခက်အခဲ ရှိမည်မဟုတ်မှန်း သိရလေသည်။

ရေပြည့်ချိန်ရောက်ပြီး မြစ်ထဲမှာ ရေငြိမ်သွားသောအခါ ငါးပိသာချိန် အတော်ရပြီးချေပြီ။

မကြာမီ ရေပြန်ကျပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကလည်း ညဉ့်နက်ပိုင်းသို့ ရောက်ချေပြီ။

ထိုအချိန်မှာပင် ငါးမြားတံများကို ပြန်ဖော်ပြီး လှေပေါ် တင်သည်။

ငါးမျှားချိတ်များမှာ ကျန်နေသောအစာများကို ဖြုတ်၍ ရေထဲ ပစ်ချသည်။

ပြီးသောအခါ ပြန်ဖို့သာ ရှိတော့သည်။

ရေကျပြီဖြစ်သဖြင့် ရေစုန်အတိုင်း ပြန်ဆင်းကြရမည် ဖြစ်ရာ နီမောင်က အပြန်တွင် လှေခတ်ရန် ပြင်သည်။

"ဖြစ်ပါ့မလား အစ်ကို၊ ဟန်ချက်မညီရင် ရေထဲ ကျလိမ့်မယ်၊ ကျွန်မပဲ ခတ်ပါ့မယ်"

"ရပါတယ်. . . မတတ်လို့ ထိုင်နေရင် ဘယ်တော့မှ တတ်မှာ မဟုတ်ဘူး. . . စမ်းကြည့်မယ်"

ဟု ပြောကာ လှေခတ်ရန် ပဲ့ပိုင်းသို့ လာသည်။

ပဲ့ပိုင်းတွင် နှစ်တောင်ခန့် ရှိသော ခတ်တိုင်တွင် လှော်ကြိုးခတ်ကွင်း တပ်ထားသောကြောင့် ခတ်တက်နှစ်ချောင်း ရှိသည်။ ကြက်ခြေခတ်သဏ္ဍာန် ဟန်ချက်ညီညီ ရှေ့သို့ တွန်းရခြင်းဖြစ်သည်။

နောက်ဘက်မှာ တက်မ,ပါသောကြောင့် ခတ်တက်နှင့်ပင် လှေသွားရာ လမ်းဖြောင့်အောင် ထိန်းပေးရသည်။

ပထမတော့ နှစ်ဖက်မညီသောကြောင့် လှေဦးက ဟိုဘက် ထိုးသွားလိုက်၊ ဒီဘက်ထိုးသွားဖြစ်နေသည်။

ကျွမ်းကျင်သူ ခတ်ပါက ရေနံချေး ဆွတ်ထားသော





ခတ်ကွင်းမြည်သံမှာ စည်းချက်ဝါးချက်ညီညီဖြင့် နားထောင်၍ ကောင်းသည်။

နီမောင်က မခတ်တတ်သောကြောင့် လှည်းဝင်ရိုးမြည်သံကဲ့သို့ တကျွိကျွိဖြစ်နေသည်။

မြဝင်းသူကတော့ လှေဝမ်းအလယ်မှ ထိုင်ရင်း သဘောကျသဖြင့် ပြုံးနေသည်။

တစ်ကြိမ်မှာတော့ ခတ်ကွင်းပြုတ်ကာ အရှိန်မထိန်းနိုင်ဘဲ ရေထဲ ပြုတ်ကျသွားတော့သည်။

"ဝုန်း"

"အို. . . အစ်ကို"

နီမောင်မှာ ရေကူးတတ်သဖြင့် ဘာမှမဖြစ်ဘဲ လှေပေါ် ပြန်ရောက်လာသော်လည်း အဝတ်အစားများကတော့ ရွှဲရွှဲစိုသွားလေသည်။

"တစ်ကိုယ်လုံး စိုရွှဲနေပြီ၊ အစ်ကိုတော့ ချမ်းနေတော့မှာပဲ၊ ကျွန်မပဲ ခတ်ပါ့မယ်"

"ရပါတယ်. . . အချမ်းပြေသွားအောင် အစ်ကိုပဲ ခတ်မယ်"

ဟု ပြောပြီး ခတ်ကွင်းအသစ်တစ်ခု တပ်ကာ နောက်ထပ် ကြိုးစား၍ ခတ်ပြန်သည်။

ဒီတစ်ကြိမ်တော့ သဘောပေါက်သွားသဖြင့် စောစောကလို အခက်အခဲ မရှိတော့ပေ။

မြဝင်းသူက လှေပဲ့ပိုင်း လာပြီး လှော်တက်နှင့် ပဲ့ကိုင်


www.burmeseclassic.com

www.burmeseclassic.com



ပေးသောကြောင့် လှေက ဖြောင့်ဖြောင့်သွားလေသည်။

"နောက်ညတွေလည်း မြဝင်းသူ တစ်ယောက်တည်း သွားရမှာလား"

"ဟုတ်တယ်. . . တစ်ရက်နှစ်ရက်တော့ အဘကို ခေါ်လို့ ဖြစ်မှာ မဟုတ်သေးဘူး၊ ကျွန်မပဲ သွားရမယ်ထင်တယ်"

"အစ်ကို အဖော်လိုက်ပေးရဦးမလား"

"ကျွန်မနဲ့ လိုက်တော့ အစ်ကိုအလုပ်ပျက်နေမှာပေါ့"

"ဒီရက်ထဲမှာ စက်ပိတ်ထားတာဆိုတော့ မြဝင်းသူ ခေါ်ရင်တော့ အဖော်လိုက်ခဲ့ပါ့မယ်"

"အစ်ကို လိုက်မယ်ဆိုရင်တော့ ကျွန်မအဖို့ အဖော်ရတာပေါ့"

"ကိုယ်က မြဝင်းသူအတွက် တစ်သက်လုံး ဘဝအဖော် ဖြစ်ချင်တဲ့သူပါကွယ်"

ထိုစကားကတော့ ပါးစပ်မှ တကယ်ထွက်မလာဘဲ ရင်ထဲမှာသာ ပဲ့တင်ထပ်သွားလေတော့သည်။

လရောင်က အနောက်ဘက်သို့ ဝင်သွားပြီဖြစ်သောကြောင့် မြစ်ရေပြင်ပေါ်မှာ အမှောင်ရိပ်များ ဖုံးနေချေပြီ။ သို့သော် ကြယ်ရောင်အချို့တော့ ရှိနေသေးသည်။

နီမောင်က လှေခတ်တက်နှစ်ချောင်းကို အားစိုက်ခတ်နေသကဲ့သို့ မြဝင်းသူက နောက်ဖက်မှာ လှော်တက်ဖြင့် လှေသွားလမ်း ဖြောင့်စေရန် တက်မ,ကိုင်ပေးလေသည်။

သို့ကြောင့် မြစ်ရေပြင်လမ်းမှာ လှေက ဖြောင့်ဖြောင့်





သွားနေလေသည်။

ဘဝခရီးကို ဖြတ်သန်းကြရာမှာလည်း မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသလို နှစ်ယောက်အားဖြင့် တက်ညီလက်ညီ ရှိမှ ဘဝခရီးလမ်း ဖြောင့်တန်းပေမည်။

ထိုညမှာ သူတို့နှစ်ဦးအတွက် မမေ့နိုင်စရာဖြစ်ခဲ့သလို သိင်္ဂါရ နိမိတ်ပုံတစ်ခုဆိုပါလျှင်လည်း မှားမည်မထင်တော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

# ကျိန်စာသင့်နေသောနေရာနှင့် ကြမ္မာဆိုး

ဇမ္ဗူကျော်ဆန်စက် အခြေအနေကတော့ တဖြည်းဖြည်း နှင့် အခြေအနေ ဆိုးဝါးလာတော့သည်။

စက်လည်လိုက်တိုင်း မြေအောက်မှ လျှောင်လှုပ်သကဲ့သို့ ဖြစ်လာပြီး ဆန်စက်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်လာတတ်သည်။

ထိုကဲ့သို့ တုန်လှုပ်လာလျှင် ဆက်ပြီး ဆန်စက်လည်၍ မရတော့ပေ။

အကယ်၍ ဆက်လည်လျှင်လည်း ပစ္စည်းများ ပြုတ်ထွက်လာပြီး အတွင်းမှာ ရှိနေသူများကို အန္တရာယ်ဖြစ်တတ်လေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လူအသေအပျောက်များလည်း မကြာခဏ ဖြစ်တတ်ပေသည်။ တစ်လောကလည်း ဆန်စက်မှ အလုပ်သမားများ ညနေပိုင်း အလုပ်သိမ်းချိန်တွင် ဆန်စက်တံတားဆိပ်မှ ရေချိုးဆင်းကြရာ တစ်ယောက် ပြန်ပေါ်မလာတော့ပေ။

အတော်ကြာတော့မှ သေဆုံးသွားသူ၏အလောင်းကို ရေပြင်ပေါ်မှာ ပြန်တွေ့ကြရသည်။

ဒီအတိုင်း ပြန်တွေ့ရသည်တော့ မဟုတ်ပေ။

အလောင်းကောင်ကြီးက ရေပြင့်ပေါ်မှာ ရေကူးနေသကဲ့သို့ တစ်နေရာမှတစ်နေရာ ရွေ့လျားနေခြင်းဖြစ်သည်။ ဖြစ်ပုံကတော့ ဤသို့ဖြစ်သည်။

ညနေပိုင်း ဆန်စက်ပိတ်ချိန်တွင် တစ်နေကုန် ဖွဲများဖုန်များ ကပ်နေသော အလုပ်သမားများမှာ တစ်ကိုယ်လုံး ယားယံနေပြီဖြစ်သောကြောင့် ရေထဲသို့ အလုအယက် တိုးဆင်းကာ ရေချိုးကြလေသည်။

ထိုသို့ ရေချိုးဆင်းရာမှ ရေဆင်းတံတားပေါ်မှာ လူကြပ်နေသောအခါ အချို့က စိတ်မရှည်နိုင်ကြဘဲ တံတားထိပ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းကြသည်။

"ငါက ဒိုင်ဗင်တင်လှကွ"

"ငါက ရွှေဘကွ"

"ငါက တင်ညွန့်တဲ့ဟေ့"

ဟု ပါးစပ်မှ အော်ဟစ်ကာ ရေပြင်ပေါ်သို့ တံတားနှင့်ဝေးနိုင်သမျှဝေးအောင် ဒိုင်ဗင်ထိုးဆင်းကြသည်။





ထိုသို့ဆင်းရာတွင် ပထမဆုံး ဒိုင်ဗင်ထိုးဆင်းသွားသူမှာ ရေပြင်ပေါ်မှာ ကူးသွားသော ငါးရွေးတစ်ကောင်၏ကျောဆူးတောင်ပေါ်သို့ တည့်တည့်မတ်မတ် ကျသွားကာ ငါးဆူးတောင်အချွန်က ဝမ်းဗိုက်မှ ကျောအထိ ဖောက်ဝင်၍ သေဆုံးသွားခြင်းပင်ဖြစ်သည်။

ထိုအဖြစ်အပျက်မျိုးက ဖြစ်နိုင်သည်ဆိုသော်လည်း အတော့်ကို တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ရသည့်အဖြစ်မျိုးပင်ဖြစ်သည်။ သို့သော်လည်း ထိုအဖြစ်ဆိုးမျိုးက အခြားနေရာမှာ မဖြစ်ဘဲ ဇမ္ဗူကျော်ဆန်စက်ရှေ့မှာပင် ဖြစ်နေသည်ကတော့ အံ့သြစရာလည်းဖြစ်သည်။

ထိုကဲ့သို့ အဖြစ်ဆိုးများ မကြာခဏ ဖြစ်နေသောအခါ ဆန်စက်သို့ စပါးလာကြိတ်ဝံ့သူပင် မရှိတော့ဘဲ တဖြည်းဖြည်းနှင့် စက်ဆိပ်တွင် လှေတစ်စင်းမှ မရှိတော့သဖြင့် ဆန်စက်ပိတ်လိုက်ရလေသည်။

ယခင်က စက်သူဌေးဦးကာစင်မှာ အခြားသူများထံမှ အတိုးဖြင့် ယူထားသော ကြွေးများ ပြန်မအပ်နိုင်တော့သဖြင့် အတိုးများ တဖြည်းဖြည်း တက်လာကာ မရုန်းနိုင် မကယ်နိုင် အခြေအနေသို့ ရောက်နေတော့သည်။

သို့ကြောင့် ဇမ္ဗူကျော်ဆန်စက်ကို အခြားသူများအား ပြန်ရောင်းရန် ကြိုးစားပြန်တော့လည်း ထိုဆန်စက်နှင့် ပတ်သက်သော သတင်းဆိုးများက တစ်မြို့လုံး ပြန့်နှံ့နေသောကြောင့် ယူဝံ့သူ မရှိဘဲ ဖြစ်နေလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆန်စက်မှာတော့ တန်းလျားမှာ နေသော ဝန်ထမ်းများနှင့် ဆန်စက်ကိုယ်စားလှယ် ဂျမားတို့လင်မယားနှစ်ယောက်သာ နေကြလေသည်။

ဂျမားတို့လင်မယား နေသောအိမ်ကြီးမှာ သစ်သားများဖြင့် အခိုင်အခန့် ဆောက်ထားသော ခြေတံရှည်အိမ်မျိုးဖြစ်သည်။ ဂျမားကတော့ ညစဉ်လိုလို အရက်မူးအောင်သောက်ပြီး နေတော့သည်။

နေ့အချိန်များတွင် စက်ဝန်းထဲတွင် ဖြတ်သွားဖြတ်လာ လူအချို့ ရှိသော်လည်း ညအချိန်ရောက်လာလျှင်တော့ ထိုစက်ဝန်းအတွင်းမှ မည်သူမှ မသွားဝံ့ကြတော့သဖြင့် စက်ဝန်းတစ်ခုလုံး မည်းမှောင်ပြီး တိတ်ဆိတ်နေလေတော့သည်။ တစ်ခါတစ်ရံမှာ စံခင်ဆိုသော စိတ်မနှံ့သူတစ်ဦး ဝင်ရောက်လာပြီး ပြောချင်ရာပြော အော်ချင်ရာအော်နေတတ်သည်။

စံခင်မှာ ထိုစက်မှ အလုပ်သမားဟောင်းတစ်ဦးဖြစ်ပြီး ရေထဲ ကူးပြန်လာရာ ၎င်းနှင့် အတူသွားသော ဆာမိမှာ ကိုယ်တစ်ပိုင်းပြတ်ပြီး သေဆုံးသွားသောကြောင့် စိတ်မနှံ့သလို ဖြစ်သွားခြင်းဖြစ်သည်။

သူသည် ညအချိန် လူခြေတိတ်သောအချိန်မှာ ဆန်စက်ဝင်းထဲ တစ်ယောက်တည်း လာ၍ အော်ချင်ရာ အော်နေတတ်လေသည်။

"ဆန်စက်အောက်က မြေကွင်းထဲမှာ
ဘီလူးမျက်ပြူး ရှိနေတာဗျ. . .





အစွယ်ပြူးပြူးနဲ့ ဘီလူးကြီးဟာ
တစ်ယောက်ပြီးတစ်ယောက် စားဖို့ ပြင်နေတာ
မလိမ္မာတဲ့ ငမိုက်သားတွေ. . .
သေကြဦးတော့မလေ. . .
တို့ဗေ တို့ဗေ တို့ဗေ တို့ဗေ. . . ဂျိ ဂျိ. . . ဗေထိ"

အရှုံးစံခင်မှာ ညတိုင်းမဟုတ်ပေမယ့် တစ်ညခြားလိုလို လာရောက်အော်နေသောကြောင့် ကိုယ်စားလှယ် ဂျမားမှာ စိတ်မရှည်တော့သဖြင့် တစ်ညတွင် စံခင်ကို တုတ်ဖြင့် လိုက်ရိုက်ရာ ထွက်ပြေးလေတော့သည်။

ထိုသို့ပြေးရာမှာလည်း ဒီအတိုင်း ပြေးခြင်းမဟုတ်ဘဲ ပါးစပ်မှ အော်ဟစ်သွားလေတော့သည်။

"မလိမ္မာတဲ့ ငမိုက်သားတွေ
သေကြဦးတော့မလေ. . .
ငါ့ကိုရိုက်တဲ့ လူမိုက်တွေ
သေကြပါစေ သေကြပါစေ
ဘီလူးကြီးနဲ့ တွေ့ပါစေ. . ."

ဟု အော်သွားခြင်းဖြစ်သည်။

ဂျမားမှာ သူ့ကို ထိုကဲ့သို့ မခန့်လေးစား အော်ဟစ်သွားသောကြောင့် ဒေါသပိုဖြစ်ကာ မမိမချင်း လိုက်ရိုက်လေတော့သည်။

စံခင်က အော်ရင်းဟစ်ရင်းနှင့် တံတားဘက် ဆီပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျမားကလည်း လက်နှိပ်မီးတစ်ဖက်၊ တုတ်တစ်ဖက်နှင့် လိုက်သွားရာ တံတားထိပ် ရောက်နေသော စံခင်မှာ ပြေးစရာ မရှိတော့သဖြင့် ရေထဲသို့ ခုန်ချသွားလေတော့သည်။

"ဝုန်း"

ဟူသောအသံကိုသာ ကြားလိုက်ရသဖြင့် တံတားထိပ်သို့ သွားပြီး လက်နှိပ်မီးဖြင့် ထိုးကြည့်သောအခါ ရေလှိုင်းဂယက်များသာ ထနေပြီး စံခင်ကိုတော့ မတွေ့ရတော့ပေ။

ဂျမားက ဟိုဟိုဒီဒီ မီးရောင်ဖြင့် လိုက်ထိုးကြည့်တော့လည်း အစအနမျှပင် မတွေ့ရတော့ပေ။

"ဒီအရှုးသေသွားလည်း အေးတာပဲ"

ဟု ရေရွတ်ပြီး ပြန်လှည့်ရန် ပြင်လိုက်သည်နှင့် ရေဆင်းတံတားပေါ်သို့ လူတစ်ယောက် တက်လာလေသည်။ တက်လာသူမှာ တစ်ကိုယ်လုံး အဝတ်အစား မရှိဘဲ ခါးမှာ နံငယ်ပိုင်း တစ်ခုသာ ပတ်ထားသည်။

တစ်ကိုယ်လုံး မည်းနက်နေပြီး ခန္ဓာကိုယ်ကလည်း သာမန်လူများထက် ပိုမိုထွားကျိုင်းလေသည်။

မျက်နှာပေါက်ကလည်း ဘီလူးတစ်ကောင်မျက်နှာကဲ့သို့ ခက်ထန်ကြမ်းတမ်းလှပြီး ကြောက်စရာသွင်ပြင်မျိုး ရှိလေသည်။

ထိုလူက တံတားပေါ်သို့ တက်လာသောအခါ ဂျမားက အရှုးစံခင် ထင်မှတ်သဖြင့် လက်နှိပ်မီးဖြင့် လှမ်းထိုးကြည့်လိုက်သည်။ ကြောက်မက်ဖွယ်မျက်နှာကို မြင်လိုက်ရသောအခါ အနည်းငယ် လန့်သွားသည်။





လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးလိုက်စဉ် မျက်လုံးနှစ်လုံးမှာ အဖြူရောင်မပါဘဲ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီနေလေသည်။

"မင်းဘယ်သူလဲ"

ဂျမားက မေးလိုက်သောအခါ ထိုလူက ဘာမှပြန်မပြောဘဲ ခါးထောက်လျက် မျက်ထောက်နီကြီးဖြင့် စိုက်ကြည့်နေသည်။

"မင်း ဘယ်က လာတာလဲ"

"ငါက ဒီမှာပဲ နေတာပဲ"

"အခု ဘာလာလုပ်တာလဲ"

"မင်းတို့ကို သတ်မလို့လာတာ"

"ဟင်. . ."

ထိုစကားကြောင့် ဂျမားမှာ ထိတ်လန့်ကြောက်ရွံ့လာသောကြောင့် ထိုနေရာမှာ ဆက်မနေဝံ့တော့သဖြင့် ၎င်းအိမ်သို့ ပြန်ပြေးသွားလေတော့သည်။

အတော်ဝေးဝေးနေရာရောက်မှ နောက်သို့ ပြန်လှည့်ကြည့်သောအခါ လူမည်းကြီးက နောက်မှ လိုက်လာလေသည်။ ဂျမားသည် အိမ်ပေါ်သို့ အလျင်အမြန် ပြန်ပြေးတက်ကာ တံခါးကို အလျင်အမြန် ပိတ်ထားလိုက်လေသည်။

သူ့အခြေအနေကို ကြည့်ပြီး မိန်းမဖြစ်သူက မေးသည်။

"ကိုဂျမား. . . ရှင်ဘာဖြစ်လာတာလဲ"

"ငါ့နောက်ကို လူမည်းကြီးတစ်ယောက် လိုက်လာလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ"

"ဟိုအပြင်ဘက်မှာ"

မိန်းမလုပ်သူက ပြတင်းတံခါး ဖွင့်လိုက်သည်။

၎င်းတို့ နေသောအိမ်မှာ ခြေတံရှည်အိမ်ဖြစ်သဖြင့် အပေါ်ထပ်က အတော်ကလေး မြင့်သည်။

မိန်းမက အောက်သို့ ငုံ့ကြည့်လိုက်သောအခါ အပေါ်ထပ် ပြတင်းပေါက်အနီးမှာပင် ရောက်နေသော မျက်နှာမည်းကြီးကို တွေ့လိုက်ရသည်။

"အမယ်လေးတော့. . ."

ထိုကဲ့သို့ အော်ဟစ်ပြီး တံခါးပေါက်ပင် ပြန်မပိတ်နိုင်တော့ဘဲ နောက်ဘက်သို့ ပြန်ပြေးလေသည်။

လင်မယားနှစ်ယောက်စလုံး ဘယ်လိုလုပ်ရမှန်း မသိတော့ဘဲ အကြောက်ကြီး ကြောက်နေကြသည်။

ဆန်စက်ပိတ်ထားသောကြောင့် အနီးပတ်ဝန်းကျင်မှာ အလုပ်သမားများက မရှိသောကြောင့် အကူအညီတောင်း၍လည်း မရတော့ပေ။

အတန်ကြာသောအခါ အောက်ဘက်မှ အိမ်တိုင်များကို ကိုင်လှုပ်နေသောကြောင့် တစ်အိမ်လုံး သွက်သွက်ခါအောင် လှုပ်ယမ်းနေတော့သည်။

အိမ်တိုင်ကို ကိုင်လှုပ်လိုက်၊ အိမ်နံရံများကို တဗုန်းဗုန်းနှင့် ပုတ်လိုက်နှင့် ဆူညံနေပြီး အတန်ကြာတော့မှ ရပ်သွားလေတော့သည်။

☺ အောင်မြင်စာပေ ☺



ဂျမားတို့ လင်မယားနှစ်ယောက်စလုံးမှာ တုတ်တုတ်မျှ မလှုပ်ဝံ့အောင် ကြောက်ရွံ့နေကြရာမှ ရုတ်တရက် အသံများ ငြိမ်သွားသောအခါမှ စိတ်သက်သာရာ ရသွားကြသည်။

"ဘယ်လိုလုပ်ကြမလဲ"

"အခုမှ အိမ်ငအောက်ဆင်းပြေးရင် သူနဲ့ တိုးနေမှာပေါ့"

"ပတ်ဝန်းကျင်ကို အော်ပြီး အကူအညီတောင်းကြည့်ရရင် မကောင်းဘူးလား"

"ဒီနားတစ်ဝိုက်မှာ နေတဲ့လူမှ မရှိတာ ဘယ်ရမှာလဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"မိုးလင်းတဲ့အထိ အိမ်ပေါ်မှာပဲ နေကြရမှာပဲ၊ မနက်လင်းတော့မှ ဟိုဘက်ကမ်း ပြေးကြမှဖြစ်မယ်"

လင်မယားနှစ်ယောက် အချင်းချင်း ပြောနေကြစဉ်လှေခါးမှ တဒုန်းဒုန်းနှင့် တက်လာသော ခြေသံကြီးကို အတိုင်းသား ကြားရပြန်လေသည်။

ထိုသို့ တဒုန်းဒုန်းနှင့် တက်လာသောခြေသံကြောင့် ခြေတံရှည်အိမ်မှာ တစ်အိမ်လုံး သွက်သွက်လှုပ်ယမ်းနေတော့သည်။ ဂျမားတို့နှစ်ယောက်မှာ နေစရာမရှိအောင် ကြောက်လန့်နေကြသော်လည်း ပြေးစရာလည်း နေရာမရှိတော့ပေ။ အတန်ကြာသောအခါ ပိတ်ထားသောတံခါးကို တဒုန်းဒုန်းနှင့် ထုရိုက်နေသောအသံကို ကြားရသည်။

"ဒုန်း. . . ဒုန်း. . . ဒုန်း"

"ဒုန်း. . . ဒုန်း. . . ဒုန်း"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

"ကိုဂျမား. . ကိုဂျမား. . လုပ်ပါဦး၊ ဟိုမှာ တံခါးလာထုနေပြီ"

မိန်းမလုပ်သူက ကြောက်လန့်တကြား ပြောနေသော်လည်း နောက်ဘက်အပေါက်မှ ဆင်းစရာလှေကားလည်း မရှိပေ။ အတန်ကြာသောအခါ ပိတ်ထားသောတံခါးချပ်မှာ တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သကဲ့သို့ ဝုန်းကနဲ ပွင့်သွားလေတော့သည်။

ကြောက်ကြောက်လန့်လန့်နှင့် လင်မယားနှစ်ယောက်က အပေါက်ဝသို့ လှမ်းကြည့်လိုက်သောအခါ မည်းမည်းကြီးက အပေါက်ဝမှာ ရပ်နေသည်ကို တွေ့ရသည်။

အတန်ကြာတော့ အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်လာလေသည်။

ထိုအခါ ဂျမားတို့လင်မယားနှစ်ယောက်မှာ ကြောက်ကြောက်လန့်လန့်နှင့် နောက်သို့ ခုန်ချကြလေတော့သည်။

ထိုအနောက်ဘက်မှာတော့ လတာပြင်ပေါ်မှာ အုတ်ကျိုးအပိုင်းများ ပုံထားရာ ထိုအုတ်ပုံပေါ်သို့ ကျသွားကြလေသည်။

"ဝုန်း"

"အား. . ."

နောက်ပိုင်းမှာတော့ ဆူဆူညံညံအသံများ မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် ထိုအနီးမှ ဖြတ်





သွားသော အလုပ်သမားအချို့က အုတ်ကျိုးပုံများပေါ်မှာ ဇက်ကျိုး သေဆုံးနေသော ဂျမားတို့လင်မယားကို တွေ့ကြရလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီးနောက် ဇမ္ဗူကျော် ဆန်စက်ခန်းအတွင်း ကမ်းစပ်နှင့် မနီးမဝေးမှာ ရှိသော ဆန်စက်ကိုယ်စားလှယ် ဂျမားတို့ နေသောအိမ်ကြီးမှာ သရဲခြောက်သည်ဟု သတင်းထွက်လာလေတော့သည်။

ညအချိန်ရောက်သောအခါ လူမရှိသောအိမ်ကြီးပေါ်တွင် လှုပ်ရှားသွားလာနေသော လူရိပ်များ တွေ့ရခြင်း၊ စကားပြောသံများ ကြားရခြင်း။

တစ်ခါတစ်ရံလည်း တံခါးနှင့် နံရံများကို တဗုန်းဗုန်း တဒိုင်းဒိုင်းဖြင့် ထုနေသောအသံများ ကြားကြရသည်။

တစ်ခါတစ်လေလည်း 'ကယ်ပါ ယူပါ' ဟူ၍ စူးစူးဝါးဝါး အော်ဟစ်သံများ ကြားကြရလေသည်။

နောက်ပိုင်းမှာတော့ နေဝင်ရီတရောအချိန်ရောက်လာလျှင် ထိုဆန်စက်ဝန်းအတွင်းမှ မည်သူမျှ ဖြတ်သွားဖြတ်လာ မလုပ်ဝံ့ကြတော့ပေ။

အချို့လည်း အရဲစွန့်ပြီး အဖော်အပေါင်းများနှင့် သွားကြရာ ထိုနေရာရောက်သည်နှင့် တစ်ခုမဟုတ်တစ်ခု ကြောက်စရာကောင်းသောမြင်ကွင်းများနှင့် တွေ့ရပြီးနောက် သေပြေးရှင်ပြေး ထွက်ပြေးကြရလေသည်။

တစ်ခါကလည်း ရွာလမ်းပေါ်မှ ဖြတ်မသွားဝံ့သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ချောင်းကမ်းနံဘေးမှ လှေဖြင့် သွားကြသူများမှာ ဆန်စက်ဆိပ်နား ရောက်တော့ မကြည့်ဘဲ မနေနိုင်ကြသဖြင့် လှေပေါ်မှ လှမ်းကြည့်ကြလေသည်။

ဆန်စက်ဝန်းတစ်ခုလုံးမှာ မီးရောင်မရှိသောကြောင့် မှောင်မည်းနေလေရာ အမှောင်ရိပ်ထဲမှာ လှမ်းမြင်ရသော ဆန်စက်ကြီးမှာ အမှောင်ထဲတွင် မကောင်းဆိုးဝါးကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသည်နှင့်ပင် တူနေတော့သည်။ သူတို့ ကြည့်နေသောအချိန်မှာ တဝေါဝေါနှင့် အသံကြီး ပေါ်လာပြီးနောက် စောစောက ငြိမ်သက်နေသော ဆန်စက်ကြီးမှာ လှုပ်ရှားလာလေတော့သည်။

"ဝေါ. . . ဝေါ. . . ဝေါ"

သူတို့ လှမ်းကြည့်နေသောအချိန်မှာ ဆန်စက်ကြီး၏ ပုံသဏ္ဌာန်မှာ ငြိမ်သက်နေသော မကောင်းဆိုးဝါးကြီး ထလာသည်နှင့် သဏ္ဌာန်တူလေတော့သည်။

သို့ကြောင့် လှေဖြင့် သွားသူများမှာ ထိုနေရာမှ တစ်ချိုးတည်း ထွက်ပြေးကြရလေတော့သည်။





## အခန်း(၁၁)

# ဖရုန်းဖြွစင်မှ အစောင့်ဖေလော

ညအမှောင်ထုများက ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဖုံးလွှမ်းထားလေသည်။

လရောင်မရှိသောကြောင့် မှောင်နေသောညတွင် သစ်ပင်ရိပ်များ ဖုံးနေသော ကျောင်းဝန်းအတွင်းမှာ ပို၍မှောင်မည်းနေသယောင်ရှိလေသည်။

တုံးလုံချောင်းကျောင်းမှာ ရှေးကတည်းက ရှိခဲ့သော ဘုန်းကြီးကျောင်းဖြစ်ပြီး မူလကျောင်းထိုင်ခဲ့သော ဘုန်းကြီးမှာ ဦးသောမ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ဘုန်းကြီးကျောင်း၌ ကပ္ပိယလုပ်နေသူမှာ ဦးတာတေဆိုသူဖြစ်ပြီး များစွာအရုပ်ဆိုးသူဖြစ်လေသည်။ ဦးတာတေ ရှိစဉ်က ရွာထဲမှ တော်ရုံကလေးများ ကျောင်းဝင်းအတွင်းသို့ မလာဝံ့ကြပေ။

ထိုအချိန်က သိုက်သမိုင်းဇာတ်ကား၊ စုန်းကဝေ သရဲတစ္ဆေ ဇာတ်ကားများတွင် သရဲအဖြစ် သရုပ်ဆောင်ပေးသော ဦးတာတေ(တာတေကြီး)ကြီးက ခေတ်စားနေသောအချိန်လည်းဖြစ်၊ ကလေးများသာမက လူကြီးများကပါ တာတေကြီး ပါသော ဇာတ်ကားများကို ကြောက်ရွံ့ကြသည်။ ထိုကဲ့သို့ပင် တာတေကြီးနှင့် နာမည်ရော ရုပ်ပါ တူသည့် ကပ္ပိယကြီးဦးတာတေ ရှိသော ဘုန်းကြီးကျောင်းဝန်းအတွင်းသို့ ကလေးများ မလာဝံ့ကြပေ။

ကျောင်းဝန်းထဲတွင် သရက်ပင်၊ သပြေပင်ကြီးများ ရှိရာ မိုးဦးကျရာသီ ရောက်သည်နှင့် အပင်အောက်တွင် သရက်သီးအကြွေ၊ သပြေသီးမှည့်အကြွေများ ဖွေးနေတတ်သည်။ လမ်းသွားလမ်းလာ လူကြီးအချို့က ကပ္ပိယကြီးထံမှာ ခွင့်တောင်းပြီး ဝင်ကောက်သွားကြသော်လည်း ကလေးများကတော့ ဦးတာတေကို ကြောက်ရွံ့ကြသဖြင့် မလာဝံ့ကြပေ။

ကာလကြာ၍ ပထမဘုန်းကြီး ပျံလွန်တော်မူသွားသောအခါ ဦးပညာဆိုသော ဘုန်းကြီးက လာရောက် ကျောင်းထိုင်သည်။ ဦးတာတေကြီးလည်း မရှိတော့သဖြင့် နောက်ထပ် ကပ္ပိယကြီးတစ်ယောက်လည်း ရောက်လာသည်။

ဦးဇန်ကောင်းသည် အဂ္ဂိရတ် ထိုးခြင်းကို ဝါသနာပါပြီး





ဆေးဝါးဖော်စပ်ခြင်းလည်း ပြုလုပ်သည်။

ပထမ ကျောင်းထိုင်ဆရာတော်ကြီး ဦးသောမ ရှိစဉ်က ထိုနေရာတစ်ဝိုက်မှာ ရှိသော ဥစ္စာစောင့်များနှင့် ပတ်သက်ပြီး အဖြစ်အပျက်အချို့ ရှိခဲ့ဖူးသည်။

ကျောင်းဝန်းအတွင်းရှိ ပိတောက်ပင်ကြီးအောက်မှ ဥစ္စာစောင့်မတစ်ယောက် ထွက်လာပြီး ဘုရားတည်လျှင် အသုံးပြုရန်အတွက် ရွှေဒင်္ဂါး ငွေဒင်္ဂါးအချို့ လှူထားခဲ့ရုံမက ဘုန်းကြီးအတွက်လည်း ဆွမ်းကွမ်းဝေယျာဝစ္စများ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးခဲ့လေသည်။

ထိုအတူ ဥစ္စာသိုက်ကို သိုက်တူးဆရာများ လာရောက်အန္တရာယ်ပြုသောအခါ ကပ္ပိယတာတေကြီးက သိုက်စောင့်သရဲအယောင်ဆောင်ပြီး သိုက်ဆရာများကို လိုက်လံရိုက်ပုတ်သောကြောင့် ပြေးကြရသော အဖြစ်အပျက်များ ရှိခဲ့လေသည်။

ခေတ်ကာလ အချိန်အခါ မကောင်းသောကြောင့် ဘုန်းကြီး ဦးသောမ လက်ထက်မှာတော့ စေတီမတည်ဖြစ်ခဲ့ပေ။ ဘုန်းကြီး ဦးသောမက သိုက်စောင့်များ လှူဒါန်းထားခဲ့သော ရွှေငွေများကို ကျောင်းတစ်နေရာတွင် 'ဘုရားတည်ရန် လှူထားသောငွေများ' ဟု ရေး၍ လျှို့ဝှက်စွာ သိမ်းထားခဲ့လေသည်။

နောက်ပိုင်း ဦးပညာလက်ထက် ရောက်သောအခါမှာလည်း ဘုရားတည်ခြင်းအလုပ်ကို မလုပ်နိုင်သေးပေ။

ဦးပညာက တရားအားထုတ်ခြင်းကိုသာ စူးစူးစိုက်စိုက်ပြုလုပ်သောပုဂ္ဂိုလ်ဖြစ်သောကြောင့် ကျန်ကိစ္စများကို ပြုလုပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

မရှိလှပေ။

အခြားကိစ္စများ ဆောင်ရွက်ရမည်ဆိုလျှင် ကပ္ပိယကြီး ဦးဖန်ကောင်းကိုသာ လွှဲထားပြီး ဦးဖန်ကောင်းကသာ တာဝန်ယူ၍ လုပ်ရလေသည်။

ဦးပညာကတော့ အခြားဆောင်ရွက်စရာကိစ္စများ မရှိလျှင် ကျက်သရေအခန်းတွင်း ဝင်ပြီး တရားထိုင်နေလေ့ ရှိသည်။ တစ်နေ့သ၌ ကျောင်းဝန်းအတွင်းမှာ စင်္ကြံလျှောက်နေစဉ် ကမ်းစပ်နှင့် မနီးမဝေး ပိတောက်ပင်ကြီးအောက် ရောက်သောအခါ အမျိုးသမီးတစ်ယောက် ထွက်လာပြီး မြေပေါ်မှာ ထိုင်ကာ ဘုန်းကြီးကို ကန်တော့သည်။

"ဘယ်က လာတာလဲ"

"တပည့်တော်မက ဒီနေရာမှာပဲ နေတာပါဘုရား"

ဘုန်းကြီးက ယခင်က အကြောင်းများကို သတင်းကြားထားပြီးဖြစ်သောကြောင့် သဘောပေါက်သွားလေသည်။

"အခု ဘာကိစ္စနဲ့ လာတာလဲ"

"တပည့်တော်မ ဘုရားတည်ဖို့ ဝတ္ထုငွေ လှူထားပါတယ်ဘုရား၊ ဒီပိတောက်ပင်ကြီးနဲ့ မနီးမဝေးနေရာမှာ စေတီတစ်ဆူ တည်ပေးပါဘုရား"

ထိုစကားကြားသောအခါ ဘုန်းကြီးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဘုန်းကြီးက ဘုရားတည်တဲ့ကိစ္စမျိုး ဆောင်ရွက်ပေးဖို့ မသင့်ပါဘူး၊ ဒါပေမယ့် ဒကာမတို့ရဲ့ဆန္ဒပြည့်ဝအောင် ဆောင်





ရွက်ပေးနိုင်တဲ့လူတစ်ယောက်တော့ ရှိပါတယ်၊ ကျောင်းဝန်းထဲမှာ နေတဲ့ ကပ္ပိယကြီး ဦးဖန်ကာင်းကိုသာ ပြောပြပါ၊ သူ ဆောင်ရွက်ပေးပါလိမ့်မယ်"

ထိုအခါ မိန်းကလေးက လျှောက်ထားသည်။

"ကပ္ပိယကြီး ရှိတဲ့နေရာကို သွားလို့မရပါဘူးဘုရား"

"ဘာကြောင့် မရတာလဲ၊ သူက မလာနဲ့လို့ ပြောထားလို့လား"

"သူက မပြောပေမယ့် သူ့မှာ ရှိတဲ့ ဆေးဝါးပစ္စည်းတွေ၊ သိဒ္ဓိရှိတဲ့အင်းချပ်တွေကြောင့် တပည့်တော်မတို့လို ပရလောကသားတွေက အနားသွားလို့မရပါဘူးဘုရား"

ဟု လျှောက်ထားလေသည်။

ထိုကဲ့သို့ လျှောက်ထားသောအခါမှ ဘုန်းကြီးက သဘောပေါက်သွားလေသည်။

"ဒီလိုဆိုရင် ကပ္ပိယကြီးကို ဘုန်းကြီးက ပြောထားပေးပါ့မယ်၊ ဒကာမလေးတို့ လုပ်ပေးစေချင်တာတွေ ရှိရင် သူ့ကိုသာ ပြောပါ၊ သူလုပ်ပေးနိုင်တာတွေရှိရင် လုပ်ပေးပါလိမ့်မယ်"

ထိုကဲ့သို့ ပြောတော့မှ အမျိုးသမီးလည်း ဘုန်းကြီးကို ကန်တော့ပြီး ပြန်သွားလေတော့သည်။

သူမသည် ထွက်လာစဉ်ကလည်း ပိတောက်ပင်ကြီးနောက်မှ ထွက်လာပြီး ပြန်ဝင်သွားတော့လည်း ပိတောက်ပင်ကြီးနောက်ကို ပြန်ဝင်သွားခြင်းဖြစ်သည်။

တစ်နေ့သ၌ ဆွမ်းစားပြီးချိန်တွင် ကပ္ပိယကြီးဦးဖန်


www.burmeseclassic.com

www.burmeseclassic.com



ကောင်းနှင့် တွေ့သောအခါ ဘုန်းကြီးက အကျိုးအကြောင်း ပြောပြလိုက်သည်။

"စိတ်ချပါဘုရား. . . သူတို့ အကူအညီ လိုလာရင် တပည့်တော် တတ်နိုင်သမျှ အကူအညီပေးလိုက်ပါ့မယ်"

ဟု လျှောက်ထားလိုက်သည်။

နောက်တစ်နေ့မှာတော့ ပရလောကသားများ အနီး မကပ်နိုင်စေသော ဆေးနှင့်အင်းချပ်များကို သင့်တော်သော နေရာသို့ ဖယ်ထားလိုက်သည်။

တစ်ညမှာတော့ ကျောင်းနှင့် မနီးမဝေးမှာ ရှိသော သစ်ပင်ကြီးတစ်ပင်အောက်မှာ ပုတီးစိပ်နေပြီး အမျှအတမ်းဝေပေး နေစဉ် မြေကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားလောက်အောင် မြည်ဟည်းသံကြီး ကြားလိုက်ရသည်။

သူရောက်နေသောနေရာမှာ မြစ်ကမ်းနှင့် မဝေးလှသောကြောင့် ထိုနေရာတစ်ဝိုက်မှာ ရှိကြသော သစ်ပင်နှင့်ကိုင်းတောများပင် လေတိုးလိုက်သကဲ့သို့ တဝေါဝေါနှင့် လှုပ်ရှားသွားလေသည်။

ဦးဇန်ကောင်းအနေနှင့် တုံးလုံချောင်းကျောင်းသို့ ရောက်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သောကြောင့် ထိုကဲ့သို့ အသံမျိုးနှင့် ထိုကဲ့သို့ တုန်လှုပ်မှုများကို မကြာခဏ တွေ့ကြုံခဲ့ဖူးလေပြီ။

သို့သော်လည်း ယခုတစ်ကြိမ်လောက် ပြင်းပြင်းထန်ထန် တုန်လှုပ်မှုများကိုတော့ မကြုံခဲ့ဖူးသေးပေ။





ဒီတစ်ကြိမ် တုန်လှုပ်မှုကတော့ အတော့်ကို အသံကျယ် လောင်လှပေသည်။

ဦးဇန်ကောင်းက ထိုနေရာမှာ ဆက်ထိုင်မြဲ ထိုင်နေစဉ် နှာခေါင်းထဲသို့ ငါးညှီနံ့ကြီးတစ်ခုက စူးစူးဝါးဝါး တိုးဝင်လာသည်။

မြစ်ကမ်းနှင့် နီးသောကြောင့် ငါးညှီနံ့ ရသည်တတော့ အဆန်းမဟုတ်ပေ။

သို့သော်လည်း ဒီတစ်ကြိမ်ကတော့ အတော်ကလေး စူးစူးဝါးဝါး အနံ့ရခြင်းဖြစ်သည်။

အတန်ကြာသောအခါ ကမ်းစပ်ဘက်မှာ ရှိသော ကိုင်းတောများ လှုပ်လာသည်ကို မသဲမကွဲ လှမ်းမြင်ရသည်။

အနည်းငယ် ထူးခြားသောကြောင့် လှမ်းကြည့်နေစဉ်မှာ ကိုင်းတောအတွင်းမှ လူတစ်ယောက် ထွက်လာသည်။

အရပ်မြင့်မြင့် ဇလကောင်းကောင်းနှင့် ပုဆိုးခါးတောင်းကျိုက်ထားသည်။

၎င်းက ဦးဇန်ကောင်းရှိရာသို့ လျှောက်လာသည်။

အမှောင်ထဲမှာပင် ဖြစ်စေကာမူ ၎င်း၏ပုံသဏ္ဌာန်ကို အတိုင်းသား မြင်နေရသည်။

မနီးမဝေးနေရာရောက်လာတော့မှ ထိုလူ၏မျက်လုံးမှာ သာမန်မျက်လုံးမျိုး မဟုတ်ဘဲ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီနေသည်ကို သတိပြုမိသည်။

ဦးဇန်ကောင်းသည် သိဒ္ဓိပေါက်လမ်းစဉ်ကို လိုက်စားနေသူဖြစ်ရာ ပရလောကသားများနှင့် သိပ်မစိမ်းလှပေ။



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိပေါက်လမ်းစဉ်ကို လေ့လာလိုက်စားနေသူများမှာ အဟန့်အတား၊ အနှောင့်အယှက်များကို ကျော်ဖြတ်ရသည့် အထဲတွင် ပရလောကသားများလည်း ပါဝင်လေသည်။

၎င်းအနေနှင့် သမာဓိ စမ်းလိုသည့်အတွက်သော်လည်းကောင်း၊ သိဒ္ဓိပညာလမ်းအဆင့် ဘယ်ရွေ့ဘယ်မျှ ရောက်နေပြီကို သိလိုသောကြောင့်သော်လည်းကောင်း လာရောက်စမ်းသပ်လေ့ ရှိကြလေသည်။

သိက္ခာသမာဓိ ပြည့်စုံသူများကတော့ ထိုစမ်းသပ်မှုမျိုးကို အလွယ်တကူ ကျော်သွားနိုင်ကြသော်လည်း သမာဓိ နုနယ်သူများအနေနှင့်ကတော့ အခက်အခဲ တွေ့ကြရသည်။

ဦးဗန်ကောင်းအနေနှင့်ကတော့ အတန်အသင့် အတွေ့အကြုံများနေပြီဖြစ်သောကြောင့် ထိုကဲ့သို့သော စမ်းသပ်မှုမျိုးကို ခံနိုင်ရည် ရှိနေပြီဖြစ်သည်။

ကိုင်းတောထဲမှ ထွက်လာသူမှာ တစ်ကိုယ်လုံး ရေများ ရွှဲရွှဲစိုနေပြီး အသားအရေမှာ မီးသွေးခဲပမာ မည်းနက်နေသည်။ ဦးဗန်ကောင်းက ပါးစပ်မှ ရွတ်ဆိုနေသော မေတ္တာပို့ခြင်းကို ရပ်ပြီးမေးလိုက်သည်။

"ကျုပ်နဲ့ တွေ့ရအောင် လာတာမဟုတ်လား"

"မှန်ပါတယ်"

"ကျုပ်ပို့တဲ့ မေတ္တာနဲ့ အမျှအတန်းတွေရော ရရဲ့မဟုတ်လား"

"ရပါတယ်. . . ဒီအတွက်လည်း မိတ်ဆွေကြီးကို ကျေး





ဇူးတင်ပါတယ်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြလိုက်သည်။

"အခုရော ကျုပ်အနေနဲ့ ဘာတွေ ဆောင်ရွက်ပေးစေချင်ပါသလဲ"

"အရင်ကျောင်းထိုင်ဘုန်းကြီး ရှိတုန်းက ဒီနားမှာ စေတီတစ်ဆူ တည်ပေးဖို့ အကူအညီတောင်းထားတာ ရှိပါတယ်၊ ဒါပေမယ့် မတည်ဖြစ်ခဲ့ပါဘူး၊ အခု ကျောင်းထိုင်နေတဲ့ဘုန်းကြီးကို အကူအညီတောင်းပြန်တော့ မိတ်ဆွေကြီးကို ပြောဖို့ အမိန့်ရှိပါတယ်၊ ဒါကြောင့် လာခဲ့တာပါ"

ထိုအခါမှ သဘောပေါက်သွားလေသည်။

"တလောက ဘုန်းကြီးဆီကို အမျိုးသမီးတစ်ယောက် လာပြီးလျှောက်တာ အဲဒီအကြောင်းပဲ မဟုတ်လား"

"မှန်ပါတယ်"

"အရင် ကျောင်းထိုင်ဘုန်းကြီး ဦးသောမဆီမှာ ဘုရားတည်ပေးဖို့ ရွှေငွေတွေ လှူခဲ့တဲ့ အမျိုးသမီးပဲ မဟုတ်လား"

"ဟုတ်ပါတယ်. . . သူက ရေနန်းရွှေစင်သိုက်ရဲ့ သိုက်စောင့်တစ်ဦးပါပဲ"

"ရေနန်းရွှေစင်သိုက်က ဘယ်နေရာမှာ ရှိတာလဲ"

"ဒီအောက်မှာပဲ ရှိပါတယ်"

"အခု ဇမ္ဗူကျော်ဆန်စက် တည်ထားတဲ့နေရာက ခင်များတို့နဲ့ မလွတ်မလပ်ဖြစ်နေတာလား"

"မှန်ပါတယ်. . . သူတို့စက်တည်တဲ့ ပုဏ္ဏကဘုန်းက



www.burmeseclassic.com

www.burmeseclassic.com



သိုက်ဦးစွန်းနဲ့ မလွတ်ပါဘူး၊ စက်မတည်ခင်ကတည်းက ကွင်းပိုင်ကြီးနဲ့ တားခိုင်းပါသေးတယ်၊ သူတို့က ဖွတ်တိုးခဲ့လို့ အခုလိုဖြစ်ရတာပါ"

"အခုလို ပြောပြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ မေးလက်စနဲ့ သိချင်တာလေးတွေ မေးပါရစေ"

"မေးပါ"

"ဆန်စက်က လူတွေ တစ်ယောက်ပြီးတစ်ယောက် သေကြရတာ ခင်ဗျားတို့လက်ချက်လား"

"ဟုတ်ပါတယ်"

"ဆန်စက်အောက်တည့်တည့်က ကြောက်စရာကောင်းတဲ့ အော်သံကြီး ပေါ်လာပြီး တသိမ့်သိမ့် တုန်လာအောင် လှုပ်အောင် လုပ်တာ ဘယ်လိုသတ္တဝါမျိုးလဲ၊

သိုက်စောင့်ဘီလူးလား"

"မဟုတ်ပါဘူး. . . သိုက်စောင့်ငါးပါ"

"ဟင်. . . ငါးဟုတ်လား"

ဦးဗန်ကောင်းက တအံ့တသြ မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ငါး. . . ငါးက ဘယ်လောက်ကြီးလို့လဲဟင်"

"အခု ဆန်စက်မှာ စပါးကြိတ်ဖို့ လာတဲ့ လှေသမ္ဗန်တွေထက် ပိုကြီးပါတယ်၊ ကျောရိုးဆူးတောင်က ကတ္တူလှေ ရွက်တိုင်လောက် ကြီးတယ်၊ သွားတစ်ချောင်းက ကွမ်းသီးပင်အလုံးလောက် ရှိပါတယ်၊ မျက်လုံးက ရေခပ်တဲ့အိုးလောက် ကြီးပြီး





ငါးစပ်ပေါက်က လူတစ်ယောက် မဆိုထားနဲ့ နွားတစ်ကောင်ကိုတောင် ကိုက်ပြီး မျိုနိုင်ပါတယ်"

"အလိုလေး. . . ဒီလောက်တောင် ကြီးသတဲ့လား၊ တယ်လို ငါးမျိုးကြီးပါလိမ့်"

"သိုက်စောင့် ငါးရွှေကြီးပါ. . . မြေအောက်မှာ လိုဏ်ခေါင်းကြီးတစ်ခု ရှိပါတယ်၊ ငါးကြီးနေတဲ့ ရေအောက်လိုဏ်ခေါင်းကြီးပါ၊ သူတို့ စက်တည်ထားတာက ငါးကြီးနေတဲ့ လိုဏ်ခေါင်းရဲ့အပေါ် တည့်တည့်နေရာ ဖြစ်ပါတယ်၊ အပေါ်က စက်တည်လိုက်တဲ့အခါ မြေကြီးတွေက တုန်လာပါတယ်၊ ဒီလိုအသံမျိုးကို မြေအောက်တည့်တည့်ကနေ နားထောင်ရင် အတော်ကျယ်ပါတယ်"

"မှန်ပါတယ်"

ရေပြင်ပေါ်မှာ သင်္ဘောများ ခုတ်မောင်းသွားလာသည့်အခါ ထိုစက်သံနှင့် တုန်လှုပ်မှုများကို ရေပြင်ပေါ်မှာထက် ရေအောက်မှာ ရှိသော သတ္တဝါများက ပိုမိုကြားရလေသည်။ ထို့ကြောင့် အဝေးမှ ရှောင်သွားနိုင်ကြခြင်းဖြစ်သည်။

"ဒါကြောင့် အပေါ်က စက်လည်လိုက်တာနဲ့ မြေအောက်လိုဏ်ခေါင်းအတွင်းမှာ ရှိတဲ့ သိုက်စောင့်ငါးကြီးကို လှုပ်နှိုးလိုက်သလို ဖြစ်သွားတာကြောင့် ထလူးလိုက်တဲ့အခါ မြေငလျင်လှုပ်သလိုကြီး ဖြစ်ပြီး မြေအောက်က လိုဏ်ခေါင်းသံတဲ့အော်သံကြီး ပေါ်ထွက်လာတာပါ"

ထိုသို့ ရှင်းပြတော့မှပင် ဦးဗန်ကောင်းအနေနှင့် သိချင်



www.burmeseclassic.com

www.burmeseclassic.com

သောအချက်များကို သိရလေသည်။

“ဒါတင် မကသေးပါဘူး၊ သူတို့က ကျုပ်တို့ မကြိုက်တဲ့ မသန့်ရှင်းတဲ့ကိစ္စတွေ လုပ်တဲ့အပြင် ကျုပ်တို့အတွက် ကောင်းမှုကုသိုလ် လုပ်ပြီး အမျှအတန်းဝေဖို့လည်း သတိမရကြပါဘူး၊ ဒါကြောင့် သူတို့စေတနာနဲ့သူတို့ ဖြစ်နေကြတာပါ”

“ကောင်းပါပြီ. . . အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်၊ နောက်ထပ် ဆန်စက်ကို ဆက်လုပ်ဖို့ အကြောင်းပေါ်လာခဲ့ရင်လည်း မိတ်ဆွေကြီးတို့ကို အသိပေးပြီးတော့ ခွင့်ပြုချက်ယူပြီး လုပ်ပါ့မယ်”

“ဒီလိုဆိုရင်တော့လည်း ကျုပ်တို့ဘက်က လိုက်လျောပေးနိုင်တာတွေ ရှိပါတယ်၊ ကျုပ်တို့ အကူအညီတောင်းထားတဲ့ကိစ္စကိုသာ အောင်မြင်အောင် ဆောင်ရွက်ပေးပါ”

“လုပ်ပေးပါ့မယ်လို့ ကတိပေးပါတယ်၊ အရင် ကျောင်းထိုင်ဘုန်းကြီးကို လှူထားတဲ့ရွှေငွေတွေ ဘယ်နေရာ ထားခဲ့တယ်ဆိုတာ သိပါသလား”

“သိပါတယ်. . . ကျက်သရေခန်းအတွင်းက ပေပုရပိုဒ်တွေ ထားတဲ့နေရာရဲ့အောက်မှာပါ”

“ဒီလိုသိရပြီဆိုရင် အဲ့ဒီပစ္စည်းတွေကို ယူပြီး ဘုရားတည်ဖို့ လုပ်ငန်းစပါတော့မယ်”

“အခုလို အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒီနေရာမှာ စေတီတစ်ဆူ ပေါ်ပေါက်လာရင် ကျုပ်တို့လည်း အနှောင့်အယှက် အန္တရာယ်တွေက ကင်းပြီး အေးအေး





ချမ်းချမ်း နေနိုင်တော့မှာ ဖြစ်ပါတယ်၊

ဘုရားတည်တဲ့အခါ ကုန်ကျမယ့် ရွှေငွေကိစ္စတွေလည်း မပူပါနဲ့၊ ရေနန်းရွှေစင်သိုက်ထဲမှာ တောင်ပုံရာပုံ ရှိပါတယ်၊ ကောင်းမှုကုသိုလ်အတွက်ဆိုရင် လိုသလောက် သုံးစွဲခွင့်ရှိပါတယ်”

“စိတ်အေးအေးသာ ထားပါ. . . အောင်မြင်အောင် ဆောင်ရွက်ပေးပါ့မယ်၊ ဒါထက် အခွင့်သင့်မယ်ဆိုရင်တော့ သိုက်စောင့်ငါးရွှေကြီးကိုလည်း ကြည့်ချင်ပါတယ်”

“မိတ်ဆွေကြီး ကြည့်ချင်သပဆိုရင်တော့ အပန်းမကြီးပါဘူးဗျာ. . . ကြည့်. . . ရပါတယ်၊ ကျုပ်နောက်ကသာ လိုက်ခဲ့ပါတော့”

ဟု ပြောပြီး လာလမ်းအတိုင်း ပြန်ဆင်းသွားလေရာ ဦးဝန်ကောင်းလည်း နောက်မှ လိုက်သွားလေသည်။

ကိုင်းတောအတွင်း ရောက်သောအခါ ရှေ့မှ လျှောက်သွားသော လူမည်းကြီးကို မတွေ့ရတော့ပေ။

သို့သော်လည်း မကြောက်မရွံ့ဖြင့် ဆက်လိုက်သွားရာ မြစ်ကမ်းနဖူးသို့ ရောက်သွားသည်။

ရေက ချောင်းတစ်ဝက်ခန့် တက်နေသည်။

သို့သော် ရေစီးက ခပ်မှန်မှန်လေးသာ ရှိသည်။

ထိုနေရာရောက်တော့ ကောင်းကင်မှ ဆင်းလာသော အလင်းရောင်အချို့ ရှိနေရာ ရေပြင်တစ်ဝိုက်သို့ မှုန်ဝါးဝါးဖြင့် နေရသည်။


www.burmeseclassic.com

www.burmeseclassic.com

ဦးဗန်ကောင်း ကမ်းထိပ်သို့ ရောက်သွားသောအချိန်မှာ ပင် ရေပြင်ပေါ်မှာ ရေမြှုပ်များ ထ,လာသည်။

ငြိမ်သက်နေရာမှ ဝဲကတော့ကြီး ထလာသည်။

ကြည့်နေရင်းမှာပင် ရေပြင်ပေါ်သို့ ငါးတစ်ကောင်ေ ကြီးမားရှည်လျားသော ဆူးတောင်ကြီးက တဖြည်းဖြည်းနှင့် ပေါ် လာသည်။

ဆူးတောင်အနောက်မှာ ကပ်နေသော ရေယက်ကြီး များက ခနိုကိုင်းကြီးတမျှ ကြီးမားလေသည်။

ကျောရိုးဆူးတောင်ကြီး တဖြည်းဖြည်းနှင့် ပေါ်လာပြီ အတန်ကြာသောအခါမှ ရေပြင်ပေါ်မှာ ငါးကြီးတစ်ကောင်ေ ကျောရိုးကြီး တဖြည်းဖြည်း ပေါ်လာသည်။

ထိုကျောရိုးကြီးမှာ ကြီးမားရှည်လျားလှသောကြော ရေငုပ်သင်္ဘောကြီးတစ်စင်း တဖြည်းဖြည်း ပေါ်လာသည်န တူလှပေသည်။

ဦးခေါင်းမှ အမြီးတိုင်အောင် အတောင်နှစ်ဆယ်ေ ရှည်လျားလေသည်။

မျက်လုံးကြီးနှစ်လုံးမှာ တစ်လုံးလျှင် သောက်ရေ ပမာဏ အရွယ်အစား ကြီးမားပြီး ဟင်္သာပြဒါးကဲ့သို့ နီရဲနေေ သည်။ နှုတ်ခမ်းမွေး တစ်ချောင်းတစ်ချောင်းကပင် ကျုရိုး လောက် ရှည်လျားလေသည်။

ငါးကြီးမှာ စောစောက ညော့သည်ကြီး ပြောသွားတ ထက်ပင် ပိုကြီးနေသည်။





ဦးဗန်ကောင်းက သူ့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသော ငါးရွှေးကြီးက ရေပြင်ပေါ်မှာ ရေငုပ်သင်္ဘောကြီး ရပ်ထားသကဲ့သို့ ငြိမ်သက်စွာရှိနေလေသည်။

ထိုသို့ ငြိမ်နေရာမှ ရေပေါ်သို့ ကိုယ်လုံးတစ်ဝက်လောက် ပေါ်အောင် ဖော်ပြပြီးနောက် ရေအောက်သို့ တဖြည်းဖြည်းနှင့် ပြန်မြုပ်သွားလေတော့သည်။

ငါးရွှေးကြီး ပြန်ငုတ်သွားသောအခါ ရေပြင်ပေါ်မှာ ရေမြှုပ်များနှင့် ဝဲကတော့များ ကျန်ခဲ့လေသည်။

ထိုအခါမှ ကွပ်ပျစ်ပေါ်မှာ မှေးကနဲ အိပ်ပျော်သွားသော ဦးဗန်ကောင်းမှာ ပြန်နိုးလာလေသည်။

သူသည် အိပ်ပျော်နေရာမှ နိုးလာသောအချိန်မှာပင် ထူးဆန်းသောအိပ်မက်အကြောင်းကို ပြန်လည်တွေးတောနေသည်။ ထိုအချိန်မှာပင် ထူးထူးခြားခြား ငါးညှီနံ့များ ရှိနေသေးသည်ကို သတိပြုမိလေသည်။

စောစောက မြင်လိုက်ရသောအကြောင်းများမှာ အိပ်မက်,မက်နေတာလား။

တကယ်ပဲ မြင်လိုက်ရတာလားဆိုတာတော့ သူကိုယ်တိုင် မဝေခွဲတတ်တော့ပေ။


www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁၂)

# အညတြဘဝမှ ဆန်စက်ပိုင်ရှင်ဘဝ ရောက်ရခြင်း

ညက တွေ့ရသော အဖြစ်အပျက်များမှာ တကယ်တွေ့ခဲ့ရသည်ပင်ဖြစ်စေ၊ အိပ်မက်,မက်ပြီး တွေ့ရသည်ပဲဖြစ်စေ ဦးဗန်ကောင်းစိတ်ထဲမှာတော့ တကယ်ဟုပင် ထင်မှတ်နေလေသည်။

မိမိအား ပရလောကသားများက အာရုံချင်း ဆက်သွယ်ပြီး ၎င်းတို့ ပြုလုပ်ပေးစေချင်သော အကြောင်းအရာများကို လာရောက်အသိပေးသည်ဟုပင် ထင်မိလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းမှာ ကျောင်းထိုင်ဘုန်းကြီး


www.burmeseclassic.com

www.burmeseclassic.com

အား ညက မြင်တွေ့ရသော အကြောင်းအရာများကို လျှောက်ထားသောအခါ ဘုန်းကြီးက ဘာမှပြန်မပြောဘဲ ခတ်မဆိတ်နေလေသည်။

ထို့နောက် ဘုန်းကြီးထံ ခွင့်ပန်ပြီး ကျက်သရေခန်းအတွင်းမှ ပေပုရပိုဒ်များ အထပ်လိုက် ထားသောနေရာကို ဖယ်ရှင်းကြည့်လိုက်သောအခါ ကြမ်းပြင်တစ်နေရာမှာ အံဝှက်ထဲတွင် ထည့်ထားသော သေတ္တာငယ်တစ်လုံးကို တွေ့ရလေသည်။

ထိုသေတ္တာကို ဖွင့်ကြည့်သောအခါ အတွင်း၌ ရွှေဒင်္ဂါး ငွေဒင်္ဂါးအချို့ကို တွေ့ရလေသည်။

"အင်း. . . အိပ်မက်အတိုင်းတော့ မှန်နေပြီ၊ ဒီလိုဆိုရင်တော့ သူတို့ကို ကတိပေးခဲ့တဲ့အတိုင်း ဆက်လုပ်ပေးဖို့ပဲ ကျန်တော့တယ်၊ ဒါပေမယ့် ဒီကိစ္စတွေကို ငါတစ်ယောက်တည်းနဲ့တော့ လုပ်လို့မဖြစ်ဘူး၊

ယုံကြည်စိတ်ချရတဲ့လူတွေ ရှာဦးမှဖြစ်မယ်"

ထိုသို့ စဉ်းစားမိသောအခါ တလောက တွေ့လိုက်ရသော နီမောင်ကို ချက်ချင်းသတိရလေသည်။

"ဒီလူငယ်က လူသာ ငယ်ပေမယ့် စိတ်သဘော ရိုးသားဖြူစင်ပုံရတယ်၊ သူနဲ့ တွေ့ပြီး အကူအညီတောင်းကြည့်ရင်ကောင်းမယ်"

ဟု စဉ်းစားမိသဖြင့် နီမောင် အလုပ်လုပ်သော ဇမ္ဗူကျော် ဆန်စက်သို့ သွားရောက်စုံစမ်းကြည့်သောအခါ ဆန်စက်ပိတ်ထားသောကြောင့် ၎င်းနေအိမ်သို့ ပြန်သွားကြောင်း သိရ





လေသည်။

နီမောင်သည် မော်ကျွန်းမြို့ ကမ်းနားနှင့် မဝေးလှသောနေရာမှာ နေသောကြောင့် အလွယ်တကူပင် ရှာတွေ့လေသည်။

"ဟာ. . . အဘပါလား၊ ဘယ်က လာတာလဲ"

နီမောင်က ဝမ်းသာအားရနှင့် မေးသည်။

"မင်းနဲ့ တွေ့ရအောင် တမင်လာခဲ့တာပဲ"

"ကိစ္စရှိလို့လား အဘ"

"မင်း အခု ဘာတွေလုပ်နေသလဲ"

"စက်ပိတ်ထားတော့ အလုပ်အားနေတာပေါ့"

"ဒီလိုဆိုရင် မင်းနဲ့ငါ အလုပ်တစ်ခု လုပ်ကြရအောင်"

"ဘာလုပ်ရမှာလဲ အဘ"

"ငါတို့ စေတီတစ်ဆူ တည်ကြရမယ်"

"ကောင်းတာပေါ့. . . ဘယ်နေရာမှာ တည်မှာလဲဟင်"

"ငါနေတဲ့ကျောင်းဝန်းထဲမှာပဲ တည်မှာပါ"

"အလုပ်မရှိဘဲ ဒီအတိုင်း နေရတာနဲ့စာရင် ကုသိုလ်ရတဲ့အလုပ်မျိုး လုပ်ရတော့ ပိုကောင်းတာပေါ့၊ ကျွန်တော်လိုက်ခဲ့ပါမယ်"

နီမောင်က အားတက်သရော ပြောလေသည်။

"ဒါတင် မပြီးသေးဘူး၊ နောက်ထပ်လုပ်စရာ ရှိသေးတယ်၊ မင်း ဆန်စက်ပိုင်ရှင် မဖြစ်ချင်ဘူးလား"

ထိုစကားကြားသောအခါ ဦးပန်ကောင်း နောက်ပြောနေသည် ထင်သဖြင့် နီမောင်က ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဘကလည်း. . . ကျွန်တော့်မှာ အရင်းအနှီးမှ မရှိတာ၊ ဆန်စက်ပိုင်ရှင် ဘယ်လိုဖြစ်မှာလဲ"

ဦးဗန်ကောင်းက အကျႌအောက်ပါ အကြိုးအိတ်ထဲမှာ အသင့်ထည့်ထားသော ကွမ်းယာတစ်ယာကို ယူ၍ ပါးစပ်တွင်းသို့ ထည့်လိုက်သည်။

"မင်းက လူငယ်တစ်ယောက်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုတယ်လည်း ယုံကြည်မှု နည်းသေးတာကိုး၊ လောကမှာ အရင်းအနှီးရှိမှ ဖြစ်နိုင်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အရင်းအနှီးဆိုတာ ငွေကြေးတစ်ခုတည်းတင် မဟုတ်ပါဘူး"

နီမောင်က ဦးဗန်ကောင်းကို ကြည့်နေသည်။

"လူတစ်ယောက်ဖြစ်လာတာနဲ့ သဘာဝက သူ့အတွက် အရင်းအနှီးတွေ တစ်ခါတည်း ထည့်ပေးလိုက်ပါတယ်၊ ကာယစွမ်းအား၊ ဝီရိယစွမ်းအား၊ တွေးခေါ် မျှော်မြင်နိုင်တဲ့ ဉာဏစွမ်းအား၊ ဝေဖန်ပိုင်းခြားနိုင်တဲ့စွမ်းအားတွေဟာ လူတစ်ယောက်ရဲ့ မူလပိုင်ဆိုင်ခွင့် ရထားတဲ့ စွမ်းအားတွေပဲ မဟုတ်လား"

"မှန်ပါတယ် အဘ"

"လူချင်းတူပြီး ကံချင်းမတူ၊ ကံချင်းတူတော့လည်း ဉာဏ်ချင်းမတူ၊ ဉာဏ်ချင်းတူတော့လည်း ဝီရိယချင်း မတူကြဘူး၊ ဒီတော့ ရရှိတဲ့အကျိုးချင်းလည်း ဘယ်တူပါတော့မလဲ၊ အဓိက အကျဆုံးအချက်ကတော့ ကိုယ့်မှာ ရှိတဲ့စွမ်းအားကို ထုတ်ပြီး အသုံးပြုတဲ့လူနဲ့ အသုံးမပြုတဲ့လူချင်းဟာ အကျိုးကျေးဇူး ခံစားရတာချင်းကျတော့လည်း ဘယ်တူပါတော့မလဲ"





"ဟုတ်ပါတယ်"

"ငွေကြေး အရင်းအနှီးဆိုတာ လိုအပ်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ကိုယ်ပိုင်စွမ်းအားတွေကို အရင်းအနှီးပြုဖို့က အဓိကအကျဆုံးပဲ၊ ငါတို့မြို့မှာ နာမည်ကြီးခဲ့တဲ့ သူဌေးကြီးဦးချင်းကို မင်းသိတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . သိပါတယ်"

"သူဌေးဦးချင်းက သူဌေးမဖြစ်ခင်က မင်းတို့လို ဆင်းရဲသား လူငယ်တစ်ယောက်ပဲ၊ ကိုယ်ပိုင်စွမ်းအားကို အရင်းတည်ပြီး ပထမဆုံး ကြိုးစားလုပ်ကိုင်တယ်၊

ငွေကြေးရတော့ ကိုယ်ပိုင်စွမ်းအားနဲ့ ပေါင်းပြီး ထပ်ပြီး ကြိုးစားရာကနေ တဖြည်းဖြည်းနဲ့ ကြီးပွားချမ်းသာလာပြီးတော့ မြန်မာနိုင်ငံမှာ အချမ်းသာဆုံး စာရင်းဝင် သူဌေးကြီးတစ်ယောက် ဖြစ်ခဲ့ရတယ်မဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"ဒီသာဓကကို ကြည့်ရင် သူဌေးဦးချင်းဟာ စ,စချင်း ငွေကြေးနဲ့ အရင်းတည်ခဲ့တယ် မဟုတ်ဘူးဆိုတာ သေချာတာပေါ့၊ သူ့ရဲ့ကိုယ်ပိုင်အရင်းအနှီးဖြစ်တဲ့ ဝီရိယစွမ်းအား၊ ကြိုးစားမှုစွမ်းအားတွေကို အသုံးချပြီး ကြိုးစားခဲ့လို့သာ ကြီးပွားချမ်းသာခဲ့တာပေါ့၊ အညာက ဆင်းလာတော့ ဆရာဘုန်းကြီး ပေးလိုက်တဲ့ ငွေ(၁၃)ကျပ်နဲ့ ထမင်းခြောက်ထုပ်ကလေးပဲ ပါတယ်၊

ဒါပေမယ့် တဖြည်းဖြည်းချင်း တစ်ဆင့်ချင်းနဲ့ ကြိုးစားလာလိုက်တာ နှစ်အနည်းငယ်အတွင်းမှာ ရွှေဒင်္ဂါး ငွေဒင်္ဂါးတွေ


www.burmeseclassic.com

www.burmeseclassic.com



ကို မရေမတွက်နိုင်တော့လို့ တင်းတောင်းနဲ့ ခြင်တွယ်သုံးရတဲ့ သူဌေးကြီးဘ၀ကို ရောက်ခဲ့ရတယ်”

ယခု နီမောင်တို့ နေထိုင်သော(၁၂)လမ်းထိပ်မှာ သူဌေး ဦးချင်း၊ ဒေါ်လှ၀င်းတို့ကောင်းမှုတော် မဟာ၀တ္ထုကံကျောင်းနှင့် နီးသောနေရာဖြစ်သောကြောင့် ထိုအကြောင်းများကို သိတန် သလောက် သိထားပြီးဖြစ်ပေသည်။

“အဘ ပြောတာကို ကျွန်တော် သဘောပေါက်ပါပြီ၊ ဘယ်လိုလုပ်ရမယ်ဆိုတာကိုသာ ပြောပါ”

ဦးဗန်ကောင်းက ကွမ်း၀ါးနေရာမှ ကွမ်းတံတွေးများကို ကြမ်းပေါက်မှ ထွေးချလိုက်သည်။

“တစ်ခုခု လုပ်တော့မယ်ဆိုရင် အမှီတစ်ခုတော့ လို တယ်ကွ၊ ဇမ္ဗူကျော်ဆန်စက်ကို မူလသူဌေးက မလုပ်ဝံ့တော့ဘူး မဟုတ်လား”

“မလုပ်ဝံ့တော့ပါဘူး”

“ဒီတော့ တခြားလုပ်ဝံ့တဲ့လူ ရှာရမှာပေါ့”

“အဲဒီစက်က လုပ်တဲ့လူတိုင်း သေကြတော့ ကျန်တဲ့လူ တွေက မလုပ်ဝံ့ကြဘူး၊ နောက်ပြီး ကိုယ်စားလှယ် ဂျမားတို့ နေတဲ့အိမ်ကြီးကလည်း သရဲခြောက်တာ အတော်ကြမ်းတယ်လို့ ပြောတယ်”

“ဒါတွေ အရေးမကြီးပါဘူးကွာ၊ သူ့နည်းသူဟန်နဲ့ ရှင်း လိုက်ရင် ရပါတယ်၊ ငါ့တာ၀န်သာ ထားပါ၊ ငါတို့လုပ်ရမှာက ဒီဆန်စက်ကို လုပ်ချင်တဲ့လူတစ်ယောက် ရှာရမယ်”





ဟု ပြောလာသောအခါ နီမောင်က အတန်ကြာအောင် စဉ်းစားပြီးမှ ပြောလေသည်။

“တလောကတော့ (၁၄)လမ်းဘက်မှာ နေတဲ့ ဦးဘရှင် ဆိုတဲ့လူကတော့ ဆန်စက်ကို ၀ယ်ပြီး လုပ်ချင်တယ်လို့ ပြောသံ ကြားတယ်၊ ဒါပေမယ့် သူကိုယ်တိုင်တော့ မလုပ်ဝံ့ဘူးလို့ ပြော တယ်”

“ဒီလိုဆိုရင် ငါတို့နဲ့ စပ်တူလုပ်ကြမှာပေါ့၊ သူက ငွေ အရင်းအနှီးစိုက်၊ ငါတို့က လူစိုက်ပြီး လုပ်ကြရမှာပေါ့. . . မကောင်းဘူးလား”

“အဘ ကောင်းမယ်ဆိုရင်တော့ လုပ်ပါ့မယ်”

ဟု ပြောလိုက်သည်။

ထို့နောက် (၁၄)လမ်းတွင် နေသော ဦးဘရှင်နေအိမ်သို့ သွားကြလေသည်။

ဦးဘရှင်မှာ လယ်ယာလုပ်ကိုင်ရင်းနှင့် ကြီးပွားချမ်းသာ လာသူဖြစ်ပြီး နောက်တစ်ဆင့် ဆန်စက်ထောင်ရန် စိတ်ကူးနေ သူ ဖြစ်ပေသည်။

ဦးဘရှင်တို့ နေသောအိမ်မှာ (၁၄)လမ်း အလယ်နေရာ လောက်တွင် ရှိပြီး တိုက်ခံနှစ်ထပ်အိမ်ကြီးဖြစ်သည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့ ရောက်သွားတော့ ဦးဘ ရှင် မိသားစုသုံးယောက်စလုံးက ကောင်းမွန်စွာပင် ဧည့်ခံကြ လေသည်။

ဦးဘရှင်က အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ဇနီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သူ ဒေါ်ငွေရီက (၅၀)ခန့်သာ ရှိသည်။

သမီးဖြစ်သူ ခင်ခင်လေးကတော့ အသက်(၂၀)လောက်သာ ရှိသေးသည်။

"ဘာကိစ္စများ ရှိကြလို့ပါလဲ"

"ကျွန်တော်တို့ လာတာ တခြားတော့ မဟုတ်ပါဘူး၊ ဇမ္ဗူကျော်ဆန်စက်ကို ဝယ်ပြီးလုပ်ချင်ပါတယ်၊ ကျွန်တော်တို့ချည်းလည်း မတတ်နိုင်လို့ ဦးဘရှင်နဲ့အတူ ပူးပေါင်းပြီး လုပ်ဖို့ အကြံအစည်ရှိတာနဲ့ သဘောသိရအောင် လာပြီးမေးမြန်းတာပါ"

ဟု ဦးဗန်ကောင်းကပင် ပြောပြသည်။

ထိုအခါ ဦးဘရှင်က စိတ်ဝင်စားသော အမူအယာဖြင့် ပြန်ပြောသည်။

"ကျွန်တော်လည်း ဒီဆန်စက်ကို ဆက်လုပ်ဖို့ အတော်ကလေး ဆန္ဒရှိနေပါတယ်၊ အခုလို လာပြောတာလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တစ်ခု ခက်နေတာက အဲ့ဒီဆန်စက်ကို လုပ်တဲ့လူတိုင်း အန္တရာယ်တွေအမျိုးမျိုးနဲ့ တွေ့ကြရတယ်၊ နောက်ပြီး အခြောက်အလှန့်တွေကလည်း ရှိနေတယ်လို့ သတင်းကြားရလေတော့ လုပ်လို့ဖြစ်ပါ့မလားလို့ တွေးပြီးစိတ်ပူနေမိပါတယ်"

ထိုစကားကြားသောအခါ နီမောင်ကပင် ဝင်ပြောလိုက်သည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့ဦး၊ ကျွန်တော်က အဲ့ဒီ





ဆန်စက်က မေတန်တေ တစ်ယောက်ပါ၊ အဲဒီနေရာရဲ့ အကြောင်းကို အတော်အတန် သိထားပြီးသား ဖြစ်ပါတယ်"

နီမောင်စကားကြောင့် ဦးဘရှင်သာမက ဒေါ်ငွေရီနှင့် အနီးမှာ ထိုင်နေသော သမီးဖြစ်သူ ခင်ခင်လေးကပါ တအံ့တသြ ဖြစ်သွားဟန်ရှိလေသည်။

၎င်းတို့မျက်နှာပေါ်မှာလည်း ၎င်းတို့လုပ်ချင်သောကိစ္စများကို တာဝန်ယူ လုပ်ကိုင်ပေးမည့် သူရဲကောင်းများ ပေါ်လာသကဲ့သို့ တက်ကြွမှုများဖြစ်ပေါ်နေသည်။

"ကျွန်တော် အဲ့ဒီဆန်စက် တည်စကတည်းက အလုပ်လုပ်လာတဲ့သူဆိုတော့ အဲဒီနေရာအကြောင်းကို အတော်ကလေး သိပါတယ်၊ ဖြေရှင်းနိုင်တဲ့အကြောင်းတွေလည်း ရှိပါတယ်၊ ကျွန်တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ ကျွန်တော့်အဘရဲ့ နာမည်က ဦးဗန်ကောင်းလို့ ခေါ်ပါတယ်"

"အခုလို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားတို့နဲ့ တွေ့ရတော့ ကျုပ်အတွက် ရေငတ်တုန်း ရေတွင်းထဲ ကျသလိုပါပဲ၊ အမှန်ပြောရရင်တော့ ကျုပ်အနေနဲ့လည်း ကိုယ့်မှာ ရှိတဲ့ငွေနဲ့ ဆန်စက်အသစ်မတည်နိုင်ပါဘူး၊ အခုလို သူများတည်ပြီးသား ဆန်စက်မျိုး ရမှသာ လုပ်နိုင်မှာပါ၊ အခုလို လာပြောတာကိုလည်း ကျေးဇူးတင်ပါတယ်၊ ဘယ်လိုလုပ်မယ်ဆိုတာကိုသာ ပြောပါ"

ထိုအခါ ဦးဗန်ကောင်းက ပြုလုပ်ကြမည့် အစီအစဉ်များကို အသေးစိတ် ပြောပြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်း ပြောပြသော အစီအစဉ်များက ဦးကာစင် အနေနှင့် ဂျမားတို့လင်မယား သေဆုံးသွားပြီးနောက်ပိုင်းမှာ ဆန်စက်ရှိရာ တုံးလဲချောင်းဘက်သို့ပင် မလာဝံ့တော့ပေ။ ဆန်စက် ပိတ်ထားရသည်မှာလည်း အတော်ကြာပြီဖြစ်သောကြောင့် ယူထားသောကြွေးရှင်များလည်း နားပူလှပေပြီ။

ထို့ကြောင့် ဆန်စက်ကို ရောင်းချပြီး ကြွေးများကို အမြန်ဆုံး ဆပ်ရန် ကြိုးစားသော်လည်း သတင်းဆိုးများကြောင့် မည်သူမှ ယူဝံ့မည့်သူ မရှိကြပေ။

ထိုသို့ အခက်အခဲ ကြုံနေစဉ်မှာ ဦးဘရှင်အနေနှင့် သွားရောက်ဝယ်ယူရန်ဖြစ်သည်။

ထိုသို့ဝယ်ယူပြီးပါက ဆန်စက်လည်ပတ်ရန်ကိစ္စကိုတော့ နီမောင်နှင့်ဦးဗန်ကောင်းတို့က တာဝန်ယူ လုပ်ကိုင်ကြမည်ဖြစ်ပေသည်။

ဦးဗန်ကောင်း ပြောပြသည့် အစီအစဉ်ကို ဦးဘရှင်က လည်း သဘောတူလေသည်။

"ဆန်စက်ကို ဝယ်ယူဖို့ကိစ္စကိုတော့ စိတ်အေးအေးသာ ထားပေရော့၊ အခုရက်ပိုင်းမှာပဲ အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်၊

ဦးဗန်ကောင်းတို့ဘက်ကသာ အဆင်ပြေ အောင်မြင်အောင် ဆောင်ရွက်ပေးကြပါဗျာ"

"စိတ်ချပါဗျာ. . . ဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့ ကျွန်တော်တို့တာဝန်သာ အားလုံးထားလိုက်ပါရော့"





ဟု ပြောရာ ဦးဘရှင်တို့မိသားစုများမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ဦးကာစင် ပိုင်ဆိုင်သော ဇမ္ဗူကျော်ဆန်စက်ကို ဦးဘရှင်တို့က ဝယ်ယူလိုက်လေတော့သည်။

ထိုသတင်းကြားသော မြို့သူမြို့သားအချို့မှာ များစွာ အံ့သြသွားကြလေသည်။

"အင်း. . . ဦးဘရှင်တို့များ ဘယ်လိုစိတ်ကူးပေါ်လို့ ဒီလောက်နာမည်ကြီးနေတဲ့ဆန်စက်ကို ဝယ်လိုက်ကြတာပါလိမ့်၊ ကိုယ့်ဘာသာ အေးအေးနေတာ ကောင်းရဲ့သားနဲ့၊ ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်နေတော့မှာပဲ"

"ဟုတ်ပါရဲ့ဗျာ. . . အန္တရာယ်တွေကလည်းများ၊ ဆန်စက်မှာ လုပ်တဲ့အလုပ်သမားတွေ တစ်ယောက်ပြီးတစ်ယောက် သေပြီး အခြောက်အလှန့်တွေ များတဲ့ဆန်စက်ကို ဝယ်ပုံထောက်တော့ သူ့မှာ အားကိုးရှိလို့များလား မသိဘူး"

"ရှိရင်လည်း ရှိမှာပေါ့၊ ဒါပေမယ့်ဗျာ. . . ဒီလောက်နာမည်ကြီး ဆန်စက်ကို လုပ်ကြမှာဆိုတော့ အနည်းနဲ့အများတော့ တွေ့မှာ မုချပဲ၊ ပွဲကြီးပွဲကောင်းတော့ တွေ့ကြပြီပေါ့၊ ဘယ်လိုသတင်းဆိုးတွေများ ကြားရမလဲလို့ စောင့်ကြည့်ကြရမှာပေါ့ဗျာ"

ဟု အမျိုးမျိုး ပြောဆိုဝေဖန် နေကြလေသည်။

ထိုကဲ့သို့ ပြောဆိုနေကြသော်လည်း ဦးဘရှင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ ဂရုမစိုက်တော့ပေ။

နီမောင်နှင့်ဦးဗန်ကောင်းတို့အားကိုးနှင့် ရင်းလုပ်စရာရှိသည်များကိုသာ ဆက်လုပ်လေသည်။

ဆန်စက်၏ မူလအမည်ဟောင်းကို ဖယ်ပြီး ဦးဗန်ကောင်း အသစ်ရွေးပေးသော ‘ရေနန်းရွှေစင်ဆန်စက်’ ဟူသောအမည်သစ်ကို ပေးလိုက်လေသည်။

ထို့နောက် ဆန်စက်ဝန်းအတွင်း၌ပင် မော်ကျွန်းမြို့ပေါ်မှ ဘုန်းတော်ကြီးများနှင့် တုံးလုံချောင်းကျောင်း ဘုန်းကြီးဦးပညာကိုပါ ပင့်ပြီး ပရိတ်ရွတ်ခြင်းများ၊ ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာများ ကပ်လှူပြီး ရေစက်ချ အမျှပေးဝေခြင်းများ ပြုလုပ်လေရာ ထိုအချိန်ထိတော့ ချောချောမောမောနှင့်ပင် ပြီးသွားလေသည်။

သတင်းဆိုးများ ထွက်နေသော ထိုဆန်စက်ကြီးမှာ ပရိတ်ရွတ် တရားနာခြင်းပြုလုပ်သော်လည်း မည်သည့်အန္တရာယ်အနှောင့်အယှက်မှ မတွေ့ကြရသောအကြောင်း အများက အံ့သြနေကြလေသည်။





အခန်း(၁၃)

# သေမှန်းမသိသေးသည့် ဘဝခြားနေသူများ

မမျှော်လင့်သော အခြေအနေကြောင့် သာမန်အညတြဘဝမှ နေ့ချင်းညချင်း ဆန်စက်ပိုင်ရှင်ဘဝ ရောက်သွားကြသော သူတို့နှစ်ယောက်အတွက် အခက်အခဲအချို့ကိုတော့ ကျော်ဖြတ်ကြရမည်ဖြစ်သည်။

ဆန်စက်ကို ဝယ်ယူပြီး ပြုပြင်မှုများ မပြုလုပ်ခင်မှာပင် သရဲခြောက်သည်ဟု နာမည်ကြီးနေသော ဂျမားတို့လင်မယားနေသွားသောအိမ်ကြီးမှ ပရလောကသားများကို ရှင်းလင်းဖယ်ရှားမှုများကို အရင်ပြုလုပ်ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကိစ္စကိုတော့ ဦးဗန်ကောင်းနှင့်နီမောင်တို့ နှစ်ယောက်က တာဝန်ယူဖြေရှင်းကြရမည်ဖြစ်သည်။

သို့ကြောင့် တစ်ညမှာတော့ ဦးဗန်ကောင်းက ကျောင်းသို့ ပြန်ပြီး လိုအပ်သောဆေးဝါးပစ္စည်းများကို ယူပြီးနောက် နှစ်ယောက်သား ထိုအိမ်သို့ သွားကြလေသည်။

ထိုအိမ်ကြီးမှာ ဂျမားတို့လင်မယားနှစ်ယောက် အသက်ရှိစဉ်က နောက်ဆုံးနေသွားသောအိမ်ဖြစ်သည်။

ထိုအိမ်ကြီးမှာ ဆန်စက်နှင့် မနီးမဝေး ကမ်းနှင့်နီးသောနေရာမှာ ရှိလေသည်။ ကမ်းစပ်တွင် လမုပင်များကြောင့် အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည်။

ဆန်စက်တည်ဆောက်စဉ်ကပင် စက်ပိုင် ကိုယ်စားလှယ်များ အမြဲနေရန် ဆောက်ထားသောအိမ်ဖြစ်သောကြောင့် အကျအန ဆောက်ထားသောအိမ်ဖြစ်သဖြင့် အတော်ကောင်းမွန်သောအိမ်ပင်ဖြစ်၏။

အောက်မှ ရေတက်သော လတာပြင် ရှိသောကြောင့် ရေလွတ်အောင် အုတ်တိုင်များ ခံပြီးမှ ပျဉ်းကတိုးတိုင်များ အသုံးပြုပြီး ခြေတံရှည်အိမ် ဆောက်ထားခြင်းဖြစ်ပေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ မီးခြစ်၊ လက်နှိပ်မီး၊ ရေနံဆီမီးအိမ် စသည်တို့အပါအဝင် အရေးအကြောင်းရှိလျှင် အသုံးပြုနိုင်သောပစ္စည်းများကို ယူဆောင်ပြီး နေဝင်ရီတရောအချိန်တွင် ထိုအိမ်သို့ သွားကြလေသည်။

"ဘယ်လိုလဲ နီမောင်၊ ဒီအိမ်ပေါ် ရောက်လာတော့





မင်းစိတ်ထဲမှာ တစ်မျိုးဖြစ်မသွားဘူးလား"

ဦးဗန်ကောင်းက မေးသည်။

"မကြာသေးခင်ကမှ ဂျမားတို့လင်မယားနှစ်ယောက်စလုံး အစိမ်းသေ သေသွားတဲ့နေရာလည်း ဖြစ်ပြန်၊ ဒီနေရာရောက်တဲ့လူတိုင်း သရဲအခြောက်ခံကြရတဲ့နေရာဆိုတော့လည်း စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်မိတာပေါ့"

"မင်းကြောက်တတ်သလား"

"ဟင့်အင်း . . . မကြောက်ပါဘူး"

"တစ္ဆေသရဲ ရှိတယ်ဆိုတာရော ယုံကြည်သလား၊ သရဲခြောက်တာကိုရော ခံရဖူးလား"

"ပရလောကသားတွေနဲ့ ပတ်သက်တာတွေကိုတော့ တွေ့ဖူးတာ ရှိပါတယ်"

နီမောင်က အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။

ထို့နောက် စကားတပြောပြောနှင့် လျှောက်သွားကြရာ ဆန်စက်ဝန်းကျင်ကို ကျော်၍ အိမ်ကြီးရှိရာသို့ ရောက်သွားကြသည်။ ညနေပိုင်း နေဝင်ရီတရောအချိန် ရောက်နေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းစပြုနေချေပြီ။

မီးရောင်မရှိသောကြောင့် အိမ်ကြီးပေါ်မှာလည်း မှောင်မည်းလျက်ရှိနေသည်။

လှေကားခြေရင်း ရောက်သောအခါ နီမောင်က အပေါ်သို့ မော့ကြည့်လိုက်ရာ မှန်တံခါးများ တပ်ထားသောပြတင်း


www.burmeseclassic.com

www.burmeseclassic.com

ပေါက်နေရာမှ ငုံ့ကြည့်နေသော လူမျက်နှာနှစ်ခု မသဲမကွဲ လှမ်းမြင်ရသည်။

ဦးဖန်ကောင်းကို လက်တို့ပြီး နောက်တစ်ခါ မော့ကြည့်လိုက်တော့ ထိုနေရာမှာ ဘာမှမရှိတော့ပေ။

"ငါတို့က သူတို့မဖိတ်ဘဲနဲ့ သူတို့နေတဲ့နေရာ လာကြတာဆိုတော့ ဒီကနေ့ညတော့ သူတို့နဲ့ မလွဲမသွေ တွေ့ကြရမှာပေါ့"

ဟု ပြောပြီး လှေကားမှ အပေါ်သို့ တက်သွားကြသည်။

ဦးဖန်ကောင်းက ရှေ့မှ တက်ပြီး နီမောင်က နောက်မှ လိုက်တက်သွားခြင်းဖြစ်သည်။

ပိတ်ထားသော သော့ခတ်ကို ဖွင့်ပြီး တံခါးနှစ်ချပ်ကို တွန်းဖွင့်လိုက်သောအခါ အိမ်တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်အထိ ပြေးလွှားသွားသောခြေသံများကို ကြားကြရလသည်။

နီမောင်က လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သောအခါ အခန်းတွင်းမှာ တစ်စုံတစ်ခု၏လှုပ်ရှားမှုကြောင့် ဖုန်များ ဝေ့ဝဲလှုပ်ရှားကျန်နေခဲ့သည်မှအပ အခြားတော့ ဘာမှ မတွေ့ရပေ။

အိမ်ပေါက်ဝမှ အတွင်းသို့ မဝင်မီ ဦးဖန်ကောင်းက ရွတ်ဆိုစရာရှိသည်များ ရွတ်ဆိုနေသည်။

သူသည် အမျှအတန်းပေးဝေခြင်းနှင့် မေတ္တာသုတ်၊ ရတနာသုတ် စသော ပရိတ်တရားတော်များကို ရွတ်ဖတ်နေဟန်ရှိသည်။





ထိုသို့ ရွတ်ဆိုနေစဉ်မှာ နီမောင်က အသင့်ယူလာသော ရေနံဆီမီးအိမ်ကို မီးထွန်းလိုက်ရာ အလင်းရောင် ရလာလေသည်။

ထိုသို့ မီးထွန်းလိုက်တော့မှ မီးအိမ်ကို တစ်စုံတစ်ယောက်က လက်ဖြင့်ပုတ်၍ ငြိမ်းလိုက်သကဲ့သို့ဖြစ်ကာ ငြိမ်းလုမတတ် ဖြစ်သွားသည်။ နောက်မှ ပြန်လင်းလာလေသည်။

မီးရောင်ပြန်လင်းလာတော့မှ ကြမ်းပြင်ပေါ်မှာ ထုတက်နေသော စပါးမှုန်များ ဖုန်များကို အဖွေးသား တွေ့ကြရသည်။

ထိုခြေရာများမှာ မကြာသေးခင်ကမှ ဖြတ်လျှောက်သွားခဲ့ဟန်ဖြင့် ထင်ထင်ရှားရှားပင် ရှိနေသေးသည်။

နီမောင်နှင့် ဦးဖန်ကောင်းတို့က မီးအိမ်ကို မြှောက်ကာ အိမ်အတွင်းသို့ ဝင်ခဲ့ကြသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှာ ဖွင့်ထားသောတံခါးက သူ့အလိုလို ပြန်ပိတ်သွားလေသည်။

"ကျွီ . . . ကျွီ"

နီမောင်က လှည့်ကြည့်လိုက်တော့ လူမမြင်ရသော်လည်း တံခါးချပ်များကို တစ်စုံတစ်ယောက်က သေသေချာချာ ပိတ်နေသကဲ့သို့ လှုပ်ရှားမှုမျိုး တွေ့ရသဖြင့် အံ့သြသွားသည်။

"ဒါ . . . အံ့သြစရာ မဟုတ်ပါဘူးကွာ၊ ဒီအိမ်ထဲမှာ သူတို့ ရှိနေသေးတယ်ဆိုတာ ငါတို့သိအောင် ပြတဲ့သဘောပါ၊ ဒါပေမယ့် ငါတို့ကိုတော့ အန္တရာယ်မပေးနိုင်ကြပါဘူး"

"သူတို့ သေသွားတာပဲ အတော်ကြာနေပြီ ဒီအိမ်ထဲမှာ


www.burmeseclassic.com

www.burmeseclassic.com

ရှိနေကြတုန်းပဲလား"

"ရှိမှာပေါ့ကွာ. . . သူတို့ သေပြီးတဲ့နောက်မှာ ဘယ်သူကမှ ဒီအိမ်မှာ လာပြီး ဆွမ်းသွတ်၊ တရားနာ၊ အမျှဝေပေးတာ တွေ့လို့လား၊ ဒီတော့လည်း ဒီအိမ်မှာပဲ ဆက်နေကြတာ မဆန်းပါဘူး၊ ငါ့အထင်ပြောရရင်တော့ သူတို့အတွက် ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှဝေမပေးသေးတော့ သူတို့ကိုယ်သူတို့တောင် သေပြီးပြီလို့ ထင်ကြမှာ မဟုတ်ဘူး"

ဟု ပြောပြသည်။

အိမ်အလယ်လောက် ရောက်တော့ စောစောက ကြမ်းပြင်ပေါ်မှာ ထင်နေသောခြေရာက ပျောက်သွားလေသည်။

အိမ်ခန်းအလယ်မှာတော့ စားပွဲ၊ ကုလားထိုင်၊ စာရေးစားပွဲ၊ ဘီရို အစရှိသည်တို့ သူ့နေရာနှင့်သူ ရှိနေသော်လည်း ဖုန်များက ထုတက်နေသည်။

ခေါင်းရင်းဘက်မှာ အိပ်ခန်းတစ်ခန်း ရှိပြီး ဘုရားခန်းတော့ မရှိပေ။ အနောက်ဘက်မှာ တစ်ဆင့်နိမ့်ပြီး ထမင်းဟင်းချက်ပြုတ်ရန်အဆောင်နှင့် အိမ်သာ၊ ရေချိုးရန်အခန်းများကို တွဲလျက်သား ပြုလုပ်ထားလေသည်။

အိပ်ခန်းတံခါး ဖွင့်ကြည့်သောအခါ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ ရှိသော်လည်း စနစ်တကျ ထားခြင်းမျိုး မဟုတ်ဘဲ ဖရိုဖရဲ ကျနေသည်။

နှစ်ယောက်သား မီးအိမ်နှင့် လက်နှိပ်မီးတို့ကို ကိုင်ပြီး အိမ်တစ်အိမ်လုံး လိုက်ကြည့်ပြီးမှ ဧည့်ခန်းသို့ ပြန်လာကြသည်။





စားပွဲကုလားထိုင်များပေါ်မှ ဖုန်များကို အဝတ်ဟောင်းတစ်ခုဖြင့် သုတ်ပစ်လိုက်ပြီး မီးအိမ်ကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

ထို့နောက် နှစ်ယောက်သား ကုလားထိုင်တစ်လုံးစီပေါ်မှာ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြသည်။

အချိန်က ညဦးပိုင်းအချိန်ဖြစ်နေပြီဖြစ်သောကြောင့် အိမ်အတွင်းမှာ မှောင်နေပြီဖြစ်သော်လည်း မီးအိမ်မှ အလင်းရောင်ကြောင့် အလင်းရောင် အတန်အသင့် ရနေလေသည်။

နီမောင်က လက်ထဲမှာ ကိုင်လာသော မီးအိမ်ကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

မီးရောင်က ဖုန်များ ထုတက်နေသော ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဖြာကျနေသည်။

စားပွဲနှင့်ကုလားထိုင်များမှာ ယခင် နေသွားခဲ့သူများ ထားခဲ့သည့်အတိုင်း ဖရိုဖရဲအနေအထားဖြစ်နေသည်။

စားပွဲနားမှာ ကုလားထိုင်နှစ်လုံးသာ ရှိနေပြီး စားပွဲနှင့်မနီးမဝေးနေရာမှာတော့ ကုလားထိုင်နှစ်လုံးက တစ်နေရာစီ၌ ရှိနေကြသည်။

တစ်လုံးက ပြတင်းပေါက်နားမှာ ရောက်နေသည်။

စောစောက ပြတင်းပေါက်တံခါးတစ်ချပ် ဖွင့်ထားခဲ့သောကြောင့် ထိုအပေါက်မှ လေများ တိုးဝင်နေသည်။

သို့ကြောင့် စားပွဲပေါ်မှာ တင်ထားသော ရေနံဆီမီးအိမ်က တလှုပ်လှုပ်နှင့် ဖြစ်နေရာ အတန်ကြာတော့ ဟုတ်ကနဲ ငြိမ်း


www.burmeseclassic.com

www.burmeseclassic.com

သွားလေသည်။

ရှေးအခါက သုံးသော ရေနံဆီသုံး မှန်အိမ်မျိုးမှာ လှေ၊ သမ္ဗန်၊ တံကင်း၊ သင်္ဘောများတွင် ညအခါ ချိတ်ဆွဲအသုံးပြုကြလေရာ တော်ရုံသင့်ရုံ လေတိုက်ရုံနှင့်တော့ မီးမငြိမ်းပေ။

ယခု အခန်းတွင်းမှာ လေတိုက်နေသည်က ပြင်းပြင်းထန်ထန် မဟုတ်ပါဘဲ မီးအိမ်ငြိမ်းသွားသည်ကတော့ အနည်းငယ် ထူးဆန်းလေသည်။

နီမောင်က အသင့်ပါလာသော သစ်သားမီးခြစ်ကို ထုတ်ပြီး မီးထွန်းရန် ပြင်တော့ ဦးဇန်ကောင်းက ပြောသည်။

"မထွန်းပါနဲ့တော့ကွာ. . . သူတို့က မီးရောင်ရှိနေတာ မနှစ်သက်ကြလို့ ဖြစ်မှာပါ"

ဟု ပြောသဖြင့် နီမောင်က မီးခြစ်ကို ချထားလိုက်ပြီး အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန် လက်နှိပ်မီးကို အနားသို့ ယူထားလိုက်လေသည်။

မီးရောင်ရှိနေစဉ်က မသိသာသော်လည်း မီးငြိမ်းသွားသောအခါမှ အပြင်မှာ တစွန်းတစ လင်းနေသော လရောင်က အခန်းပြတင်းပေါက်မှတဆင့် အခန်းတွင်း၌ လင်းနေသည်ကို တွေ့ရသည်။

ထိုအခိုက်မှာပင် ၎င်းတို့ရှေ့မှာ ရှိနေသော ကုလားထိုင်မှာ ကျွိကနဲ အသံမြည်သွားသဖြင့် နှစ်ယောက်သား ဖြိုင်တူကြည့်လိုက်ကြသည်။

စောစောက ခပ်စောင်းစောင်း အနေအထားမျိုး ရှိနေ





သော ကုလားထိုင်မှာ သူတို့နှင့် မျက်နှာချင်းဆိုင် အနေအထားမျိုး ရှိနေသည်ကို တွေ့ကြရသည်။

နီမောင်က မကျေနပ်သဖြင့် ကြမ်းပြင်ပေါ်သို့ လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်ရာ ဖုန်တက်နေသော ကြမ်းပြင်ပေါ်မှာ လောလောလတ်လတ် ကုလားထိုင် ရွှေ့သွားရာမှ ပေါ်လာသော အစင်းကြောင်းရာကြီးနှင့် ကုလားထိုင်အောက်၌ ခြေရာနှစ်ခု တွေ့ရသည်။

ခြေရာအနေအထားအရဆိုလျှင် ကုလားထိုင်ပေါ်မှာ လူတစ်ယောက် လာရောက်ထိုင်နေသည့်သဘောပင်ဖြစ်၏။

ထိုအခိုက်မှာပင် ပြတင်းပေါက်နားမှာ ရှိနေသော ကုလားထိုင်ကပါ လှုပ်ရှားလာလေသည်။

တကျွိကျွိနှင့် အသံမြည်လာပြီးနောက် လူမမြင်ရဘဲနှင့် တစ်စုံတစ်ယောက်က ကြိုးဖြင့် ဆွဲယူလိုက်သကဲ့သို့ ဖြစ်ကာ သူတို့အနီးသို့ ရောက်လာတော့သည်။

"ဘယ်လိုလဲ နီမောင်ရေ၊ ဒီလို လူမပါဘဲနဲ့ သူ့အလိုအလျောက် လမ်းလျှောက်နိုင်တဲ့ ကုလားထိုင်မျိုးကိုသာ ရုံသွင်းပြလိုက်ရရင်တော့ ရုံပြည့်မှာ သေအချာပဲကွ"

ဦးဇန်ကောင်းကတော့ အရေးမကြီးသော အမူအယာဖြင့် ပြောနေလေသည်။

နီမောင်အနေနဲ့ကတော့ သရဲတစ္ဆေ ခြောက်လှန့်ခြင်းမျိုးကို ကိုယ်တွေ့မကြုံဖူးသေးသောကြောင့် မကြောက်တတ်သော်လည်း ယခုကဲ့သို့ အနီးကပ် ကြုံတွေ့ရသောအခါ စိတ်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေလေသည်။

အတန်ကြာတော့ လူမပါဘဲ ရွေ့လာသော ကုလားထိုင်က ငြိမ်သက်သွားလေသည်။

ဂုဏ်၏အနေအထားမှာလည်း နီမောင်တို့ထိုင်နေရာနှင့် မျက်နှာချင်းဆိုင် အနေအထားမျိုးဖြစ်လေသည်။

အသေအချာ စူးစိုက်ကြည့်သောအခါ လွတ်နေသော ကုလားထိုင်နှစ်လုံးပေါ်မှာ ထိုင်နေသော မှုန်ဝါးဝါးသဏ္ဌာန်နှစ်ခုကို တွေ့ရသည်။

ဂုဏ်တို့ကြည့်ရသည်မှာ တည်ငြိမ်မှုမရှိဘဲ မီးခိုးငွေ့ကဲ့သို့ ခပ်ပါးပါးလေး လှုပ်ရှားနေခြင်းမျိုးဖြစ်သည်။

"မင်းတို့ ဒီအခန်းထဲမှာ ရှိနေတယ်ဆိုတာ ငါတို့ သိပါတယ်၊ ငါတို့က မင်းတို့နေတဲ့နေရာကို နှောင့်ယှက်ဖို့ လာကြတာ မဟုတ်ပါဘူး"

". . . . . . . . . ."

နီမောင်က တစ်ဖက်က ပြန်ပြောသံကို မကြားရပေ။

ဦးဇန်ကောင်းကတော့ မျက်စိမှိတ်ထားသောကြောင့် ကြားနေရဟန်ရှိသည်။

"ငါတို့ အခုလာတာ မင်းတို့ကို အကူအညီပေးရအောင် လာခဲ့တာပါ၊ တခြားတော့ မဟုတ်ဘူး၊ မင်းတို့လင်မယားနှစ်ယောက် ဘဝပြောင်းသွားကြပြီ၊ အမျှအတန်း ဝေပေးမယ့်သူ မရှိလို့ ဒီဘဝမှာပဲ ရှိနေသေးတာပါ"

". . . . . . . . . ."





"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့တော့ကွာ၊ မင်းတို့ လွတ်ရာကျွတ်ရာ သွားနိုင်ဖို့ ငါတို့ အကူအညီပေးပါမယ်၊ အခု ဒီဆန်စက်ကလည်း မင်းတို့သူဌေး ဦးကာစင် ပိုင်တဲ့စက် မဟုတ်တော့ဘူး၊ ငါတို့ ပိုင်တဲ့ဆန်စက် ဖြစ်သွားပြီ၊ ဒါကြောင့် မင်းတို့ လူတွေကို ထပ်ပြီး မနှောင့်ယှက်ပါနဲ့တော့"

". . . . . . . . . ."

"မင်းတို့က မနှောင့်ယှက်ဘဲ အကူအညီတောင်းချင်လို့ ဒီလိုလုပ်ကြတာဆိုပေမယ့် ဘဝခြားနေကြပြီဆိုတော့ လူတွေက သရဲတစ္ဆေ ခြောက်တာပဲ ထင်ကြတာပေါ့၊ ဒါထက် မေးပါရစေဦး၊ မင်းတို့လင်မယား ဘယ်သူ့ကြောင့် သေရတာလဲ"

". . . . . . . . . ."

"ဘယ်လို . . . ရေနန်းရွှေစင်သိုက်စောင့် ငါးရွေးကြီး လက်ချက်ကြောင့် သေရတယ်ဟုတ်လား၊ ငါးရွေးကြီးက လူ ယောင်ဆောင်ပြီး လာသတ်သွားလို့ သေရတယ်ဟုတ်လား၊ ဒီစကားကြားရတာ စိတ်မကောင်းပါဘူးကွာ"

". . . . . . . . . ."

"ကဲ . . . ကဲ . . . မင်းတို့လည်း ဘဝခြားနေပြီဆိုတော့ ဒီနေရာမှာ ဆက်မနေကြနဲ့တော့၊ နောက်တစ်နေ့မှာပဲ မင်းတို့ အတွက် ရည်စူးပြီးတော့ ကုသိုလ်ကောင်းမှု လုပ်ပေးမယ် . . . အမျှဝေပေးပါ့မယ်"

". . . . . . . . . ."

ဦးဇန်ကောင်းက တစ်ယောက်တည်း စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ အချီအချ ပြောနေရာမှ အတန်ကြာတော့ စကားပြောသံ ရပ်သွားပြီး စိတ်မကောင်းသော အမူအယာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ခဏကြာသောအခါ ကုလားထိုင်ပေါ်မှာ ထိုင်နေကြသော မှုန်ဝါးဝါးသဏ္ဌာန်နှစ်ခုမှာ တဖြည်းဖြည်းနှင့် ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

နီမောင်က လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ကြမ်းပြင်ပေါ်မှာ ထင်နေသော ခြေရာများကိုပင် မတွေ့ရတော့ပေ။ အပြင်ဘက်မှ တိုးဝင်လာသော လေကြောင့် အခန်းတွင်းမှာ ရှိသော ဖုန်မှုန့်ကလေးများက လွင့်နေကြသည်။

"သူတို့ ဘယ်ရောက်သွားပြီလဲ"

"သွားကြပြီလေ. . . သူတို့နဲ့ သင့်တော်တဲ့နေရာ သွားကြမှာပေါ့။ သေပြီး ကြာတာတောင် ကိုယ့်ကိုယ်ကို သေမှန်းမသိကြသေးတဲ့ ဘဝခြားနေသူတွေအတွက်ကတော့ သနားစရာလည်း ကောင်း၊ စိတ်မကောင်းစရာလည်း ကောင်းတာပေါ့ကွာ"

ဟု ပြောလိုက်လေသည်။

ထိုည တစ်ညလုံး မီးအိမ်ပြန်ထွန်းပြီး တစ်ညလုံး စကားပြောနေကြသော်လည်း နောက်ထပ်တစ်စုံတစ်ရာ ထူးခြားမှုမျိုး မတွေ့ကြရတော့ပေ။





## အခန်း(၁၄)

# ပရလောကမှ အကူအညီပေးသူများ

အခြေအနေများအားလုံး ပြီးသွား၍ အေးသွားသောအခါ ဆန်စက် စတင်လည်နိုင်ရန်အတွက် စတင်ပြင်ဆင်ကြရလေသည်။

ဦးစွာ ဆန်စက်ကို 'ရေနန်းရွှေစင်ဆန်စက်' ဟူသော အမည်သစ် တင်လိုက်ကြသည်။

ထို့နောက်မှာတော့ တကွဲတပြားစီဖြစ်နေသော စက်ဆရာများ၊ မေတန်တေသမားများကို ရှာဖွေ၍ ပြန်လာလည်ခေါ်ယူ



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ စုဆောင်းရသည်။

ဎင်းတို့မှာ ယခင်က လက်တွဲလုပ်ခဲ့ဖူးသူများ ဖြစ်ကြသောကြောင့် နီမောင်က လိုက်လံခေါ်သောအခါ အချို့က တစ်နယ်သို့ ပြောင်းရွှေ့သွားကြသူများမှလွဲပြီး အတော်များများမှာ အလုပ်ပြန်ဝင်လာကြသည်။

ဆန်စက်ပြင်ဆင်ခြင်း၊ အလုပ်သမား စုဆောင်းခြင်းကိစ္စ အတော်များများ ပြီးစီးသဖြင့် ဆန်စက်စတင်လည်ရန် ပြင်သောရက်များက ဦးဘရှင်၊ ဒေါ်ငွေရီနှင့် ခင်ခင်လေးတို့ပါ ရောက်လာပြီး အားတက်သရော လုပ်ကိုင်ပေးကြလေသည်။

အခြားဆန်စက်မှ လူများကတော့ ဇမ္ဗူကျော်ဆန်စက်အမည်ဖြင့် စက်လည်စဉ်က ကြုံတွေ့ခဲ့ရသော အန္တရာယ်များကို သိခဲ့ကြပြီးသောကြောင့် ယခုလည်း မည်ကဲ့သို့သော အန္တရာယ်မျိုးဖြင့် ကြုံတွေ့ကြရလေမလဲဟု စိတ်ဝင်တစား စောင့်ကြည့်နေကြလေသည်။

ဆန်စက် စဖွင့်စမှာ ယခင်က ဖြစ်ခဲ့ဖူးသော အန္တရာယ်ဆိုးများကြောင့် စပါးကြိတ်ခွဲသူများ မလာဝံ့ကြသေးပေ။ သို့ကြောင့် ဦးဘရှင်က ဎင်းတို့ လှောင်ထားသော လယ်ထွက်စပါးများနှင့် ဝယ်ယူထားသောစပါးများကို ကြိတ်ခွဲရလေသည်။

ယခင်က မီးခိုးတိတ် နေခဲ့သော ဆန်စက်ခေါင်းတိုင်မှ မီးခိုးငွေ့များ တလူလူနှင့် ပြန်လည်ထွက်လာလေတော့သည်။ မနက်တစ်ကြိမ် ညနေပိုင်းတစ်ကြိမ် ဆွဲလိုက်သော ဆန်စက်ဥသြသံများကြောင့် ပတ်ဝန်းကျင်မှ စောင့်ကြည့်နေကြသူများပင်





အံ့သြကြရလေသည်။

"တယ်ဟုတ်ပါလားဟ. . . ဇမ္ဗူကျော်စက်က နောက်လူတွေလက်ထဲ ရောက်သွားပြီးမှ တယ်လည်း အဆင်ပြေနေပါလား၊ ဥသြသံ တတူတူနဲ့"

"ဟုတ်ပ့ါ. . . အခု ခြောက်လှန့်နေတဲ့ အနှောင့်အယှက်တွေ ဘယ်များ ရောက်သွားကြပြီလဲ မသိဘူး"

"သူတို့ကို နိုင်တဲ့ ဆရာတစ်ယောက် ပါနေတာလည်း ဖြစ်နိုင်တယ်ဗျ၊ ဆန်စက်မှာ ကမကထ ဝင်လုပ်ပေးနေတဲ့ ဦးဗန်ကောင်းဆိုတာ တုံးလုံချောင်းဘုန်းကြီးဆီမှာ တပည့်ခံပြီး ကပ္ပိယလုပ်နေတဲ့ ဆရာတစ်ယောက်လို့ ပြောသံကြားတယ်"

"ဒါထက် နေပါဦးဗျ၊ သူတို့ပေးထားတဲ့ ဆန်စက်နာမည်ကလည်း အဆန်းပါလား၊ 'ရေနန်းရွှေစင်' ဆိုတာ ဒီနယ်မြေတကြောမှာ နာမည်ကြီးနေတဲ့ ဥစ္စာသိုက်နာမည်နဲ့ ခပ်ဆင်ဆင်ပါလား"

"ဘယ်ကလာ. . . ဆင်တူရုံ ဟုတ်ပ့ါမလဲဗျာ၊ နာမည်တူကို ယူပြီး ပေးထားတာဗျ"

"ဒါနဲ့များတောင် သူတို့တတွေ ဘာမှမဖြစ်သေးတာကတော့ အံ့သြစရာပဲဗျို့"

"ဒါပေမယ့် သိပ်လည်း မချီးမွမ်းနဲ့ဦးဗျို့၊ အခြေအနေက ဘယ်လိုဖြစ်လာဦးမယ် မသိဘူး၊ စောင့်ကြည့်မှပဲ သိရတော့မှာ"

"ဘာပဲဖြစ်ဖြစ်ပေ့ါဗျာ. . . ကျုပ်တို့ဘက်ကမ်းမှာ သရဲခြောက်တယ်လို့ နာမည်ကြီးနေတဲ့ ဆန်စက်ကြီးတစ်လုံး အခုလို


www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ပြီး စည်စည်ကားကား ဖြစ်လာတော့ ပိုကောင်းတာပေါ့ဗျာ"

ဟု အချင်းချင်း ဝေဖန်ပြောဆိုနေကြလေသည်။

သို့သော်လည်း အများက စောင့်ကြည့်နေကြသလို ဘာမှဖြစ်မလာဘဲ အေးအေးချမ်းချမ်းနှင့်ပင် အလုပ်ကို ဖြောင့်အောင် လုပ်နိုင်ကြသောကြောင့် ပိုင်ရှင်များရော အလုပ်သမားများပါ ဝမ်းသာနေကြလေသည်။

အထူးသဖြင့်တော့ ဦးဘရှင်တို့ မိသားစုများဖြစ်သည်။

ဦးဘရှင်မှာ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ရာမှ ကြီးပွားလာသောအခါ ဆန်စပါး ကြိတ်ခွဲရောင်းချခြင်းများ ပြုလုပ်လေသည်။

ထိုသို့လုပ်ရာမှာ စပါးများကို အခြားဆန်စက်များတွင် သွားရောက်ကြိတ်ခွဲရသည်ထက် မိမိကိုယ်ပိုင်ဆန်စက်တွင် ကြိတ်ခွဲရလျှင် ပိုမို၍ အကျိုးအမြတ်ရနိုင်မည်ကို သိမြင်နေသည်။

သို့သော်လည်း ဆန်စက်တစ်လုံး တည်လောက်အောင်လည်း ငွေပိုငွေလျှံက မရှိသေးပေ။

သို့ကြောင့် အချိန်အခါ စောင့်နေသောကာလမှာပင် မမျှော်လင့်သော အဖြစ်အပျက်က ပေါ်ပေါက်လာသည်။

ဦးဇန်ကောင်းနှင့်နီမောင်တို့ ရောက်လာပြီး ဇမ္ဗူကျော် ဆန်စက်ကို ဝယ်ယူပြီး လုပ်ကြရန် လာရောက်တိုင်ပင်ရာမှ ဦးဘရှင်၏ဆန္ဒ ပြည့်ဝသွားခြင်းဖြစ်လေသည်။

ယခင်က ဦးကာစင် ရောက်လာပြီး ထိုဆန်စက်ကို ဈေး





ချိုချိုနှင့် လာရောက်ရောင်းချသော်လည်း မယူဝံ့ပေ။

ဂုင်းဆန်စက်နှင့် ပတ်သက်ပြီး သတင်းဆိုးများ ကြားရသောကြောင့် မယူဝံ့ခြင်းဖြစ်သည်။

"အဲ့ဒီဆန်စက်က သိုက်ကုန်းပေါ်မှာ တည်ထားမိလို့ လူတွေ တစ်ယောက်ပြီးတစ်ယောက် သေနေကြတာတဲ့ဗျ၊ ဒီလိုဆန်စက်မျိုးတော့ မယူလေနဲ့ဗျ၊ အန္တရာယ်ထုပ်ကြီး ဝယ်ယူလိုက်သလို ဖြစ်သွားမယ်ဗျ"

ဟု မိတ်ဆွေများက တားသောကြောင့် မယူဝံ့တော့ပေ။

ဦးဇန်ကောင်းတို့က သူတို့ကိုယ်တိုင် အောင်မြင်အောင် လုပ်ကြပါမည်ဟု ကတိပေးသောအခါမှ ဦးဘရှင်က ငွေအရင်းအနှီးစိုက်၊ နီမောင်တို့က လုပ်အားစိုက်ထုတ်၍ လုပ်ကြပြီး ရရှိလာသော အကျိုးအမြတ်များကို တစ်ဝက်စီ ယူကြရန်လည်း သဘောတူကြလေသည်။

ဤသို့ဖြင့် မမျှော်လင့်ဘဲ ဝယ်ယူလုပ်ကိုင်ရာမှ ဆန်စက်ဖွင့်ပြီး ရက်အတန်ကြာသည်အထိ မည်သည့်အန္တရာယ် အန္တရာယ်မှ မတွေ့ရဘဲ အေးအေးချမ်းချမ်း ရှိနေခြင်းကြောင့် ဝမ်းသာနေကြခြင်းဖြစ်သည်။

နံနက်ပိုင်းအချိန်တွင် ဦးဘရှင်နှင့် ခင်ခင်လေးတို့က ဆန်စက်ရှိရာဘက်ကမ်းသို့ ကူးလာပြီး တစ်နေကုန် ဆန်စက်မှာပဲ နေကာ လိုအပ်သည်များကိုစွများကို ဆောင်ရွက်ပေးကြသည်။

ညနေပိုင်း ဆန်စက်ပိတ်တော့မှ မြို့ဘက်ကမ်းသို့ ပြန်ကူးသွားကြသည်။


www.burmeseclassic.com

www.burmeseclassic.com

နီမောင်ကတော့ စက်ပိုင်ကိုယ်စားလှယ် နေရန်ဆောက်ထားသောနေအိမ်မှာ နေသည်။

၎င်းမှာ ဆန်စက်အလုပ်သမားဘဝမှ လာသူဖြစ်သဖြင့် ဆန်စက်နှင့် ပတ်သက်သောအကြောင်းများကို နှံ့စပ်စွာ သိသူဖြစ်ပေသည်။

သူကိုယ်တိုင် ဆန်စက်ပိုင်ရှင်တစ်ပိုင်း ဖြစ်နေသော်လည်း မောက်မောက်မာမာ မနေဘဲ ခါတိုင်းလိုပဲ အလုပ်သမားများနှင့် လက်ပွန်းတတီး နေလေသည်။

ထို့ကြောင့် အလုပ်သမားများက လေးစားခင်မင်မှု ရှိကြလေသည်။

စက်ခန်းမှာ တာဝန်ယူပေးကြသူများမှာ ယခင်က လုပ်ခဲ့ကြသော ဦးရာဂျစ်နှင့် ကိုအေးကျော်တို့အတွဲဖြစ်လေသည်။

၎င်းတို့လက်အောက်မှာတော့ မီးထိုး၊ ဆီထိုး အလုပ်သမားများ ရှိသည်။

မေတန်တေပိုင်းမှာလည်း သိန်းကြည်မှာ ယခင်လူဟောင်းဖြစ်ပြီး သူ့နေရာမှာ လုပ်ရန် နောက်ထပ်လူသစ် တစ်ယောက် ခေါ်ထားလေသည်။

ကိုကျော်ဟန်ဆိုသူဖြစ်ပြီး လုပ်ငန်းပိုင်းမှာ များစွာစိတ်ချရသူဖြစ်သည်။

ဆန်စက်စာရေးကြီးကိုတော့ ဦးမောင်ခင်ကို ခေါ်ထားပြီး သူ့လက်အောက်မှာ စီနီယာစာရေးနှင့် တာလီစာရေးများရှိသည်။ နီမောင်ကတော့ ကိုယ်စားလှယ်နေရာမှာ တာဝန်ယူ





ထားပြီး ဆန်စက်နှင့် သက်ဆိုင်သော လုပ်ငန်းအဝဝတို့ကို တာဝန်ယူ လုပ်ကိုင်လေသည်။

ခင်ခင်လေးက စာရင်းဇယားနှင့် ပတ်သက်သောကိစ္စများ၊ ငွေကြေးနှင့် ပတ်သက်သည့်ကိစ္စများကို တာဝန်ယူထားလေသည်။

သို့ကြောင့် သူတို့နှစ်ယောက်မှာ ဆန်စက်လုပ်ငန်း လုပ်ကိုင်ကြရာတွင် အတူတကွ ပူးပေါင်းလုပ်ကိုင်ကြရသည်။

နောက်ပိုင်းရက်များမှာတော့ ဦးဘရှင်၏စပါးများသာမက နဝလီကြိတ်မည့် လှေသဗ္ဗာန်များ တစ်စတစ်စနှင့် ရောက်လာကြလေတော့သည်။

ယခင်က ခြောက်သွေ့နေသော ဆိပ်ကမ်းတစ်ဝိုက်တွင် လှေသမ္ဗန်များဖြင့် စည်ကားလာပြန်တော့သည်။

ရေနန်းရွှေစင် ဆန်စက်မှာ ဆန်ထွက်ကောင်းခြင်း၊ အလုပ်သမားများ ဆက်ဆံရေးကောင်းခြင်း၊ ပိုင်ရှင်သူဌေးများကပါ ဆက်ဆံရေး ပြေပြစ်ကြသည့်အပြင် အခြားအနှောင့်အယှက်များ မရှိတော့သဖြင့် ဆန်စက်ဖွင့်ပြီး ရက်ကပိုင်းလပိုင်းအတွင်းမှာပင် ကြိတ်ကြိတ်တိုး စည်ကားလာလေတော့သည်။

ဆန်စက်ဖွင့်စအချိန်လောက်မှာတော့ အခြားအန္တရာယ်အနှောင့်အယှက်များ ဝင်ရောက်မည်စိုးသောကြောင့် ဦးဗန်ကောင်းက နီမောင်နှင့် အတူတူနေပြီး လုပ်ကိုင်ပေးသည်။

ရက်အတန်ကြာသည်အထိ အခြေအနေကောင်းသွားပြီး စိတ်ချရသောအခါ ဤသို့ပြောလေသည်။



www.burmeseclassic.com

"ကဲ. . . မင်းလည်း အခုဆိုရင် ဆန်စက်လုပ်ငန်းတွေ အတော်ကလေး အရှိန်ရသွားပြီ၊ ဆန်စက်ပိုင်ရှင်ဘဝလည်း ရောက်ပြီ၊ ဒီတော့ ငါလည်း သူတို့ကို ကတိပေးတဲ့ကိစ္စတွေ စလုပ်ရတော့မယ်"

"ဘာအလုပ်တွေလဲ အဘ"

"ဘုရားတည်ရမယ်လေကွာ. . တုံးလုံချောင်း ကျောင်းဝင်းထဲမှာ ဘုရားတစ်ဆူ တည်ပေးရမယ်၊ အခုကတည်းက ဒီအလုပ်တွေကို စရတော့မယ်"

"ကျွန်တော်ကရော ဘယ်လိုလုပ်ရမလဲ၊ အဘနဲ့ ဟိုမှာ လိုက်လုပ်ရမှာလား"

"မလိုသေးပါဘူး. . . ငါတစ်ယောက်တည်းနဲ့ လုပ်လို့ရပါသေးတယ်၊ တကယ်လို့ လိုရင်တော့ ပြောမှာပေါ့"

"ကျွန်တော်က ဆန်စက်အလုပ်ထက် ဘုရားတည်တဲ့ အလုပ်ကို ပိုပြီးလုပ်ချင်တာဗျ"

"မင်း မလုပ်ချင်လို့လည်း ရှောင်နေလို့မရပါဘူး၊ တစ်နေ့ကျရင်တော့ လုပ်ရမှာပါပဲ၊ အခု မင်းကို ဆန်စက်မှာ အလုပ်၊ လုပ်ခိုင်းထားတာ ဘာကြောင့်လဲဆိုတာ သိရဲ့လား"

"ကျွန်တော်တော့ သိပ်မသိသေးဘူး"

"ဘုရားတည်ဖို့ကိစ္စကို အထောက်အပံ့ဖြစ်အောင်လို့ တမင်ခိုင်းထားတာကွ၊ ဆန်စက်က မင်းအတွက် အကျိုးအမြတ်ငွေ ရလာရင် တစ်ဝက်ကို မင်းစား၊ တစ်ဝက်ကို ဘုရားအတွက် လှူပေးရမှာကွ"





"ဒီအတွက်တော့ မပူနဲ့ အဘရေ၊ ကျွန်တော်မစားရလည်း ကိစ္စမရှိဘူး၊ ရတဲ့ငွေကို အကုန်လှူဆိုရင်လည်း လှူမယ့်လူမျိုးဗျ"

"ပရလောကသားတွေဆိုတာ လူတွေထက်ပိုပြီး ကတိတည်တတ်ကြတယ်၊ လူတွေက တခြားကိစ္စတွေများတော့ တစ်ခါတလေ ပေးထားတဲ့ကတိ ပျက်ကွက်တာတွေ ရှိတယ်၊ သူတို့ကတော့ ဒီလိုမဟုတ်ဘူး၊ ပေးထားတဲ့ကတိအတိုင်း လုပ်ကြတယ်၊ သူတို့ကို ဘုရားတည်ပေးပါမယ်လို့ ကတိပေးထားတော့ သူတို့ကလည်း ဘာမှ အနှောင့်အယှက် မပေးဘဲ အေးအေးချမ်းချမ်းဖြစ်နေတာ ကြည့်ပါလား"

"ဟုတ်ပါတယ်. . . ဒီအတွက်တော့ ကျေးဇူးတင်စရာပါပဲ၊ ဒီကျေးဇူးအတွက်လည်း ပြန်ဆပ်ရမှာပေါ့၊ အခုလို အေးအေးချမ်းချမ်းနဲ့ အလုပ်လုပ်နေရတာကိုပဲ သူတို့ အကူအညီပေးတာ မနည်းလှပါဘူး"

"နောက်ပိုင်း ဒီနေရာက ပိုပြီးအေးချမ်းသွားဦးမှာ"

"ဘာကြောင့်လဲ အဘ"

"ဒီဆန်စက် တည်ထားတဲ့နေရာက အရင်တုန်းက 'ပုဏ္ဏက,ကုန်း' လို့ ခေါ်ကြတယ်၊ သူတို့ မရှိတော့ရင် အဲဒီနာမည်လည်း ပြောင်းရမယ်"

"ပုဏ္ဏက,ကုန်းလို့ ဘာကြောင့် ခေါ်ခဲ့ကြတာလဲ အဘ၊ ဒီနေရာမှာ ဘီလူးတွေ ရှိခဲ့လို့လား"

"ဘီလူးတော့ မရှိပါဘူး၊ ဒါပေမယ့် ဘီလူးနဲ့ တူတဲ့



www.burmeseclassic.com

www.burmeseclassic.com



အစောင့်တွေ ပရလောကသားတွေကတော့ ရှိတာပေါ့။ နောက်တစ်ခုက ရေနန်းရွှေစင်သိုက်ကို စောင့်နေတဲ့ ငါးရွှေကြီးရဲ့ထိပ်ပေါ်မှာ ဘီလူးရုပ်ကြီး ထင်ထင်ရှားရှား ပေါ်နေတာရှိတယ်၊ ဒါကြောင့် ပုဏ္ဏကကုန်းလို့ ခေါ်တာလည်း ဖြစ်နိုင်တာပေါ့"

ဟု ပြောပြလေသည်။

ထို့နောက်မှာတော့ ဦးဗန်ကောင်းက ဘုရားတည်ရန်ကိစ္စများ စတင်ဆောင်ရွက်ရန် တုံးလုံချောင်းကျောင်းသို့ ပြန်သွားလေတော့သည်။

နောက်ပိုင်းမှာတော့ ဘုန်းကြီးဦးပညာအား ခွင့်တောင်းပြီး ဘုရားတည်ရန် နေရာရွေးလေသည်။

ထိုသို့ရွေးချယ်ရာမှာတော့ အရေးကြီးသောကိစ္စ ဖြစ်သောကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး ၎င်းတို့နှင့် တိုင်ပင်ရလေသည်။

ဦးဗန်ကောင်းက ကမ်းစပ်နှင့် မနီးမဝေးမှာ ရှိသော ပိတောက်ပင်ကြီးအောက်သို့ သွားပြီး ကန်တော့ပွဲ ဖယောင်းတိုင် အမွှေးတိုင်များ ထွန်းညှိကာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို ဖိတ်ကြားလေသည်။

ဒီတစ်ကြိမ်မှာတော့ ယခင်ကကဲ့သို့ တစ်ယောက်တည်း မဟုတ်ဘဲ သုံးယောက်ရောက်လာသည်။

အဝတ်ဖြူများ ဝတ်ပြီး သျှောင်ထုံးနှင့်လူကြီးတစ်ဦး၊ အသက်နှစ်ဆယ်ဝန်းကျင်သာ ရှိသေးသော အမျိုးသမီးတစ်ဦးနှင့် ယခင်က လာဖူးသော ပဲ့သားမည်းမည်းနှင့် ကိုယ်လုံးကိုယ်





ထည် ထွားကျိုင်းလှသော လူမည်းကြီးတို့ပင်ဖြစ်သည်။

အဘိုးကြီးက ရှေ့ဆုံးမှ ရောက်လာပြီးနောက် ဦးဗန်ကောင်းနှင့် စကားပြောသည်။

"ဘယ်လိုအကြောင်းရှိလို့များ ကျုပ်တို့ကို ဖိတ်ကြားတာလဲ မိတ်ဆွေကြီး၊ ဘယ်လိုအကူအညီများ လိုအပ်နေလို့ပါလဲ"

ဟု မေးလေသည်။

"အခြားတော့ မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေကြီးတို့ အကူအညီ တောင်းထားတဲ့အတိုင်း မကြာခင်မှာ ဒီနေရာတစ်ဝိုက်မှာ စေတီတစ်ဆူ တည်ပါတော့မယ်"

"ဒီစကားကြားရတာ ဝမ်းသာစရာပေါ့ဗျာ၊ ဒါထက် ဘာများ လိုပါသေးလဲ၊ ဘုရားတည်ဖို့အတွက် ရွှေငွေများ လိုအပ်ပါသေးလား"

"မလိုတော့ပါဘူး. . . မိတ်ဆွေကြီးတို့ လှူထားတဲ့ ရွှေငွေတွေလည်း ရှိပါတယ်၊ အဲ့ဒါတွေကို ထုခွဲပြီးတော့ အသုံးပြုမှာပါ၊ အခု ခေါ်ရတဲ့အကြောင်းကတော့ အခြားမဟုတ်ပါဘူး၊ ဘုရားတည်ရမယ့် မြေနေရာလေး ရွေးပေးစေချင်လို့ပါ"

ထိုအခါ အဘိုးကြီးက ပြောပြသည်။

"အခုမြင်နေရတဲ့ချောင်းက ကျဉ်းတယ်ဆိုပေမယ့် နောက် နှစ်ပေါင်း လေးငါးဆယ်လောက်ကြာတဲ့အခါ ရာဇူတိုင် မြစ်ရေ တိုက်စားမှုကြောင့် ဒီချောင်းက အကျယ်ကြီးဖြစ်လာပါလိမ့်မယ်"

ဦးဗန်ကောင်းက စိတ်ဝင်စားစွာ နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မြို့ဘက် ကမ်းနားတစ်လျှောက်ဟာ ရေတိုက်စားမှုကြောင့် အတော်များများ ပြိုကျပျက်စီးသွားပါလိမ့်မယ်၊ ထို့အတူ ဒီဘက်ကမ်းမှာ ရှိတဲ့ မြေဧက အတော်များများလည်း ရေအောက် ရောက်သွားကြပါလိမ့်မယ်၊ အဲဒီအချိန်ကျရင် မြို့ရဲ့ အရှေ့ဘက်မှာ ရှိတဲ့ မြစ်ကျယ်ကြီးဟာ သောင်ထွန်းပြီး တိမ်ကော ပပျောက်သွားပါလိမ့်မယ်"

သာမန် နားထောင်မည်ဆိုလျှင်တော့ ထိုစကားသည် ဘယ်လိုမှ ဖြစ်နိုင်စရာမရှိသော စကားဟု ထင်ရပေမည်။

အဘယ့်ကြောင့်ဆိုသော်. . .

လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ကျော်ခန့်က အရှေ့ဘက် မြစ်ကြီးမှာ ကျယ်လှပြီး ရေစီးရေလာ ကောင်းမွန်လှသောကြောင့် အစိုးရပိုင် ဧရာဝတီသင်္ဘောများ ဖောတံတားဆိပ်များ ထားကာ အဝင်အထွက် ပြုလုပ်ခဲ့ကြသည်။

ထိုအချိန်က တုံးလုံချောင်းမှာ ကျဉ်းကျဉ်းမျှသာ ရှိနေသေးသည်။ ယခုအခါမှာတော့ သူပြောခဲ့သည့်အတိုင်း တုံးလုံချောင်းမှာ ရာဇူတိုင်မြစ်ရေ တိုက်စားမှုကြောင့် တဖြည်းဖြည်း ကျယ်ဝန်းလာပြီး အရှေ့ဘက်မြစ်ကြီးမှာ တိမ်ကောသွားခဲ့ပေပြီ။

"မိတ်ဆွေကြီးအနေနဲ့ ဘုရားတည်မယ်ဆိုရင် ကမ်းနဲ့ အတော်ဝေးဝေးနေရာမှာ သပြေပင်ကြီးတစ်ပင် ရှိပါတယ်၊ အဲဒီနေရာတစ်ဝိုက်မှာ ဘုရားတည်ပေးပါ။ နောင်တစ်ချိန် ရောက်တဲ့အခါ အဲဒီသပြေသီးတွေက တုံးလုံချောင်း ရေထဲကို ကြွေကျတဲ့ အဖြစ်မျိုး ရောက်လာပါလိမ့်မယ်"





"ကောင်းပါပြီ. . . ပြောတဲ့နေရာမှာ တည်ပေးပါ့မယ်၊ တစ်လက်စတည်း ပြောလိုက်ပါရစေ၊ ဆန်စက်ကို အေးအေးချမ်းချမ်း လုပ်နိုင်အောင် အကူအညီပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဲဒီဆန်စက်က ရတဲ့ငွေတွေကိုလည်း ဘုရားတည်တဲ့အထဲ ထည့်ပြီးလှူပေးပါ့မယ်"

"သာဓုပါဗျာ. . . သာဓု. . . သာဓု၊ ကိုင်း. . . ဒီလိုဖြင့် စိတ်ဖြောင့်ဖြောင့်သာ လုပ်ကြပါရော့၊ ကျုပ်တို့လည်း ပြန်ပါဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ သုံးယောက်သား ပြန်သွားကြလေတော့သည်။

ဦးဇန်ကောင်းလည်း ၎င်းတို့ပြောပြသွားသော အကြောင်းအရာများကို မှတ်သားထားပြီး ကျောင်းဘက်သို့ ပြန်လာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

# ရာဇူတိုင်အလွမ်း

နီမောင်အတွက်ကတော့ ဘဝအပြောင်းအလဲ ဖြစ်သွားခဲ့ချေပြီ။ သာမန်အလုပ်သမားဘဝမှ နေ့ချင်းညချင်းဆိုသလို ဆန်စက်ပိုင်ရှင်ဘဝသို့ ရောက်ခဲ့ရပြီဖြစ်သည်။

ဒါတင်မကသေးဘဲ ဦးဘရှင်၏သမီး ခင်ခင်လေးက နီမောင်နှင့် အတူတကွ အလုပ်လုပ်နေကြရပြီးနောက်ပိုင်းတွင် သူ့အား ခင်မင်လာခြင်းဖြစ်သည်။

ဆန်စက်နှင့် ပတ်သက်သော အလုပ်ကိစ္စများ၊ ငွေကြေးကိစ္စများ ဆောင်ရွက်ရာမှာ နှစ်ယောက်အတူတူ လုပ်ကြရ



www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် အမြဲတစေ လက်ပွန်းတတီး နေကြရသည်။ အလုပ်အားသည့်အချိန်မှာလည်း ခင်မင်ရင်းနှီးစွာပင် နေကြလေသည်။

နောက်ပိုင်းရက်များမှာတော့ ခင်ခင်လေးက နီမောင်အတွက် ထမင်းဟင်းများ ပို့ထည့်လာသောကြောင့် အတူစားရလေသည်။

"ကျွန်တော့်အတွက် ထမင်းဟင်းတွေ ထည့်ယူလာတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တကူးတကဆိုတော့လည်း အားနာစရာဖြစ်နေပြီ"

"အားနာစရာမလိုပါဘူး ကိုနီမောင်ရယ်၊ တစ်ယောက်စာအတွက် ပို့ထည့်ရတာ ကျွန်မတို့အတွက် အပန်းမကြီးလှပါဘူး၊ အားနာစရာ မလိုပါဘူး၊ ကိုနီမောင်က ဒီမှာ တစ်ယောက်တည်း နေတာဆိုတော့ စားရေးသောက်ရေး ဘယ်အဆင်ပြေပါ့မလဲ"

"ဒီလိုပါပဲ ခင်ခင်လေးရယ်၊ နေနေကျနေတော့လည်း နေသားကျပါပြီ"

"ကျွန်မကို ခင်လေးလို့ပဲ ခေါ်နိုင်ပါတယ် ကိုနီမောင်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"

ထိုစကားကြောင့် ခင်ခင်လေးက တစ်ချက်ပြုံးလိုက်သည်။

"ကိုနီမောင် ကျေးဇူးတင်တာတွေက သိပ်များနေပါပြီ၊ တကယ်ဆိုရင် ကျွန်မတို့ကသာ ကိုနီမောင်ကို ကျေးဇူးတင်ကြရ





မှာပါ"

"ဘာကြောင့်လဲဟင်"

"ကျွန်မဖေဖေက ဆန်စက်လုပ်ငန်းကို သိပ်ပြီးလုပ်ချင်နေတာ၊ အသစ်ထူထောင်ဖို့ကလည်း ငွေက မမီ၊ ဈေးချိုချိုနဲ့ လာရောင်းတဲ့ ဒီစက်ကျတော့ နာမည်ဆိုးတွေ ထွက်နေလေတော့ မလုပ်ဝံ့ဘဲနဲ့ ချီတုံချတုံဖြစ်နေတုန်း ကိုနီမောင်တို့ ရောက်လာကြတာကြောင့် အတော်ပဲ ဖြစ်သွားတာလေ"

"အော်. . . ဒါကြောင့်ကိုး"

"ဒါတင် ဘယ်ကပါ့မလဲ၊ အခုလုပ်ကြည့်ပြန်တော့လည်း ဘာအနှောင့်အယှက်မှ မတွေ့ရဘူး၊ စပြီးလုပ်ကာစတုန်းကတော့ ရင်တမမနဲ့ပေါ့လေ၊ အခုနောက်ပိုင်း ရောက်သွားတော့မှ တဖြည်းဖြည်းနဲ့ စိတ်အေးသွားကြရတာ၊ ဘာပဲပြောပြောပေါ့. . . ကိုနီမောင်တို့ကြောင့် ဖေဖေလုပ်ချင်တဲ့အလုပ်ကို လုပ်ရပြီဆိုတော့ ကျေးဇူးတင်ရမှာပေါ့နော်"

ဟု ပြောပြသည်။

"ဒီလိုဆိုရင် ကျွန်တော်ကလည်း တစ်လှည့်ပြန်ပြီး ကျေးဇူးတင်ရမှာပါပဲ"

"ဘာဖြစ်လို့လဲဟင်"

"အော်. . . ကျွန်တော်တို့လို သာမန်လူတွေကို ယုံယုံကြည်ကြည်နဲ့ အတူပူးပေါင်းလုပ်ခဲ့တာရယ်၊ ငွေကြေးစိုက်ပြီး ဆန်စက်ဝယ်ပေးခဲ့တာတွေက ကျေးဇူးတင်စရာပဲ မဟုတ်လား"

"ဒါတော့ ကိုနီမောင်တို့ကို မြင်မြင်ချင်းပဲ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်စိတ်ချမှု ဖြစ်လို့သာ နေမှာပေါ့"

ဟု စကားတပြောပြောနှင့် ထမင်းလက်ဆုံစားနေကြစဉ် အိမ်ပေါ်သို့ ဧည့်သည်တစ်ယောက် တက်လာလေသည်။

လက်ထဲမှာ ချိုင့်တစ်လုံး ကိုင်ထားသော မြဝင်းသူပင် ဖြစ်သည်။ သူမက အိမ်ထဲမှ အခြေအနေကို မြင်သောအခါ အပေါက်ဝမှာပင် ရပ်နေလေသည်။

နီမောင်က မြဝင်းသူကို မြင်သောအခါ ထမင်းစားနေရာမှ ထသွားလေသည်။

"မြဝင်းသူ . . . အိမ်ထဲ ဝင်ဦးလေ"

"မဝင်တော့ပါဘူး အစ်ကို၊ အဖေက အစ်ကို့အတွက် ဟင်းအပို့ခိုင်းလိုက်လို့ လာပို့တာပါ"

ဟု ပြောကာ လက်ထဲမှာ ကိုင်လာသော ဟင်းချိုင့်ကို လှမ်းပေးလေသည်။

နီမောင်က လှမ်းယူလိုက်ရင်း . . .

"ကျေးဇူးတင်ပါတယ် မြဝင်းသူရယ်၊ အစ်ကိုလည်း ဆန်စက် ပြန်လည်နေပြီဆိုတော့ အလုပ်တွေ သိပ်များနေလို့ အဲဒီဘက်တောင် မရောက်ဖြစ်တော့ဘူး"

ဟု ပြောရာ မြဝင်းသူမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"ရပါတယ် အစ်ကိုရယ်၊ ကျွန်မပြန်ပါဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ လှေကားမှ ပြန်ဆင်းသွားလေသည်။ နီမောင့်စိတ်ထဲမှာတော့ မြဝင်းသူ အမူအယာကို





ကြည့်ပြီး စိတ်မကောင်းဖြစ်သွားလေသည်။

အိမ်ပေါ်မှ ပြန်ဆင်းလာသော မြဝင်းသူ၏ရင်ထဲမှာလည်း ဆို့နစ်နေသလိုဖြစ်နေသည်။

သူမအနေနှင့် သတိမထားလိုက်မိသော်လည်း မျက်ဝန်းမှာ မျက်ရည်ကြည်တို့ ရစ်ဝဲနေလေပြီ။

အိမ်သို့ ပြန်ရောက်သောအခါ မျက်စိမျက်နှာမကောင်းဘဲ ပြန်လာသည့် မြဝင်းသူကို မြင်သည့်အခါ ဦးမွန်ထော်က မေးသည်။

"ဟဲ့သမီး . . . ဘာဖြစ်လာတာလဲ၊ နီမောင်နဲ့ မတွေ့ခဲ့ဘူးလား"

"တွေ့ခဲ့ပါတယ် အဖေ"

ဒါပဲ ပြန်ပြောနိုင်သည်။

ဦးမွန်ထော်က ငါးမြားကြိုးတပ်နေရင်းမှ သဘောပေါက်သွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အင်း . . . နီမောင်က အရင်လို မဟုတ်တော့ဘူးကွယ့်၊ သူက ဆန်စက်ပိုင်ရှင်ဘဝတောင် ရောက်သွားပြီဆိုတော့ ငါတို့ဆီ ဘယ်လာနိုင်တော့မလဲကွယ်"

ဟု လေးလေးပင် ပြောလိုက်သည်။

မြဝင်းသူက ဘာမှပြန်မပြောတော့ဘဲ အခန်းတွင်းသို့ ဝင်သွားလေသည်။

လဆန်းရက်ဖြစ်သောကြောင့် ညဦးပိုင်း လရောင်က ရာဇုတိုင်မြစ်ရေပြင်ပေါ်သို့ ခပ်ဝါးဝါး ဖြာဆင်းကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေထဦးရက်ဖြစ်သောကြောင့် မြစ်ရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်ကလေး တဖျပ်ဖျပ် ထနေသည်။

ရေတက်ကာနီးသောအခါ လေက တဖြူးဖြူး တိုက်ခတ်လာလေသည်။

လေအဖိကြောင့် ကမ်းနံဘေးတစ်လျှောက်မှာ ရှိနေကြသော ကိုင်းတောကြီးများမှာ တအိအိနှင့် လှုပ်ရှားနေကြသည်။ ဟိုးအဝေးတစ်နေရာဆီမှ အော်လိုက်သော ဘုတ်ငှက်များ၏ တအီအီ အော်သံက အလွမ်းဓာတ်ခံ ရှိသူများအတွက် ပိုမိုခံစားမှုကို ဖြစ်စေသည်။

မြစ်ရေပြင်ပေါ်မှာ လှေတစ်စင်း လှော်ခတ်လာသည်။ လူရွယ်တစ်ယောက်က လှော်မခတ်တတ်ဘဲ ခတ်လာသောကြောင့် လှေဦးက မငြိမ်ဘဲ ဟိုဘက်ကိုသွားလိုက် ဒီဘက်ကိုသွားလိုက်နှင့် ဖြစ်နေလေသည်။

လှေဝမ်းအလယ်မှာ အမျိုးသမီးတစ်ယောက် ထိုင်လိုက်လာရင်းနှင့် လူရွယ်၏လှေခတ်နေပုံကို ကြည့်ပြီး ပြုံးနေလေသည်။

ခဏကြာတော့ ခတ်ကွင်းပြုတ်ပြီး အရှိန်လွန်ကာ ရေထဲသို့ ဝုန်းကနဲ ကျသွားလေသည်။

ထိုအခါမှ နေရာမှ ထပြီး လူရွယ်ကို လှေပေါ်သို့ ပြန်ဆွဲတင်ရလေသည်။

ထို့နောက်မှာတော့ လူရွယ်က ရှေ့မှ ခတ်တက်ခတ်ပြီး အမျိုးသမီးက နောက်ဘက်မှ လှော်တက်ဖြင့် တက်မကိုင်ပေးရာ





လှေမှာ ရေပြင်ပေါ်မှာ ဖြောင့်ဖြောင့်သွားလေတော့သည်။

အမှောင်ရိပ်များကို ထိုးဖောက်ပြီး လရောင်က မြစ်ရေပေါ်သို့ ဖြာကျနေသည်။

လူရွယ်က ရှေ့မှ လှေခတ်ပြီး မိန်းကလေးက နောက်ဖက်မှ တက်မကိုင်ပေးနေပုံမှာ မောင်တစ်ထမ်း မယ်တစ်ရွက်ဖြင့် ဘဝခရီးကို ကျော်ဖြတ်နေသကဲ့သို့ ရှိနေလေရာ သိဂ်ါရအလှမြင်ကွင်းတစ်ခုဆိုလျှင်ပင် မှားမည်မထင်ပေ။ လှေပေါ်မှာ ထိုင်နေသော မြဝင်းသူမှာ လရောင်ဆမ်းထားသော မြစ်ရေပြင်ပေါ်သို့ မျှော်ကြည့်နေရင်း ထိုမြင်ကွင်းများကို မြင်ယောင်နေမိလေသည်။

ဦးမွန်ထော်ကတော့ ငါးမြားတန်း ချထားပြီးဖြစ်သောကြောင့် လှေဦးပိုင်းမှာ တရေးတမော အိပ်နေလေသည်။

"သူကတော့ ငါ့ကို ဘယ်နည်းနဲ့မှ သတိရနိုင်တော့မယ် မထင်ပါဘူး၊ အခုဆိုရင် စက်ပိုင်ရှင်ဘဝ ရောက်သွားပြီဆိုတော့ ငါနဲ့ အဆင့်အတန်းချင်းက မိုးနဲ့မြေလို ကွာခြားသွားခဲ့ပြီ၊ နောက်ပြီး သူ့နံဘေးမှာလည်း သူနဲ့ ဂုဏ်ရည်တူတဲ့ အမျိုးသမီးက ရောက်နေပြီဆိုတော့. . .

အို. . . ဒီအကြောင်းတွေက ငါနဲ့ ဘာဆိုင်တော့လို့လဲ၊ သူနဲ့ငါနဲ့က ချစ်သူတွေ ဖြစ်ခဲ့ကြတာမှ မဟုတ်တာ၊

သူ့ဘဝ ကောင်းစားသွားတော့လည်း ပိုကောင်းတာပေါ့၊

ငါ ဘာကြောင့် သူ့အကြောင်းတွေချည်း တွေးနေရတာ



www.burmeseclassic.com

www.burmeseclassic.com

လဲ၊ ငါ သူ့ကို ချစ်နေမိပြီလား၊

ငါက ချစ်နေတယ်ဆိုပေမယ့် သူကရော ငါ့ကို ချစ်ခဲ့ဖူးလို့လား၊ ဟိုညတုန်းကတော့ သူ ငါ့ကို ကြည့်တဲ့အကြည့်က သံယောဇဉ်ဖြစ်နေတဲ့အကြည့်မျိုးဆိုတာ သိသာပါတယ်၊ အခုတော့ အခြေအနေတွေက ပြောင်းလဲသွားပြီဆိုတော့ ငါ့အပေါ်မှာ သံယောဇဉ်ထားနိုင်ပါတော့မလား"

"ကလောင်. . . ကလောင်"

တစ်နေရာမှ ခလောက်မြည်သံ ပေါ်ထွက်လာသည်။

အတွေးထဲမှာ နစ်နေသောကြောင့် မြဝင်းသူက သတိမထားမိလိုက်ပေ။

"ကလောင်. . . ကလောင်"

နောက်တစ်ကြိမ် ထပ်မြည်တော့ ဦးမွန်ထော်က ထလာသည်။

"ဟဲ့. . . သမီး၊ ငါးမိနေတဲ့ ခလောက်သံ မဟုတ်လား၊ ဘာလုပ်နေတာလဲ. . . ထိုင်ရက်ကြီးနဲ့ အိပ်ပျော်နေရောသလား"

"မ. . မအိပ်ပါဘူး အဖေ"

ထိုအခါမှ ခလောက်မြည်နေသောနေရာသို့ သွားကာ မိနေသောငါးကို ဖမ်းဆီးရလေသည်။

ကိစ္စပြီးသောအခါ ဦးမွန်ထော်က ကွမ်းယာကို ပါးစပ်အတွင်း ထည့်၍ပါးကာ အေးအေးဆေးဆေး ပြောပြသည်။

"သမီး ဘယ်လိုခံစားနေရတယ်ဆိုတာ အဘ ရိပ်မိပါ





တယ်၊ နီမောင်ဟာ သမီးစိတ်ထဲက နှစ်သက်လက်ခံမယ်ဆိုရင် သင့်တော်တဲ့လူတစ်ယောက်ပါပဲ၊

ဒါပေမယ့် အခြေအနေဆိုတာ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်တာမျိုး မဟုတ်ဘူး၊ သူဖြစ်စေချင်တာကို လောကရဲ့ သားကောင်တွေက ဖြစ်ပေးကြရတာ"

မြဝင်းသူက ဘာမှပြန်မပြောဘဲ အဝေးသို့ မျှော်ကြည့်နေသည်။ ထိုအချိန်မှာ ရင်ထဲ၌ ဆို့နင့်နေပြီး မျက်ရည်များ ရစ်ဝဲနေလေသည်။

"သံယောဇဉ်ဆိုတာကတော့ လူတိုင်းမှာ ရှိကြတာပဲပေါ့၊ ဒါပေမယ့် ထားသင့်တဲ့ သံယောဇဉ်မျိုးဆိုရင် ထားရတယ်၊ မထားသင့်တဲ့သံယောဇဉ်မျိုးဆိုရင်တော့ ဖြတ်တောက်ပစ်ရတယ်"

မြဝင်းသူက ဖခင်ဖြစ်သူကို တစ်ချက်ကြည့်သည်။

"ဘာကြောင့်လဲဆိုတော့ မထားသင့်တဲ့သံယောဇဉ်မျိုး ထားမိရင် ကိုယ့်ကို ပြန်ပြီးဒုက္ခပေးတတ်လို့ပဲ၊ သံယောဇဉ်ဆိုတာ နွယ်ရှင်ကြိုးတစ်ချောင်းနဲ့ သဏ္ဍာန်တူတယ်၊ များများရစ်ပတ်မိလေလေ အသက်ရှူကျပ်လေပဲ"

ငါးဖမ်းသမားကြီး ဦးမွန်ထော်မှာ သံယောဇဉ် အကြောင်းများကို ဂဃနဏ မသိသော်လည်း သူ သဘောပေါက်သလို ပြောလိုက်ခြင်းဖြစ်စေကာမူ နားထောင်ရသူအတွက်ကတော့ သဘောပေါက်လွယ်စေသည်။

"သမီး သဘောပေါက်ပါပြီ အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



မြဝင်းသူက ငိုသံပါကလေးဖြင့် ပြောလိုက်လေသည်။

သူမအဖို့ ထိုထက်ပိုပြီး ပြောစရာစကားမျိုးလည်း မရှိတော့ပေ။

ထိုညအဖို့တော့ သူမအတွက် ရာဇူတိုင်မြစ်ပြင် တစ်လျှောက်တွင် ကြည့်လေရာ မြင်လေရာ တွေ့မြင်သမျှ လွမ်းစရာချည်း ဖြစ်နေတော့သည်။

ရာဇူတိုင်အလွမ်းဟု အမည်ပေးလျှင်ပင် သူမနှင့် လိုက်ဖက်သောအမည်မျိုး ဖြစ်ပေတော့မည်။





## အခန်း (၁၆)

# ရေနန်းရွှေစင် စေတီတော်

ဦးဗန်ကောင်းက ဘုရားတည်မည့်နေရာ ရွေးချယ်ရာတွင် ရေနန်းရွှေစင်နှင့် သက်ဆိုင်သောသူများ ညွှန်ပြပေးခဲ့သော သပြေပင်ကြီး ရှိရာတစ်ဝိုက်၌ပင် ဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာ မြေနေရာလည်း ကျယ်ပြီး ကုန်းမြင့်တစ်ခုလည်း ရှိလေသည်။

ဦးဗန်ကောင်းက ထိုနေရာတွင် အများကောင်းမှု စေတီတော်တစ်ဆူ တည်မည်ဟု အများသိအောင် ပြောလိုက်သောအခါ အကူအညီပေးမည့်သူများ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တုံးလုံချောင်းမှာ နေထိုင်ကြသူများအပြင် မော်ကျွန်းမြို့ ဘက်ကမ်းတွင် နေကြသူများပါ ရောက်လာပြီး လုပ်အားပေးကြလေသည်။

ပေါက်ပြား၊ တူရွင်း၊ ဓား၊ လွှ စသည်တို့ကိုပါ ယူလာကြပြီး ချုံတောများ၊ ကိုင်းတောကြီးများကို ခုတ်ထွင်ရှင်းလင်းကြလေသည်။ ဘုရားတည်မည့်နေရာတွင် မလွတ်လပ်သော သစ်ပင်ကြီးများကိုပါ လှဲဖြတ်ကြလေသည်။

ထိုရက်များအတွင်းမှာပင် ဦးဗန်ကောင်းက ၎င်းမှာ ရှိသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ(ထိုပစ္စည်းများမှာ ယခင်ကျောင်းထိုင်ဘုန်းကြီး ဦးသောမ ရှိစဉ်က မိန်းကလေးတစ်ယောက်က ဘုရားတည်သောအခါ အသုံးပြုရန်အတွက် လာရောက်လှူဒါန်းထားသော ရွှေ ငွေများ ဖြစ်သည်။)များကို သင့်တော်သောနေရာတွင် ထုခွဲရောင်းချလိုက်သောအခါ သတင်းက ပိုထွက်လာသည်။

"ဟဲ့. . . ဟိုဘက်ကမ်းမှာ သိုက်က ရွှေငွေတွေ လာပေးလို့ ဘုရားတစ်ဆူ တည်တော့မယ်တဲ့၊ ငါတို့လည်း သူတို့နဲ့ အဆက်ပါအောင် အလှူလေးဘာလေး သွားထည့်ကြရအောင်"

"သိုက်က ရွှေငွေတွေ ပေးတယ်ဆိုတာရော သေချာလို့လားဟဲ့"

"သေချာတာပေါ့. . . ဘုရားတည်ဖို့ လုပ်နေတဲ့လူက တခြားမဟုတ်ဘူး၊ တုံးလုံချောင်း ကျောင်းမှာ ကပ္ပိယ လုပ်နေတဲ့ လူကြီးဟဲ့၊ သိုက်က ပိုက်ဆံမပေးဘဲနဲ့ ကပ္ပိယ လုပ်နေတဲ့လူက ဘယ်လို ဘုရားတည်နိုင်မှာလဲ"





"အေး. . . ဟုတ်တော့ ဟုတ်တယ်၊ အဲဒီကပ္ပိယကြီးက အရင် သရဲခြောက်လို့ ဘယ်သူမှ မလုပ်ဝံ့တဲ့ ဇမ္ဗူကျော်ဆန်စက်ကိုတောင် စပ်တူဝယ်ထားတာလို့ သတင်းကြားတယ်၊ ဥစ္စာသိုက်က လူတွေ အကူအညီမပေးဘဲနဲ့တော့ ကပ္ပိယတစ်ယောက်က ဒီလို ဘယ်လုပ်နိုင်မှာလဲ"

"ဒီအတိုင်းမှန်ရင်တော့ သူတည်ဖို့ လုပ်နေတဲ့ဘုရားကလည်း အဲဒီအတွက် တည်ပေးတာ ဖြစ်မှာပဲ၊ ငါတို့လည်း သူတို့နဲ့ အဆက်အသွယ်ရပြီး ဥစ္စာလေးဘာလေး ပေးချင်အောင် သူတို့အတွက် တည်မယ့်ဘုရားမှာ ကုသိုလ်သွားယူကြရအောင်"

ဤသို့ဖြင့် ဘုရားတည်မည့်နေရာမှာ တကူးတက လိုက်မခေါ်ရဘဲ ကူညီလုပ်ကိုင်ပေးမည့်သူများက လာခြင်းဖြစ်လေသည်။

ထို့ပြင် မော်ကျွန်းမြို့ပေါ်မှာ ရှိကြသော ဥစ္စာသိုက်နှင့် ပတ်သက်သူများ၊ ပဋ္ဌာန်းဆက် ရှိသူများ၊ စိတ်ဝင်စားသူများသာမကဘဲ ငွေကြေးချမ်းသာသူများပါ ရောက်လာကြပြီး လုပ်အားပေးသူပေး၊ ငွေကြေးလှူဒါန်းသူက လှူဒါန်းကြလေသည်။

အချို့ကလည်း မိမိတို့ ဝတ်ဆင်အသုံးပြုသော ရွှေငွေ ရတနာ လက်ဝတ်တန်ဆာများကိုပင် လာရောက်လှူဒါန်းကြလေသည်။

ဒါက သာမန်အလှူရှင်များ လာရောက်လှူဒါန်းကြခြင်းဖြစ်ပြီး ညအချိန် လူရှင်းသွားသောအခါမှ လာရောက်လှူဒါန်းကြသူများလည်း ရှိကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသူများ ရောက်လာသောအချိန်မှာ ညဉ့်နက်ပိုင်းအချိန်များ၌ ဖြစ်ပေသည်။

"ကျုပ်တို့က ရေနန်းရွှေစင်နဲ့ အဆက်အသွယ်ရှိကြတဲ့သူတွေပါ။ မိတ်ဆွေကြီးက သူတို့အတွက် ဘုရားတည်ပေးနေတာဆိုတော့ ဝမ်းသာပါတယ်၊

ကျုပ်တို့လည်း အလှူဒါန ပါဝင်ပါရစေ"

"ပါဝင်နိုင်ပါတယ်. . . ဒါထက် ဘယ်နေရာက လာကြတာလဲ"

"ကျုပ်တို့က. . . . . . . . "

၎င်းတို့ပြောသောနေရာများမှာ မော်လမြိုင်ကျွန်း မြို့ပေါ်နှင့် ပတ်သက်သော အမိကကျသည့်နေရာများ ဖြစ်ပေသည်။ ယခုအချိန်မှာ ထိုအမည်များကို ထည့်သွင်းရေးသားပါက ထိခိုက်နစ်နာမှုများ ရှိနိုင်မည် ဖြစ်သောကြောင့် နေရာမှန်အမည်များကိုတော့ ထည့်သွင်းရေးသားခြင်း မပြုတော့ပေ။

"အခုလို လာရောက်လှူဒါန်းတာ ကျေးဇူးတင်ပါတယ်၊ ဘုရားတည်ပြီးရင်လည်း ရေစက်ချ အမျှဝေပေးဦးမှာမို့ အမျှခံယူပြီး သာဓုခေါ်ကြဖို့ ဆက်ဆက်ကြွခဲ့ကြပါဦး"

"ကောင်းပါပြီ. . . ကောင်းပါပြီ"

ထို့နောက် ဦးဗန်ကောင်းအား နှုတ်ဆက်ပြီး ပြန်သွားကြလေသည်။ ထိုစေတီတော်မှာ (၁၈)တောင်ပြည့်အောင် တည်ထားမည်ဖြစ်သောကြောင့် အတော်ကလေး ကြိုးစားလုပ်ကိုင်ကြရလေသည်။





လူအင်အား အများအပြား အသုံးပြုရရုံမက ရွှေငွေအတော်များများကို ထည့်သွင်းအသုံးပြုရလေသည်။

သို့သော်လည်း ပူပန်စရာ မရှိပေ။

ဘုရားတည်ရာတွင် အမိက ငှားရမ်းထားသော ပန်းရံအစရှိသော ပညာရှင်များအပြင် ငွေကြေးမယူဘဲ လာရောက်လုပ်အားပေးနေသူများကလည်း အများအပြား ရှိပေသည်။

ထို့ပြင် ဘုရားအတွက် အသုံးပြုရန် ငွေကုန်သွားလျှင် ငွေလှူမည့်သူ ရောက်လာပြီး ရွှေကုန်သွားလျှင် ရွှေလှူပေးမည့်သူက အဆင်သင့်ပင် ရောက်လာတတ်ပေသည်။

ထိုရက်များအတွင်းမှာ နီမောင်ရောက်လာပြီး ဆန်စက်မှ အကျိုးအမြတ် ရလာသောငွေများကို လာရောက်လှူဒါန်းလေသည်။

"များလှချည်လား နီမောင်၊ စက်က ရတာတွေ အကုန်လာလှူတာလား"

"ဟုတ်တယ် အဘ"

"မင်းမိဘတွေနဲ့ မင်းစားဖို့ မချန်တော့ဘူးလား"

"ဒီဆန်စက်ကို လုပ်ဖြစ်တာ ကျွန်တော့်ရဲ့အကျိုးစီးပွားတစ်ခုတည်းအတွက် မဟုတ်ပါဘူး၊ ရေနန်းရွှေစင်က ပုဂ္ဂိုလ်တွေအတွက် တည်ပေးတဲ့ဘုရားမှာ အားလုံးလှူပေးပါရစေ"

ဟု ပြန်ပြောသောအခါ ဦးဗန်ကောင်းက ဘာမှထပ်မပြောတော့ဘဲ ဆေးတံကို ဆက်ဖွာနေသည်။

ပြီးမှ မေးသည်။


www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အခြေအနေကရော ဘယ်လိုလဲ"

"ဆန်စက်ရဲ့အခြေအနေကတော့ တစ်နေ့တခြား သိသိသာသာကြီး ကောင်းလာပါပြီ၊ နဝလီကြိတ်မယ့် လှေသမ္ဗန်တွေဆိုရင် စက်ဆိပ်ကမ်းတစ်လျှောက် ပြည့်နေလို့ နေ့ဆိုင်းညဆိုင်း ခွဲလည်ပေးနေရတယ်"

"ကောင်းတာပေါ့ကွာ"

"ဒါတင် မကသေးဘူး၊ အနှောင့်အယှက် အန္တရာယ်တွေဆိုရင်လည်း ဘာတစ်ခုမှ မမြင်ရ မကြုံရတော့ဘူး၊ အတော့်ကို အံ့သြဖို့ကောင်းတယ်"

"ဒါက ဘာများ အံ့သြစရာရှိသလဲကွာ၊ လူ့လောကသားတွေရဲ့အနှောင့်အယှက်တွေ ကြုံလာရင် သက်ဆိုင်ရာတွေနဲ့ ဖြေရှင်းရင် ရနိုင်သလို ပရလောကသားတွေရဲ့အနှောင့်အယှက်တွေနဲ့ ကြုံရရင်လည်း မေတ္တာထားပြီး သူတို့နဲ့ အပေးအယူ လုပ်ရင် ရပါတယ်၊ အခု ငါတို့က သူတို့အတွက် ကုသိုလ်ကောင်းမှုတွေ လုပ်ပေးနေမှတော့ သူတို့ကလည်း အနှောင့်အယှက် ဘယ်ပေးတော့ပါမလဲ"

"အင်း. . . ဒါလည်း ဟုတ်မှာပဲလေ"

"ငါ မင်းကို မေးတာက အဲ့ဒီအကြောင်း မဟုတ်ဘူးကွ"

"ဘယ်အကြောင်းလဲ အဘ"

"မင်းနဲ့ ဦးဘရှင်သမီးအကြောင်းကို မေးတာပါ"

"အခုထိတော့ ဘာမှ မထူးသေးပါဘူး အဘရဲ့၊ လုပ်ဖော်ကိုင်ဖက် စီးပွားဖက်တစ်ဦးအနေနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံကြ





ရတာပဲ ရှိပါတယ်"

"လူဆိုတာ အနေနီးပြီး မြင်ပါများလာရင် သံယောဇဉ်တွယ်လာတတ်တယ်၊ တကယ်လို့များ မင်းမှာ ရည်စူးထားတဲ့ ချစ်သူမရှိသေးဘူးဆိုရင် အဲဒီမိန်းကလေးမျိုးကိုပဲ ရွေးစေချင်တယ်"

ဦးဇန်ကောင်းထံမှ ထူးထူးခြားခြား ကြားရသောစကားကြောင့် အံ့သြသွားလေသည်။

"ဘာဖြစ်လို့လဲ. . . ဟင်"

"ဘဝတစ်ခု ထူထောင်တော့မယ်ဆိုရင် ကိုယ်ဖြစ်ချင်တာကိုချည်း မကြည့်ဘဲ ဖြစ်သင့်တာကိုပဲ ရွေးချယ်သင့်တယ်၊ ရေရှည် လက်တွဲသွားနိုင်မယ့်အဖော်မျိုးပဲ ဖြစ်သင့်တာပေါ့"

နီမောင်က ဘာမှပြန်မပြောဘဲ ကွင်းပြင်များ ရှိရာဘက်သို့ လှမ်းမျှော်ကြည့်နေသည်။

"သူ့နာမည်က ဘယ်သူတဲ့လဲ"

"ခင်ခင်လေးတဲ့"

"ခင်ခင်လေးဆိုတဲ့ မိန်းကလေးဟာ ငါသိသမျှတော့ ဦးဘရှင်ရဲ့တစ်ဦးတည်းသောသမီးပဲ၊ မိဘတွေ မရှိတော့ရင် ဒီဆန်စက်ကြီးကို သူပဲ ဆက်လုပ်ရမှာ၊

အဲဒီအချိန်ကျရင် သူတစ်ယောက်တည်းနဲ့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘဝလက်တွဲဖော် အားကိုးရတဲ့လူတစ်ယောက်ကတော့ သူ့အတွက် မုချလိုမှာပဲ၊ အခုကာလကတော့ နဖူးသိုက်တူးချင်တဲ့လူတွေ များတာဆိုတော့ တော်ရုံနဲ့တော့ ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ဒီတော့ ကျွန်တော်က ဘာလုပ်သင့်ပါသလဲ"

"မင်းအနေနဲ့ စိတ်အလိုမလိုက်ဘူးဆိုရင်တော့. . . မင်းတို့ လူငယ်စကားနဲ့ ပြောရမယ်ဆိုရင်တော့ နှလုံးသားအလိုကို မလိုက်ဘဲ ဘဝအတွက် လုပ်သင့်တာကို လုပ်မယ်ဆိုရင်တော့ မင်း ခင်ခင်လေးကိုပဲ လက်ထပ်ရမှာပေါ့"

"အဘပြောတဲ့အတိုင်း ကျွန်တော်က လက်ထပ်ချင်တယ်ပဲ ထားပါဦး၊ သူ့ဘက်က လက်ခံပေးမှ ဖြစ်မှာမဟုတ်လား"

"နီမောင်ရယ်. . . မင်း အတော့်ကို အ,သေးတာပဲကိုး၊ အလုပ်အကိုင် လုပ်တဲ့နေရာမှာ တော်သလောက် ဒီဘက်မှာတော့ အတော့်ကို ညံ့သေးတာပဲ၊ ငါကတော့ မင်းတို့အခြေအနေကို သိပ်မသိပါဘူး၊ ဒါပေမယ့် မင်းတို့နှစ်ယောက်က လုပ်ငန်းလည်း တူတယ်၊ အခုဆိုရင် အဆင့်အတန်းလည်း တူတယ်၊ နီးစပ်မှုလည်း ရှိနေကြပြီဆိုတော့ မင်းဘက်က ကြိုးစားဖို့ပဲ လိုတော့တာပေါ့ကွာ"

ဟု ပြောလိုက်ရာ နီမောင်လည်း ဦးဇန်ကောင်းအား နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

လမ်းတလျှောက်လုံးမှာတော့ ဦးဇန်ကောင်း ပြောလိုက်သော စကားသံများက ပဲ့တင်ထပ်လျက် ပါလာတော့သည်။

သူ့အနေနှင့် ထိုစကားများကြောင့် ယခုမှပင် ခင်ခင်လေးနှင့် ပတ်သက်သည့်အကြောင်းများက အတွေးထဲ ရောက်လာခဲ့ခြင်းဖြစ်သည်။





ယခင်အချိန်များက သူ့အတွေးထဲ ရောက်နေခဲ့သူကတော့ မြဝင်းသူပင်ဖြစ်သည်။

မြဝင်းသူနှင့် အနေနီးစပ်ခဲ့ရာမှ စိတ်ထဲမှာ သံယောဇဉ်တွယ်နေမိခဲ့ခြင်းဖြစ်သည်။

ရာဇဝင်မြစ်ထဲမှာ လှေတစ်စင်းနှင့် နှစ်ယောက်သွားခဲ့ကြစဉ်က သူ့နှလုံးသားမှာ လှုပ်ရှားခဲ့သောအရာများကို အချစ်ဟု ထင်နေခဲ့သည်။

နီမောင့်အနေနှင့် အချစ်နှင့်ပတ်သက်ပြီး အတွေ့အကြုံ နည်းခဲ့သေးပေ။

သို့ကြောင့် အတွေ့အကြုံအသစ်များကိုပင် အချစ်ဟု နှလုံးသားမှ ထင်နေခဲ့ခြင်းဖြစ်ပေသည်။

သို့သော်လည်း သူ့အနေနှင့် ထိုအကြောင်းများကို ဦးစားပေးအနေဖြင့် မစဉ်းစားနိုင်သေးပေ။

ဆန်စက်အလုပ်များနှင့် ဦးဇန်ကောင်း ဘုရားတည်နေသည့်အလုပ်များကို ဝိုင်းဝန်းအကူအညီပေးရန်သာ အရေးကြီးပေသည်။

ဦးဇန်ကောင်းအနေနှင့်လည်း ဆန်စက်ဝယ်ယူစဉ်က နာမည်ခံထားသော်လည်း တစ်ချက်ကလေးမှ လှည့်မကြည့်နိုင်ပေ။

နီမောင်နှင့်သာ လွှဲထားပြီး သူကတော့ ဘုရားတည်နေရာမှာသာ နေ့ရောညပါ နေပြီး လုပ်ကိုင်နေရလေသည်။

သို့ကြောင့်လည်း လူအား၊ ငွေအားဖြင့် အင်တိုက်



www.burmeseclassic.com

www.burmeseclassic.com



အားတိုက် လုပ်ကြခြင်း အကျိုးကျေးဇူးကြောင့် ရက်ပိုင်းလ
မှာပင် စေတီတည်ခြင်းကိစ္စ ပြီးစီးအောင်မြင်ခဲ့လေသည်။

(၁၈)တောင် စေတီတော်ဖြစ်ပြီး ထုံးသက်နန်း ကပ်
ထားသည်။ ထီးတော်ကိုတော့ ရွှေဆိုင်းများဖြင့် ရွှေချထား
သည်။

ဌာပနာတိုက်ထဲမှာတော့ နေရာအသီးသီးမှ လာရော
လှူဒါန်းကြသော ရွှေငွေရတနာပစ္စည်းများကို ထည့်သွင်းလို
လေသည်။

စေတီတော် တည်ပြီးသောအခါ ရေနန်းရွှေစင်မှ အဘ
ကြီး ရောက်လာပြီး ဤသို့ပြောသည်။

"မိတ်ဆွေကြီးအနေနဲ့ စေတီတည်ပြီးတဲ့အခါမှာ ကျ
တို့အတွက် အကာအကွယ်ရအောင် တစ်ခုတော့ လုပ်ပေး
ချင်ပါတယ်"

"ဘာများလုပ်ပေးရမလဲ. . . ပြောသာပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ စေတီတော်ရဲ့အရှေ့ဘက်
မုခ်ကို ရာဇူတိုင်ချောင်း ရှိတဲ့ မြောက်ဘက်မှာ ထားပေးစေချင်
တယ်"

"ကောင်းပါပြီ"

"မြောက်ဘက်မုခ်ပေါက်ဝမှာ မြစ်စောင့်နတ်သားရုပ်
ထားပေးပါ"

ဦးဖန်ကောင်းက စာရွက်နဲ့ ရေးမှတ်ထားလေသည်။

"အရှေ့ဘက်မုခ်ပေါက်ဝမှာ သိကြားမင်းရုပ် ထားပေ





ပါ"

"ဟုတ်ပါပြီ"

"တောင်ဘက်မုခ်ပေါက်ဝမှာ ငါးရုပ်တစ်ခု လုပ်ပေးပါ၊
အနောက်ဘက်မုခ်မှာတော့ ဘီလူးရုပ်တစ်ခု လုပ်ပေးပြီး စေတီ
တော်ရဲ့ဘွဲ့အမည်ကိုတော့ 'ရေနန်းရွှေစင်စေတီတော်' လို့ပဲ ပေး
ပါဗျာ"

"ကောင်းပါပြီ. . . မိတ်ဆွေကြီးတို့ အလိုဆန္ဒရှိတဲ့
အတိုင်း လုပ်ပေးပါမယ်"

"ကျေးဇူးတင်ပါတယ်ဗျာ. . . ကျုပ်တို့လည်း နေရာရွှေ့
ပြောင်းဖို့ စီစဉ်ကြရဦးမယ်"

"ဘယ်နေရာကနေ ဘယ်နေရာကို ပြောင်းမှာပါလဲ"

"ကျုပ်တို့ အခုရှိနေတဲ့နေရာက မိတ်ဆွေကြီးတို့ ဆန်
စက်ရှိတဲ့ ပုဏ္ဏက,ကုန်းမှာပါ၊ အခု ဘုရားတည်ပြီးသွားပြီဆိုတော့
ဘုရားရှိတဲ့နေရာရဲ့အောက်ဘက်ကို ရွှေ့ပြောင်းရမှာပါ။

မိတ်ဆွေကို တစ်ခါတည်း အသိပေးသွားပါမယ်၊ မိတ်
ဆွေကြီးတို့က ဘယ်တော့ ဘုရားထီးတော်တင်မှာပါလဲ"

"လာမယ့် လပြည့်နေ့မနက်ပိုင်းမှာ တင်လှူမှာပါ"

"ဒီလိုဖြင့် ကျုပ်တို့က လပြည့်နေ့ညဘက်မှာပဲ နေရာ
ရွှေ့ကြမှာပါ၊ အဲဒီနေ့ရောက်ရင် မိတ်ဆွေကြီးမြင်သာအောင်
ပြပါမယ်၊ တံတားထိပ်ကနေ ထွက်ကြည့်ပါ"

"ကောင်းပါပြီ. . . စောင့်ကြည့်ပါမယ်"

ဟု ပြောလိုက်သောအခါ အဘိုးကြီးလည်း ပျောက်ပစ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ပြန်သွားလေသည်။

ထို့နောက်မှာတော့ စေတီတော်တည်ခြင်း ကိစ္စပြီးသွားသောအခါ ၎င်းတို့ မှာကြားသွားသည့်အတိုင်း မြောက်ဘက်မုခ်ပေါက်ဝမှာ နတ်ရုပ်၊ အရှေ့ဘက်မုခ်ပေါက်ဝမှ သိကြားရုပ်၊ အနောက်ဘက်မုခ်၌ ဘီလူးရုပ်နှင့် တောင်ဘက်မုခ်ပေါက်ဝတွင် ငါးရွှေးရုပ်ကြီးများကို အင်္ဂတေကျောက်သားဖြင့် အခိုင်အခန့် ပြုလုပ်ပေးလိုက်လေသည်။

လပြည့်နေ့ ရောက်သောအခါ ရွှေထီးတော် တင်လှူပွဲကျင်းပပြီး ရေစက်ချ အမျှဝေပေးလိုက်လေတော့သည်။





## အခန်း။၁၇။

# ရွှေလောင်းကိုးစီး
# ငွေလောင်းကိုးစီး

လပြည့်နေ့ည၏ညဦးလရောင်က တိမ်ဖြူကင်းစင်စွာဖြင့် ထွန်းလင်းတောက်ပလျက်ရှိနေလေသည်။

တသွင်သွင် စီးဆင်းနေသော ရာဇူတိုင်မြစ်ရေပြင်ပေါ်မှာ ငွေရောင်တလက်လက် တောက်ပလျက်ရှိနေလေသည်။

ညဦးပိုင်းအချိန် ကျော်လွန်သွားသောအခါ မြစ်တွင်း၌လေှအသွားအလာ မရှိတော့သလောက် ရှင်းလင်းသွားပြီး ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် ကျောင်းတံတားနှင့် မနီးမဝေး ပိတောက်ပင်ကြီးအောက်သို့ လူနှစ်ယောက် ရောက်လာကြသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ပင်ဖြစ်ပေသည်။ ၎င်းတို့နှစ်ယောက်သည် ပိတောက်ပင်ကြီးအောက်သို့ ရောက်သောအခါ ငြိမ်သက်စပြုနေပြီဖြစ်သော မြစ်ရေပြင်ရှိရာသို့ စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

ထိုအချိန်တွင် သူတို့နှင့် မဝေးလှသောနေရာလောက်ဆီမှ လူသံသူသံများ ကြားလာရသည်။

ထို့ပြင် ကြေးစည်သံ၊ မောင်းထုသံများပါ ကြားရပြန်သည်။ နှစ်ယောက်သား အသံများ ကြားရသောနေရာ ရှိရာဘက်သို့ လှမ်းကြည့်ကြသောအခါ မီးရောင်အချို့ကို မြင်ရသည်။

မီးရောင်များမှာ အရေအတွက် များပြားလှသည်။

သူတို့ ရှိနေသောနေရာမှ လှမ်းကြည့်လျှင် မဝေးလှသောကြောင့် ကမ်းစပ်တဝိုက်မှာ လှုပ်ရှားသွားလာနေကြသည့် လူအများ၏ပုံရိပ်များကို မသဲမကွဲ လှမ်းမြင်နေကြရသည်။

အတန်ကြာသောအခါ လှေကြီးများ ထွက်ကာနီးသောအခါ ကြားရလေ့ရှိသည့်အသံများကို ကြားလာရသည်။

"ရိုးလေလေ့. . . ရိုလေလေ့"

"ရိုးလေလေ့. . . ရိုလေလေ့"

ထိုအသံများနှင့် မရှေးမနှောင်းမှာပင် လှေခတ်ရာမှပေါ်ထွက်သော ခတ်ကွင်းမြည်သံများပါ ကြားကြရသည်။

"ကျွိ. . ကျွိ. . ကျွိ. . . ကျွိ"





"ရိုးလေလေ့. . . ရိုလေလေ့"

အတန်ကြာသောအခါ လှေပေါ်တွင် မီးရောင်များ ထိန်လင်းနေသောလှေကြီးများ တစ်စင်းပြီးတစ်စင်း အပေါ်သို့ ဆန်တက်လာကြလေသည်။

ခတ်ကွင်းမြည်သံများ၊ ခတ်တက်များ ရေနှင့် ထိသံများ၊ ညာသံပေးသံများပါ တဖြည်းဖြည်း နီးလာကြသည်။ သူတို့နှင့် မဝေးလှသောနေရာသို့ ရောက်သောအခါမှ လှေကြီးများမှာ ရှေးခေတ်က အသုံးပြုခဲ့သော လောင်းလှေကြီးများဖြစ်ကြကာ စုစုပေါင်း(၁၈)စင်းတိတိ ရှိလေသည်။

ထို့ကြောင့် အရှေ့အနောက် တန်းစီသွားနေကြပုံများကို အမျှော်ကြီး မြင်နေရခြင်းဖြစ်သည်။

ထိုလှေကြီးများပေါ်မှာ လူပေါင်းများစွာ လိုက်ပါလာကြပြီး ဆီမီးတိုင်ကြီးများ ထိန်နေအောင် ထွန်းထားသောကြောင့် လှေပေါ်မှာရော ရေပေါ်မှာပါ လင်းထိန်နေသည်။

လှေပေါ်မှာ လူပေါင်းများစွာ ပါလာကြသလို ရွှေရောင်ငွေရောင် တောက်ပနေသော ရှေးခေတ်သုံး သေတ္တာကြီးများကိုလည်း တန်းစီတင်ထားလေသည်။

မနီးမဝေး ရောက်လာသောအခါမှ ရွှေရောင်တောက်ပနေသည့် လောင်းလှေကြီးက ကိုးစီး၊

ငွေရောင်တောက်ပနေသော လောင်းလှေကြီးက ကိုးစီးဖြစ်ကြောင်း တွေ့ကြရသည်။

ဆီမီးတိုင်များမှာ အလင်းရောင်များက လှေပေါ်မှသာ



www.burmeseclassic.com

မကာဘဲ ပတ်ဝန်းကျင်ပါ လင်းထိန်နေရုံမက ရေပြင်ပေါ်ကိုပါ နေ့အချိန်အတိုင်း မြင်ကြရလေသည်။

ထိုလှေကြီး(၁၈)စင်းမှာ ကမ်းနှင့်ဝေးဝေးမှ လာနေခြင်း မဟုတ်ဘဲ ကမ်းနှင့်နီးနီး ထိုးဝါးတစ်ပြန် အကွာအဝေးမှ လာနေကြခြင်းဖြစ်သဖြင့် ထိုမျှ အတိုင်းသား မြင်နေကြရခြင်းဖြစ်သည်။

ဒါတင်မကသေးဘဲ လောင်းလှေကြီးများ စီတန်းလျက် တရွေ့ရွေ့ ဆန်တက်လာပုံမှာ ရှေးခေတ်က ရှင်ဘုရင်များ ဖောင်စကြာများနှင့် တိုင်းခန်းလှည့်လည်သည်နှင့် ပုံသဏ္ဌာန်တူလှပေသည်။

ထူးဆန်းသောအချက်မှာ. . .

ချောင်းရိုးတလျှောက်မှာ မီးရောင်က ထိန်ထိန်၊ မောင်းသံ ကြေးစည်သံများ ဆူညံစွာဖြင့် ဆန်တက်လာသောလှေကြီးများကို ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းတလျှောက်မှာ နေကြသောသူများ တစ်ဦးတစ်ယောက်မှ ထွက်ကြည့်နေကြခြင်း မရှိကြပေ။

တရွေ့ရွေ့ ဆန်တက်လာသောလှေကြီးများက နီမောင်းတို့ ရှိနေသောကမ်းထိပ်နှင့် တည့်တည့်နေရာသို့ ရောက်လာကြလေသည်။

ထိုအခါမှ အံ့ဩဖွယ်ကောင်းသောမြင်ကွင်းကို ထပ်မံမြင်တွေ့ကြရပြန်သည်။

အခြားမဟုတ်ပေ. . .။

ရှေ့ဆုံးမှ လာနေသော ရွှေလောင်းလှေကြီး၏ ရှေ့တည့်တည့်ရေအောက်တွင် ကြီးမားလှသောငါးကြီးတစ်ကောင်





က တရွေ့ရွေ့နှင့် သွားနေခြင်းဖြစ်သည်။

ထိုငါးရွှေကြီး၏အရွယ်အစားမှာ လောင်းလှေကြီးများလောက် အရွယ်အစား ကြီးမားလေသည်။

ကြည်လင်နေသောရေပြင်ပေါ်မှ ရုပ်ပြီး ကူးလာသောကြောင့် ထင်ထင်ရှားရှားပင် တွေ့နေရသည်။

ငါးရွှေကြီး၏ကြီးမားသော ဦးခေါင်းအပေါ်တည့်တည့်တွင် ဘီလူးရုပ်ကြီး ရှိနေသည်ကို လှမ်းမြင်ကြရသည်။

ဘီလူးမျက်နှာကြီးမှာ ဦးခေါင်းနှင့်အပြည့်ရှိသည်။

ရေအောက်မှာပင် ဖြစ်လင့်ကစား မျက်လုံးနှစ်လုံးမှာ နီရဲနေလေသည်။

ထိုငါးရွှေကြီး လွန်သွားသောအခါ ရှေ့ဆုံးမှ လာသော ရွှေရောင်တောက်ပနေသည့် လောင်းလှေကြီးပေါ်တွင် ၎င်းတို့ထံသို့ မကြာခဏ ရောက်လာလေ့ရှိသော ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးကို တွေ့ရသည်။

၎င်းက လှေဦးမှာ လက်ပိုက်ကာ ရပ်နေသည်။

သူ့နောက်မှာတော့ ဘုန်းကြီးဦးသောမအား ရွှေငွေရတနာများ လာရောက်လှူဒါန်းသွားသော အမျိုးသမီးက ရပ်နေသည်။ ၎င်းတို့နှစ်ယောက်နောက်မှာတော့ ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားကြသော ရဲမက်များနှင့် ခြွေရံသင်းပင်းမြောက်များစွာတို့ ရှိကြလေသည်။

၎င်းတို့နှစ်ယောက် ရပ်နေသော တံတားအနီးသို့ ရောက်သောအခါ လှေဦးမှာ ရပ်နေကြသော အဘိုးကြီးနှင့်

www.burmeseclassic.com

အမျိုးသမီးတို့နှစ်ယောက်က လက်ပြနှုတ်ဆက်သွားကြလေရာ နီမောင်နှင့်ဦးဇန်ကောင်းတို့ကလည်း ပြန်၍နှုတ်ဆက်လိုက်ကြလေသည်။

ထို့နောက်မှာတော့ ၎င်းတို့နှစ်ယောက် ကြည့်နေသော မြင်ကွင်းမှ လှေကြီးများရော မီးရောင်များပါ ပျောက်ကွယ်သွားလေတော့သည်။

ကြေးစည်သံ၊ မောင်းထုသံများလည်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

နီမောင်နှင့်ဦးဇန်ကောင်းတို့လည်း တံတားထိပ်မှာ အတန်ကြာအောင် ရပ်နေပြီးမှ ပြန်တက်ခဲ့ကြလေသည်။

နောက်ရက်များမှာတော့ ဘုရားပွဲတော် ကျင်းပ ပြုလုပ်ရာ မော်ကျွန်းမြို့မှ အောင်သန်းညွှန့်ဇာတ်အဖွဲ့၊ ခေတ်ဆန်းတင်ဇာတ်အဖွဲ့များ တလှည့်စီ ဝင်ရောက်ကပြရုံမကဘဲ ဗိုလ်ကေစိန်ဆိုင်းအဖွဲ့၊ ဇလွန်ဆိုင်းအဖွဲ့၊ ဗိုလ်ကေသောင်းဆိုင်းအဖွဲ့တို့လည်း အလှည့်ကျ လာရောက်ဖျော်ဖြေကြရာ များစွာစည်ကားလှသည်။

မြို့ပေါ်မှာရော တောရွာများကပါ လှေတစ်တန် လှည်းတစ်တန်ဖြင့် လာရောက်ကြလေသည်။

ထိုပွဲတော်တွင် စိတ်မနှံ့ဖြစ်နေသော စံခင်ပါ ရောက်လာပြီး သီချင်းဆို၍ ကခုန်နေလေတော့သည်။

" သပြေညို တစ်ခေတ်ဆန်းပေါ့
ပွင့်လန်းတဲ့ ငါတို့ပြည်ရွာ





အေးချမ်းသာယာ
ဗမာပြည် သာစေကြောင်းရယ်နဲ့
သဟာဆွေ မာစေကြောင်းရယ်နဲ့
ကောင်းနိမိတ်အဖြာဖြာ. .
ငါလည်းပဲ ပျော်လိုက်တာ. .
သူလည်းပဲ ပျောက်လိုက်တာဗျ. .
အလိုဗျာ. . .
ရေအောက်က ငါးကြီးသွားက ခပ်ဖြိုးဖြိုး. . .
ဆန်စက်အောက်က ငါးဘီလူး၊ သူ့မျက်လုံးက ပြူးပြူး
အရှုးစံဖေ. . တွေ့ဖူးသဗျ. .
အရှုးစံဖေ တွေ့ခဲ့ဖူးတယ်ဗျာ. .
ငါတို့တတွေ အခြေအနေကောင်းလို့. .
လှေလောင်းနဲ့ ပြောင်းကြပြီဗျို့. .
ကျုပ်တို့တတွေ အခြေအနေကောင်းလို့. .
ရွှေလောင်းနဲ့ ပြောင်းကြပြီဗျို့. .
ကောင်းနိမိတ်ပါတဲ့ဗျား. . အား. . ဟား. . ဟား. . "

စံဖေမှာ သွက်သွက်လည်အောင် ရူးနေသော အရူးတစ်ယောက်တော့ မဟုတ်ပါပေ။

ဆာမိဆိုသူ အဖော်တစ်ယောက်နှင့် မော်ကျွန်းဘက် ကမ်းသို့ ရပ်ရှင်သွားကြည့်ရာမှ အပြန်တွင် ရေထဲမှ ကူးပြန်ခဲ့ရာ ဆာမိမှာ ငါးကိုက်ခံရသောကြောင့် ကိုယ်တစ်ပိုင်းပြတ်၍ သေဆုံးသွားခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှစပြီး စံဖေမှာလည်း စိတ်မနှံ့သူဘဝ ရောက်သွားခဲ့ရရှာသည်။

ယခု ဘုရားထီးတင်ပွဲမှာတော့ စံဖေမှာ အပျော်ကြီးပျော်ရွှင်နေပြီး ရောက်တတ်ရာရာသီချင်းများ ဆို၍ ကွေးနေအောင် ကနေလေတော့သည်။

သို့သော်လည်း ၎င်းအနေနှင့် ပါးစပ်ထဲမှာ တွေ့ကရာဆိုနေခြင်းဖြစ်သော်လည်း အဓိပ္ပါယ်သိသူများကတော့ ပြုံးနေကြလေသည်။

ဘုရားထီးတင်ပွဲရက် ပြီးသွားသောတစ်နေ့တွင် နီမောင်ရှိရာသို့ မြဝင်းသူတစ်ယောက် ရောက်လာသည်။ သူမအနေနှင့် မျက်နှာအတော်မကောင်းလှပေ။

"ကျွန်မတို့သားအဖ ရွာကို ပြန်ကြတော့မယ်၊ ဒါကြောင့် အစ်ကို့ကို လာပြီးနှုတ်ဆက်တာပါ"

ဟု အသံကတုန်ကယင်နှင့် ပြောလေရာ နီမောင်မှာ စိတ်မကောင်းဖြစ်မိသွားလေသည်။

"ဒီမှာ အလုပ်လုပ်ရတာ အဆင်မပြေလို့လား"

"ပြေပါတယ်. . . ဒါပေမယ့် ရွာပြန်ပြီးတော့ပဲ လုပ်ကိုင်စားသောက်ပါတော့မယ်"

ထိုသို့ပြောသောအခါ နီမောင်အနေနှင့် စိတ်မကောင်းဖြစ်ရုံမှလွဲပြီး တားပိုင်ခွင့်တော့ မရှိပါချေ။

ထို့နောက် မြဝင်းသူက မျက်ရည်ကလေးအဝိုင်းသားနှင့် နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။





"မင်းရင်ထဲက ခံစားမှုတွေကို အစ်ကိုနားလည်ပါတယ် မြဝင်းသူရယ်၊ ကိုယ်လည်း မင်းလိုပဲ ခံစားနေရပါတယ်၊ ဒါပေမယ့်. . ."

နီမောင့်အတွေးများက တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားလေသည်။

သံသရာခရီးတလျှောက်မှာ ကံစေရာအတိုင်း ကကြရပြီး လောကသဘာဝအတိုင်း ပြုလုပ်ကြရသည့် လူသားများအနေနှင့် ဘဝအနိမ့်အမြင့်၊ အပြောင်းအလဲ၊ တစ်ဆစ်ချိုး ဖြတ်သန်းကြရသော အခြေအနေများကိုတော့ နှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ၊ လက်ခံချင်သည်ဖြစ်စေ လက်မခံချင်သည်ဖြစ်စေ လက်ခံရသည်သာ ဖြစ်တော့သည်။

"အစ်ကို့ကို နားလည်ပေးပါတော့၊ အစ်ကို့အပေါ်မှာ ခွင့်လွှတ်ပေးပါတော့ မြဝင်းသူရယ်"

ထိုကဲ့သို့ ရင်ထဲမှာ တိုးညင်းစွာ ရေရွတ်နေသည်ကလွဲ၍ အခြားဘာမှမတတ်သာတော့ပါချေ။

နောက်ထပ်တစ်နှစ်ကြာသောအခါ မော်ကျွန်းမြို့ပေါ်မှာ ကြီးကျယ်သောမင်္ဂလာပွဲကြီး ကျင်းပပြုလုပ်ကြလေသည်။

သတို့သားမှာ နီမောင်ဖြစ်ပြီး သတို့သမီးမှာ ခင်ခင်လေးပင်ဖြစ်ပေရာ သူတို့နှစ်ဦးမှာ နေနှင့်လ ရွှေနှင့်မြပမာ လိုက်ဖက်လှသောစုံတွဲဖြစ်လာကြသည်။

"ကိုမောင်ကို မေးစရာရှိတယ်"

"ဘာမေးမှာလဲ ခင်ရဲ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"တခြားမဟုတ်ပါဘူး . . . ကျွန်မကို လက်ထပ်တာ လူကြီးတွေက သဘောတူ ပေးစားလို့ ယူရတာလားဟင်"

"လူကြီးတွေ သဘောကျတာလည်းတစ်ကြောင်း၊ ကိုမောင်ကိုယ်တိုင်ကလည်း နှစ်သက်သဘောကျလို့ လက်ထပ်ယူတာပေါ့ ခင်ရယ်၊ ဘာကြောင့် မေးတာလဲ"

"တခြားကြောင့် မဟုတ်ပါဘူး၊ လူကြီးတွေက အတင်းပေးစားလို့ မလွှဲသာလို့များ ယူခဲ့ရတာလားလို့ မေးကြည့်တာပါ"

ထိုစကားကြားသောအခါ နီမောင်က သဘောကျစွာ ပြုံးလိုက်လေသည်။

"တစ်ဦးနဲ့တစ်ဦး ဘဝခရီးတလျှောက်လုံး လက်တွဲသွားကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုယ်စီနဲ့ လက်ထပ်ကြတဲ့ကိစ္စမျိုးမှာ မလွှဲသာလို့ အားနာလို့ ဆိုတာတွေကြောင့်တော့ မဖြစ်သင့်ကြပါဘူး၊ ကိုမောင့်အနေနဲ့ ခင့်အပေါ်မှာ တကယ့်ကို မေတ္တာစစ်နဲ့ ချစ်ခဲ့မိပါတယ်"

"ဒါဖြင့် ကျွန်မကို ဘာကြောင့် စောစောကတည်းက ဖွင့်မပြောခဲ့တာလဲဟင်"

"အရမ်းပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ အရိပ်အကဲကို ကြည့်နေရသေးလို့ မပြောဖြစ်ခဲ့တာပါ"

"ကိုမောင်ရယ် . . . ကျွန်မဘက်က ဒီလောက်အခွင့်အရေးတွေ ပေးနေခဲ့တာကို ကိုမောင် မရိပ်မိဘူးလားဟင်"

"ကိုယ်ထင်တာနဲ့ တလွဲစီ ဖြစ်မှာလည်း စိုးရသေးတာကိုး"





"ကျွန်မကတော့ ဒီလိုမထင်ပါဘူး"

"ခင်က ဘယ်လိုထင်နေလို့လဲ"

"မသိဘူးလေ . . . မိန်းကလေးဘက်က ဒီလောက်အခွင့်အရေးပေးနေတာတောင် မလှုပ်တော့ အခြားသံယောဇဉ်တွေဘာတွေများ ရှိနေရော့သလားလို့ပါ"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"အမှန်ပြောရရင် သံယောဇဉ်တွယ်စရာ ရှိခဲ့ပေမယ့် ချစ်သူတော့ မဖြစ်ခဲ့ပါဘူး၊ တကယ်တော့ ကိုယ့်ဘဝမှာ ခင်က အချစ်ဦးဖြစ်သလို ကိုယ့်အတွက်တော့ ထာဝရ ခင်ပါပဲကွယ်"

ဟု ပြောလိုက်သောအခါ ခင်ခင်လေးမျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးကလေးများ ပေါ်လာပြီး နီမောင်လက်မောင်းတစ်ဖက်ကို အားကိုးစွာဖြင့် ဖက်တွယ်လာလေသည်။

နီမောင်က သူမ၏ကိုယ်ကလေးကို ထွေးဖက်ကာ ရင်ခွင်ထဲ သွင်းထားလိုက်လေသည်။

ချစ်သူနှစ်ယောက်အတွက် ယုံကြည်အားကိုးမှုဖြင့် တည်ဆောက်ခဲ့သော ဘဝခရီးလမ်းတလျှောက်မှာ မေတ္တာပန်းများ ထာဝစဉ် မညှိုးနွမ်းရအောင် ခိုင်မာသောသစ္စာရေဖြင့် သွန်းလောင်းကြရပေသည်။

ဤသည်ကပင် ချစ်သူတိုင်း၏ဘဝပေးတာဝန် ဖြစ်ပေတော့သည်။ နီမောင်နှင့် ခင်ခင်လေးတို့နှစ်ယောက်မှာလည်း အထက်ပါအချက်များဖြင့် ဘဝခရီးလမ်းကို တည်ဆောက်ကြမည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(ရွှေလောင်းကိုးစီး ငွေလောင်းကိုးစီး)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# တြိစတ္တ

စာပြီးချိန်။ ။ (၂၀၁၁)ခုနှစ်၊ ဧပြီလ(၂၅)ရက်၊
တနင်္လာနေ့၊ ည(၉)နာရီ။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com
www.burmeseclassic.com